# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် မတ်လအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ညှိနှိုင်း အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် *စာမျက်နှာ ၄ ကော်လံ ၁* ❖



ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် မတ်လအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


**ယနေ့ ဖတ်စရာ**

**သာသနာ့အန္တရာယ် မြန်မာမှန်လျှင် တားဆီးကာကွယ်** — ဆောင်းပါး — စာ - ၆

**ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ** — ပြည်တွင်းသတင်း — စာ - ၁၂

**အာဖဂန်နစ္စတန်မှ ထွက်ခွာလာသည့် လေယာဉ်များ အမေရိကန်သို့ ရောက်ရှိ** — နိုင်ငံတကာသတင်း — စာ - ၁၃

# ပြည်ပသွင်းကုန် လျှော့ချနိုင်ရေး သွင်းကုန်အစားထိုးထုတ်လုပ်မှု အားပေး

"ပြည်ပသွင်းကုန်များ လျှော့ချရေးနှင့် ပတ်သက်၍ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြည့်ပြည့်စုံစုံဖြင့် ဆောင်ရွက်ရန် လိုအပ်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရေးသည် မိမိတို့နိုင်ငံအတွက် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကုန်သွယ်မှုနှင့် ဘတ်ဂျက်လိုငွေများရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ များပြားအောင် ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရန်လိုကြောင်း" နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁) တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ပသွင်းကုန်များတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သော စက်ယန္တရားများ၊ နည်းပညာမြင့်ပစ္စည်းများ စသည့် မိမိတို့နိုင်ငံတွင် မထုတ်လုပ်နိုင်သေးသည့် ကုန်စည်များ ပါဝင်သလို အချို့သော စားသောက်ကုန်၊ လူသုံးကုန်များမှာ မိမိနိုင်ငံတွင် ထုတ်လုပ်နိုင်စွမ်းရှိသော ကုန်ပစ္စည်းများ၊ ထုတ်လုပ်လျက်ရှိသော ကုန်ပစ္စည်းများလည်း ပါဝင်သည်။ မိမိနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော ကုန်ပစ္စည်းမျိုးကို ပြည်ပမှ တင်သွင်းလာပါက ပြည်တွင်းထုတ်ကုန်ဈေးကွက်ကို ထိခိုက်စေခြင်းကြောင့် တင်သွင်းမှုကန့်သတ်ခြင်း၊ ထိန်းချုပ်ခြင်းတို့ကို အစိုးရများက ပြုလုပ်လေ့ရှိကြသည်။ သို့ဖြစ်ရာ နိုင်ငံခြားသုံးငွေလျှော့ချနိုင်ရေးနှင့် ပြည်တွင်းထုတ်ကုန်များကို ဈေးကွက်တွင် အကာအကွယ်ပေးနိုင်ရေးတို့အတွက် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြည်တွင်းထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရေးနှင့် ဈေးကွက်ဝယ်လိုအား ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးတို့ကို ဟန်ချက်ညီညီ ပြုလုပ်ကြရန်လည်း လိုအပ်သည်။

မိမိတို့နိုင်ငံ၏ ပြည်ပသွင်းကုန်များအနက် အခြေခံစားသုံးကုန်တစ်ခုဖြစ်သော ဆီမှာလည်း ပမာဏကြီးမားသည့် သွင်းကုန်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆီစားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် ၁ ဒသမ ၁ သန်းကျော်ရှိနေပြီး ပြည်တွင်းစားသုံးဆီထုတ်လုပ်မှု ပမာဏစုစုပေါင်းမှာ တန်ချိန် လေးသိန်းခန့်သာရှိနေသည်။ ပြည်တွင်းဆီ စားသုံးမှုလိုအပ်ချက်၏ ၆၀ မှ ၇၀ ရာခိုင်နှုန်းခန့်အထိကို မလေးရှား၊ အင်ဒိုနီးရှားကဲ့သို့သော စားအုန်းဆီထုတ်လုပ်သည့်နိုင်ငံများထံမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် စားသုံးဆီအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ပြည်တွင်းဆီစားသုံးမှုပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းရန်အတွက် ဆီအုန်းကဲ့သို့သော ဆီပမာဏအများအပြားထွက်ရှိနိုင်သည့် နှစ်ရှည်သီးနှံများကို သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ဆီအုန်းစိုက်ပျိုးရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧက ၃၉၁၀၀၀ ကျော် ခွင့်ပြုပေးထားကြောင်းနှင့် စိုက်ဧကအပြည့်အဝ စိုက်ပျိုးနိုင်ပါက ဆီတန်ချိန် ၄ ဒသမ ၅ သိန်းခန့် ထွက်ရှိနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။ ဆီအုန်းစိုက်ပျိုးရန် မြေဧကများရယူထားသည့် လုပ်ငန်းရှင်များအနေဖြင့် အမှန်တကယ် စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းဆီစားသုံးမှုကို အတိုင်းအတာတစ်ရပ်အထိ ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ရှိနေသည့် ရေ၊ မြေ သယံဇာတများကို အသုံးပြု၍ စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်ငန်းများ ဖော်ထုတ်လုပ်ကိုင်ရေး၊ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးများတွင် တည်ထောင်ထားပြီးဖြစ်သော စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများ လည်ပတ်ထုတ်လုပ်နိုင်ရေးတို့ကို အားပေးကူညီ ပိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များ လျှော့ချကာ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားနေရသည့် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေမည်ဟု ယုံကြည်ပါကြောင်း။ ။

## သီပေါ၌ အခြေခံ စားသောက်ကုန် အရောင်းဆိုင်များအား ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ရောင်းချရေး ကွင်းဆင်းဆောင်ရွက်

သီပေါ ဩဂုတ် ၂၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မိုင်းပွန်လမ်းတစ်လျှောက် ရောင်းချလျက်ရှိသော အခြေခံစားသောက်ကုန် အရောင်းဆိုင်များအား ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ရောင်းချရေး၊ ကုန်ဈေးနှုန်းများကောက်ခံခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ အဖွဲ့သည် အခြေခံစားနပ်ရိက္ခာ၊ ဆေးဝါးနှင့် မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများ မတန်တဆ ဈေးကြီးမြင့်မှု မရှိစေရေး၊ စက်သုံးဆီများ ပြတ်လပ်မှု မရှိစေရေး စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆန်၊ ဆီ၊ ပဲ စသည်များ ကြိုတင်ဝယ်ယူ သိုလှောင်ထားရှိရေး၊ အခြေခံကုန်ဈေးနှုန်း မကြီးမြင့်စေရေးအတွက် ဈေးကွက်အတွင်း ဝင်ရောက်စစ်ဆေးမှုများ ဆောင်ရွက်ရေး၊ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများအား ကပ်ထားစေရေး လိုက်နာဆောင်ရွက်မှု မရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း စသည့်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများ ရယူနိုင်မည့် တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09- 88 99 111 55 |
| ၂ | ကချင်ပြည်နယ် | 09- 66 101 55 55 |
| ၃ | ကယားပြည်နယ် | 09- 88 99 000 22 |
| ၄ | ကရင်ပြည်နယ် | 09- 88 99 000 33 |
| ၅ | ချင်းပြည်နယ် | 09- 98 00 00 104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09- 88 99 000 55 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09- 66 106 55 55 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09- 88 99 000 77 |
| ၉ | မကွေးတိုင်းဒေသကြီး | 09- 88 99 000 88 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09- 88 99 000 99 |
| ၁၁ | မွန်ပြည်နယ် | 09- 88 99 111 77 |
| ၁၂ | ရခိုင်ပြည်နယ် | 09- 88 99 111 88 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09- 66 112 55 55 |
| ၁၄ | ရှမ်းပြည်နယ် | 09- 88 99 111 33 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09- 66 114 55 55 |

## တပ်မတော်သားများနှင့် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

နေပြည်တော် ဩဂုတ် ၂၄

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်သားများနှင့် စေတနာရှင်အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ သဖန်းကိုင်းပရဟိတကျောင်း၌ ဖွင့်လှစ်ထားရှိသည့် ကိုဗစ်စင်တာသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်အလှူရှင်များကစုပေါင်းလှူဒါန်းသည့် Oxygen အိုး ၂၀၊ Oxygen Regulator ၁၀ ခု၊ အောက်ဆီဂျင်ပိုက် ၁၀ ချောင်း၊ PPE ဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ၅၀၀၀၊ လက်အိတ် အစုံ ၁၀၀၀၊ ပိုးသတ်ဆေးရည် ငါးဂါလန်ပုံး နှစ်ပုံး၊ ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများ၊ အလှူငွေကျပ် နှစ်သိန်းနှင့် နမ္မတူမြို့ရှိ မေတ္တာရှင် ပရဟိတအသင်းနှင့် မိတ်ဆွေကောင်း ပရဟိတအသင်းများသို့ အလှူငွေကျပ် ၁၀ သိန်းတို့ကို တိုင်းမှူးဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင်များဖြစ်ကြသည့် ကိုးကန့် လူမှုဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ Liquid Oxygen ၂၅ တန်ပါကား လေးစီး၊ Wilmar International Ltd (Singapore)မှ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ Oxygen Concentrators ၆၈ လုံး၊ Cannula ၆၈ ခု၊ O2 Mask ၆၈ ခု၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ KN 95 Mask ၂၀၀၀၀၀၊ Zwe kapin United F.C Coltd မှ ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ Enoxaparin သွေးကျဲဆေးအချောင်း ၁၀၀၀၊ ဦးရဲထွဋ်အောင်၊ ဒေါက်တာ ဖွဲ့မာန်အောင် Alibaba Amusement Co.Ltd မှ ငွေကျပ် ၁၂၅ သိန်းတန်ဖိုးရှိ Cylinder 40L ၅၀၊ Shwe Taung Development Co.Ltd မှ ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ Oxygen Concentrators ငါးလုံးနှင့် Telecon International Myanmar Co.Ltd(MyTel)မှ အလှူငွေကျပ် ၃၄၁၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သတင်းစဉ်

## နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင် ဆောင်ရွက်ရမည်

မိမိတို့အစိုးရအဖွဲ့ တာဝန်ယူရမည့်ကာလသည် အချိန်ကာလခဏသာဖြစ်သည်ကို တာဝန်ထမ်းဆောင်မှု ၆ လပြည့်မိန့်ခွန်းတွင် မိမိအနေဖြင့် ပြောကြားပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလသတ်မှတ်ခြင်းနှင့် ဆောင်ရွက်၍ မပြီးပါက ဥပဒေအရခွင့်ပြုနိုင်သည်များရှိသည်ကို အရေးပေါ်ကာလပြဋ္ဌာန်းချက်ဥပဒေအခန်းတွင် ပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့ အစိုးရ၏ စီမံခန့်ခွဲမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုအပေါ်တွင်မူတည်၍ လုပ်ငန်းရပ်များဆောင်ရွက်ရသည့် ကာလများ အပြောင်းအလဲဖြစ်လာနိုင်ကြောင်း၊ အချိန်ကာလအားဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်သည်ဆိုသော်လည်း ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးကိစ္စများအား မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ရွေးကောက်ပွဲအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၂ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးပုဒ်မ ၃၁၁ ၏ နောက်တွင် ပုဒ်မ ၃၁၁-က နှင့် ၃၁၁-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Of Genocide

311 A. Whoever, with intent to destroy, in whole or in part, a national, ethnical, racial or religious group:

(a) Kills members of the group; or

(b) Causes grievous hurt or serious mental harm to members of the group; or

(c) Deliberately inflicts on the group conditions of life calculated to bring its physical destruction in whole or in part; or

(d) Imposes measures, not in accordance with any existing laws, intended to prevent births within the group; or

(e) Forcibly transfers children of the group to another group, is said to have committed the offence of genocide.

311B.(1) Whoever commits the offence of genocide under subsection ( a ) of section 311 A, shall be punished with death and shall also be liable to fine.

(2) Whoever commits the offence of genocide under subsection ( b ), ( c ), ( d ), or (e) of section 311 A, shall be punished with imprisonment for life, and shall also be liable to fine."

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂၊ စာတိုင် ၁ ၌ပါရှိသော ရာဇသတ်ကြီးပုဒ်မ ၃၁၁ ၏ နောက်တွင် ပုဒ်မ 311 B ကို ဖြည့်စွက်ရမည်။

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ ၌ ရာဇသတ်ကြီးပုဒ်မ ၃၁၁-ခ နှင့်သက်ဆိုင်သည့် စာတိုင် ၁ တွင် "311 B" ဟူ၍လည်းကောင်း၊ စာတိုင် ၂ တွင် "(1) the offence of genocide under subsection (a) of section 311 A, (2) the offence of genocide under subsection (b), (c), (d) or (e) of section 311 A" ဟူ၍လည်းကောင်း၊ စာတိုင် ၃ တွင် "May arrest without warrant" ဟူ၍လည်းကောင်း၊ စာတိုင် ၄ တွင် "warrant" ဟူ၍လည်းကောင်း၊ စာတိုင် ၅ တွင် "Not bailable" ဟူ၍လည်းကောင်း၊ စာတိုင် ၆ တွင် "Not compoundable" ဟူ၍လည်းကောင်း၊ စာတိုင်(၇)တွင် "(1) death and shall also be liable to fine., (2) imprisonment for life, and shall also be liable to fine." ဟူ၍လည်းကောင်း၊ စာတိုင် ၈ တွင် "a Court of the Self-Administered Division or a court of the Self-Administered Zone or a District Court" ဟူ၍လည်းကောင်း အသီးသီးဖြည့်စွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် ဩဂုတ် ၂၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

မိုး/ဇလ

- ■ ယခုအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးကို ဆောင်ရွက်နေရပြီး စီးပွားရေးထိခိုက်မှုများ အနည်းနှင့်အများရှိသည့်အပြင် နိုင်ငံတော်၏အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများအပါအဝင် နိုင်ငံတော်ဝင်ငွေအချို့ လျော့နည်းကျဆင်းလျက်ရှိရာ လာမည့် ၆ လတွင်လည်း ရငွေများဆက်လက်လျော့နည်းနိုင်
- ■ သို့ရာတွင် နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို မဖြစ်မနေသုံးစွဲရမည်ဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ အသုံးစရိတ်များကို အတတ်နိုင်ဆုံး စိစစ်သုံးစွဲ
- ■ ဘတ်ဂျက်ကာလ ၆ လသာဖြစ်သည့်အတွက် ရငွေလျာထားချက်များသည် ၆ လအတွင်း အမှန်ရရှိနိုင်သော ရငွေများဖြစ်ရန်နှင့် အသုံးစရိတ်လျာထားချက်များသည် ၆ လအတွင်း အမှန်သုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ လျာထား

❖ရှေ့ဖုံးမှ

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ လွှတ်တော်ရုံးများနှင့် ဗဟိုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

**ပြန်လည်ပြောင်းလဲ ပြင်ဆင်သတ်မှတ်မည်**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀(ခ) အရ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများသည် နှစ်စဉ်ပုံမှန်မဖြစ်မနေ ပြဋ္ဌာန်းဆောင်ရွက်ရမည့် ဥပဒေကြမ်းများဖြစ်သည့် အားလျော်စွာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် ဘဏ္ဍာရေးနှစ်ကို ယခင်က နှစ်စဉ် ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ သတ်မှတ်ခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ပြန်လည်ပြောင်းလဲ ပြင်ဆင်သတ်မှတ်မည်ဖြစ်သည့်အတွက် ကြားကာလဘတ်ဂျက်အဖြစ် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ၆ လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲရခြင်းဖြစ်ကြောင်း။

ယခုအချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးကို ဆောင်ရွက်နေရပြီး စီးပွားရေးထိခိုက်မှုများ အနည်းနှင့်အများရှိသည့် အပြင် နိုင်ငံတော်၏ အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများအပါအဝင် နိုင်ငံတော်ဝင်ငွေအချို့ လျော့နည်းကျဆင်းလျက်ရှိရာ လာမည့် ၆ လတွင်လည်း ရငွေများဆက်လက် လျော့နည်းနိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို မဖြစ်မနေသုံးစွဲရမည် ဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏ အသုံးစရိတ်များကို အတတ်နိုင်ဆုံး စိစစ်သုံးစွဲသွားကြရန် တိုက်တွန်းလိုကြောင်း၊ ဘတ်ဂျက်ကာလ ၆ လသာဖြစ်သည့်အတွက် ရငွေလျာထားချက်များသည် ၆ လအတွင်း အမှန်ရရှိနိုင်သော ရငွေများဖြစ်ရန်နှင့် အသုံးစရိတ်လျာထားချက်များသည် ၆ လအတွင်း အမှန်သုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ လျာထားကြရန် လိုအပ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများက ရေးဆွဲတင်ပြလာသည့် ၆ လတာအတွက် အရအသုံးလျာထားချက်များအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း နိုင်ငံတော်က ချမှတ်ပေးထားသော မူဝါဒများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်တင်ပြလာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုကို တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများထပ်မနေရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က (၆)လအတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအတွက် ရေးဆွဲလျာထားပေးမှုအခြေအနေ၊ ရငွေရရှိရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းငွေစာရင်းများနှင့်စပ်လျဉ်း၍ စိစစ်ပြီးစီးမှုအခြေအနေနှင့် ပုံမှန်မဟုတ်သည့် အသုံးစရိတ်များအတွက် လျာထားရေးဆွဲထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားမှုများမှ စစ်ဆေးတွေ့ရှိချက်များနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်လေးခုတွင် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးစင်တာ တည်ဆောက်ရေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ဖွဲ့စည်းပုံတိုးချဲ့ဖွဲ့စည်းရေး၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်အတွင်းရှိ ကျိုင်းတောင်းရေလှောင်တမံ စီမံကိန်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးအတွက် ဘဏ္ဍာငွေတိုးမြှင့်ရရှိရေး စသည့်ဖြည့်စွက်တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အရအသုံးခန့်မှန်းခြေ လျာထားချက်အတွက် ဖြည့်စွက်တင်ပြသည့် ဝန်ကြီးဌာနများနှင့် ထပ်မံညှိနှိုင်းဆွေးနွေးရေး၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာငွေသုံးစွဲမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို သက်ဆိုင်ရာအကြီးအကဲများက စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးရေး၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလ မှ ၂၀၂၂ မတ်လအထိ (၆)လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်ရန်ရှိပါက ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးတင်ပြသည်။

**စနစ်တကျဖြင့် တင်ပြထား**

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများ၏ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆ လအတွင်း အရအသုံးခန့်မှန်းခြေငွေစာရင်း စိစစ်ခြင်းအစည်းအဝေးတွင် သက်ဆိုင်ရာ ဗဟိုအဆင့်၊ ဝန်ကြီးဌာနအဆင့် အသီးသီးတို့၏ တင်ပြချက်များနှင့် ပတ်သက်၍ အဆင့်ဆင့်သော အဖွဲ့အစည်းများက စိစစ်ပြီး စနစ်တကျဖြင့် တင်ပြထားသည်ကို တွေ့ရှိရကြောင်း၊ တင်ပြချက်ဆိုင်ရာများနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်က အတည်ပြုသည့်အခါ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ ၎င်းမှတစ်ဆင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆ လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသွားမည်ဖြစ်ကြောင်း။

ဥပဒေပြဋ္ဌာန်းပြီးသည့်အခါ ဝန်ကြီးဌာနများအနေဖြင့် ရငွေများကို လျာထားချက်အတိုင်း အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့ခွဲဝေရရှိသည့် ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ကို အထောက်အကူပြုစေသည့် အသုံးစရိတ်များ၊ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲကြရန်လိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများက တင်ပြတောင်းခံကြသည့် အသုံးစရိတ်များတွင် ပုံမှန်လိုအပ်သည့် အသုံးစရိတ်များအပြင် ကုန်ထုတ်လုပ်မှုကို အကျိုးပြုစေမည့်စက်ရုံများ ပြန်လည်လည်ပတ်ရေးအတွက် အသုံးစရိတ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးနှင့် ပတ်သက်သည့် အသုံးစရိတ်များ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပြည်ပချေးငွေ/ပြည်ပအကူအညီရငွေတို့ဖြင့် ဆောင်ရွက်မည့် အသုံးစရိတ်များ ပါဝင်နေသည်ကိုလည်း တွေ့ရှိရကြောင်း။

ဘတ်ဂျက်စက်ဝန်းအရ ယခုကဲ့သို့ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ၆ လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲဆောင်ရွက်တင်ပြနေချိန်တွင် ၂၀၂၀ -၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်ကို အပြီးသတ်အကောင်အထည်ဖော်ရမည့်အချိန် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကပ်ရောဂါစိန်ခေါ်မှုများနှင့် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အရ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ရှိနေသော်လည်း ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ရငွေလျာထားချက်များ အတတ်နိုင်ဆုံး ပြည့်မီရေး၊ ခွင့်ပြုပြီးအသုံးစရိတ်များ အချိန်မီသုံးစွဲနိုင်ရေး၊ အချိန်မီသုံးစွဲနိုင်ခြင်းမရှိသည့် အသုံးစရိတ်များကို သတ်မှတ်ချိန်အတွင်း ပြန်လည်အပ်နှံခြင်းတို့ကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**အစွမ်းကုန် ကြိုးပမ်းအားထုတ်**

ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ ဝင်ငွေရရှိရေးအတွက် ကြိုးပမ်းဆောင် ရွက်နေကြရသည့် ဝန်ကြီးဌာနများရှိသကဲ့သို့ မဖြစ်မနေ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ စသည့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကိုယ်စားသုံးစွဲရသည့် ဝန်ကြီးဌာနများလည်းရှိကြောင်း၊ ကိုဗစ်ကပ်ရောဂါနှင့် အထွေထွေစိန်ခေါ်မှုများကြောင့် ဝင်ငွေရှာဖွေရာတွင် အခက်အခဲအနည်းနှင့် အများရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် မလျှော့သောဇွဲ၊ စုပေါင်းအားဖြင့် အခြေအနေပေးသည့်အပေါ်တွင် ရနိုင်သည့်ဘက်မှ မဖြစ်မနေ မိမိတို့ဝန်ကြီးဌာနအလိုက် သတ်မှတ်ပေးထားသည့် လျာထားဝင်ငွေများ ရရှိအောင် အစွမ်းကုန် ကြိုးပမ်းအားထုတ်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ အလားတူ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရမည့် ဝန်ကြီးဌာနများအနေဖြင့်လည်း မဖြစ်မနေ သုံးစွဲရမည့် အသုံးစရိတ်များမှအပ အတတ်နိုင်ဆုံး ချွေတာသုံးစွဲကြရန်လည်း မှာကြားလိုကြောင်း၊ ဝင်ငွေရှာဖွေခြင်းနှင့် သုံးစွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိရသည့် အချက်များအနက် အများဆုံးအားနည်းချက်တွေ့ရှိရသည့် အချက် ၉ ချက်အပြင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အတတ်နိုင်ဆုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အတူ လာမည့် ၆ လတွင်လည်း ဥပဒေပါရငွေ၊ သုံးငွေလျာထားချက်များကို နီးစပ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**ချိတ်ဆက်တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဘဏ္ဍာရေးနှစ်အား ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်ရန် ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်မည်ဖြစ်သည့်အတွက် လက်ရှိဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်နောက်ပိုင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆) လအတွက် ဘတ်ဂျက်အား ကြားကာလဘတ်ဂျက်အဖြစ် ရေးဆွဲဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ချမှတ်ဆောင်ရွက်ရသည့် ကန့်သတ်ချက်၊ တားမြစ်ချက်များအရလည်းကောင်း၊ နိုင်ငံရေး အဖျက်အမှောင့်လုပ်ရပ်များကြောင့် လည်းကောင်း နိုင်ငံတော်၏ စီးပွားရေး လည်ပတ်မှုအပေါ် ထိခိုက်မှုရှိခဲ့ပြီး နိုင်ငံတော်၏ အခွန်အကောက်ရငွေများ ကျဆင်းခဲ့ကြောင်း၊ မိမိတို့ အိမ်စောင့်အစိုးရအဖွဲ့အနေဖြင့် မည်သို့ပင် စိန်ခေါ်မှုများရှိစေကာမူ ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**အလေးပေးဆောင်ရွက်**

(၆)လ ဘတ်ဂျက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ပေးမည့်ငွေနှင့် မိမိတို့ဒေသအလိုက် ရရှိသည့်ရငွေများ စုပေါင်း၍ မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ကိုဗစ်ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ၊ ပြည်သူများအား တိုက်ရိုက်အကျိုးဖြစ်စေမည့် လမ်း၊ တံတား၊ လျှပ်စစ်၊ ရေစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးပြုစေနိုင်မည့် အသုံးစရိတ်များအား အလေးပေးဆောင်ရွက်ပေးကြစေလိုကြောင်း။

လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်၍ မပြီးပြတ်သေးသည့် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ပြည်သူများအဓိကလိုအပ်နေသည့်လုပ်ငန်းများကို ဦးစားပေးအလိုက် လျာထားပြီး ဆောင်ရွက်ရန်လိုကြောင်း၊ (၆)လအတွက် ရေးဆွဲသည့်ဘတ်ဂျက်ဖြစ်သဖြင့် လျာထားသည့် အသုံးစရိတ်များကိုသတ်မှတ်ကာလအတွင်းပြီးပြတ်အောင် သုံးစွဲ နိုင်ရန် အထူးအရေးကြီးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသန္တရစီမံကိန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများ၏ ကဏ္ဍများအလိုက် စီမံကိန်းများနှင့်ချိတ်ဆက်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ပြည်ပချေးငွေ၊ အကူအညီရငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည့်အပြင် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဖော်ထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဦးစားပေးဆောင်ရွက်သင့်သည် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ (၆)လအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းငွေစာရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရငွေ၊ သုံးငွေစာရင်းများ၊ လျာထားမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍ စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘဏ္ဍာငွေရေးဆွဲမှု၊ ဆက်လက်အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

**အောင်မြင်စွာ ကျော်လွှားနိုင်**

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုခွဲဝေပေးသည့် ၆ လပတ်သည် ကြားဖြတ်ကာလ ဘတ်ဂျက်ဖြစ်သည်နှင့်အညီ မိမိတို့ရငွေအပေါ်တွင် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုထောက်ပံ့ငွေများဖြင့် ပေါင်းစပ်၍ သုံးစွဲရခြင်းဖြစ်ကြောင်း၊ ယခုကာလအတွင်း မိမိတို့ အိမ်စောင့်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာနည်းတူ ကိုဗစ် -၁၉ ကပ်ရောဂါဆိုးကြောင့် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ကျော်လွှားနေရကြောင်း၊ ထိုသို့ ရင်ဆိုင်ကျော်လွှားရာတွင် အဓိကအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ခက်ခဲစေသည့်၊ ယိုင်လဲစေသည့်အပြင် ပြည်သူတို့၏လူမှုစီးပွားဘဝထိခိုက်စေမည့် အခက်အခဲများကိုရင်ဆိုင်ကျော်လွှားနေရသည့် ကာလဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးနှင့် ဆက်နွှယ်သည့် စီးပွားရေးဖိအားများသည်လည်း အစိုးရအတွက် စိန်ခေါ်မှု၊ တစ်နည်းအားဖြင့် ပြည်သူများအတွက် စိန်ခေါ်မှုများပင် ဖြစ်ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို မိမိတို့အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့်အတူ စုပေါင်းညီညွတ်စွာဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်ရမည်ဖြစ်ကြောင်း။

**မှန်မှန်ကန်ကန်သုံးစွဲ**

ယခု ခွဲဝေပေးလိုက်သည့် ရသုံးခန့်မှန်းခြေ ဘတ်ဂျက်များနှင့် ပတ်သက်၍ စနစ်တကျသုံးစွဲရန်၊ စိစိစစ်စစ်ဖြင့်သုံးစွဲရန်နှင့် ခွဲဝေရရှိသည့် ငွေပမာဏအပေါ်တွင် မူတည်၍ ဘဏ္ဍာငွေသုံးစွဲမှုများသည်လည်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ မှန်မှန်ကန်ကန်သုံးစွဲကြရန်လိုပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှင့်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယိုင်လဲနေသည့် စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး ပြန်လည်ဦးမော့နိုင်အောင် သုံးစွဲရာ၌ မလိုလားအပ်သည့် အသုံးစရိတ်များအား စိစစ်လျှော့ချသုံးစွဲကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# သာသနာ့အန္တရာယ် မြန်မာမှန်လျှင် တားဆီးကာကွယ်

**မြတ်ဗုဒ္ဓ၏ သာသနာနှစ် ၂၅၆၅ နှစ်ကျော် ခရီးရှည်ကြီးကို ပြန်ပြောင်း လေ့လာကြည့်ပါလျှင် "ခေါက်ရှာ ငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှူးပျံ၊ လောကစံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်းခြားလူမှာ၊ မမြဲစွာတည့်"ဟူသော မန်လည်ဆရာတော်ကြီး၏ လင်္ကာဆောင်ပုဒ်အတိုင်းပင် မြင့်ချည်တစ်ခါ၊ နိမ့်ချည်တစ်လှည့်ဖြင့် အလှည့်အပြောင်း အတက်အကျများစွာရှိခဲ့ပါသည်။ ဖြောင့်ဖြူးသာယာသည့် ခရီးချောကိုသာ လျှောက်လှမ်းခဲ့ရသည်မဟုတ်ဘဲ မချောမမွေ့သည့် ခရီးကြမ်းကြီးများကိုလည်း လျှောက်လှမ်းခဲ့ရပါသည်။**

## စာချစ်သူ

ဗုဒ္ဓသာသနာတော် စတင်ပေါ်ထွန်းခဲ့ရာ ပင်မဌာနကြီးဖြစ်သော အိန္ဒိယနိုင်ငံကြီးနှင့်တကွ ရှေးအခါက ဗုဒ္ဓသာသနာထွန်းကားခဲ့သော ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် အင်ဒိုနီးရှားစသော နိုင်ငံများ၌ ဗုဒ္ဓသာသနာတော် ကွယ်ပျောက်သွားခဲ့ရလေသည်။

ထိုလစ်လပ်သွားသော ကွက်လပ်နေရာတွင် မြန်မာနိုင်ငံသည် ကမ္ဘာသူကမ္ဘာသား အားလုံးအတွက် စစ်မှန်မြင့်မြတ်သော ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းသိုမှီးရာ ဘဏ္ဍာတိုက်ကြီးသဖွယ် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ယနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ "နောက်ဆုံး ခံတပ်မြို့တော်ကြီး"အဖြစ် အခိုင်အမာရပ်တည်နေခဲ့သည်။

မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကို သုဝဏ္ဏဘူမိ သထုံပြည်သို့ အရှင်သောဏနှင့် အရှင်ဥတ္တရ ရဟန္တာမြတ်ကြီး နှစ်ပါးတို့က စတင်အုတ်မြစ်ချပေးတော်မူခဲ့ခြင်းဖြစ်ပြီး ရဟန္တာ အရှင်အရဟံမထေရ်မြတ်ကြီးက သုဝဏ္ဏဘူမိမှ ပုဂံနေပြည်တော်သို့ သယ်ဆောင်ဖြန့်ကြက်ခဲ့သည်မှ အစပြုခဲ့ပါသည်။

### သာသနာတော် စည်ပင်ထွန်းကား

ပုဂံခေတ်ဝယ် ရှင်အရဟံမထေရ်သည် ပုဂံပြည့်ရှင် ဘုရင်အနော်ရထာမင်းကို အမှီပြု၍ ပရိယတ်ကို အရင်းမူလျက် ပဋိပတ်၊ ပဋိဝေဓ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို လွန်စွာ ထွန်းလင်းတော်မူစေခဲ့သည်။ ထိုပုဂံခေတ်မှစ၍ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊ ရတနာပုံမန္တလေးခေတ်တိုင်အောင် သာသနာ့ဦးသျှောင် ဆရာတော်အဆက်ဆက်တို့သည် ထိုထိုသာသနာပြု မင်းကောင်းမင်းမြတ်တို့ကိုအမှီပြု၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို စည်ပင်ထွန်းကား ပြန့်ပွားတိုးတက်အောင် ရွက်ဆောင်တော်မူခဲ့ကြသည်။

သို့ရာတွင် ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့၌ မြန်မာနိုင်ငံတော်ကို နယ်ချဲ့ဗြိတိသျှအစိုးရတို့က ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် အမိမြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရကား ဗုဒ္ဓမြတ်စွာသာသနာလည်း သာသနာပြုမင်းနှင့် ကင်းကွာ၍ လွန်စွာညှိုးမှိန်ခဲ့ရလေသည်။

မြန်မာနိုင်ငံ၌ ပုဂံခေတ်မှစ၍ ရတနာပုံခေတ်တိုင်အောင် ခေတ်အဆက်ဆက် လင်းလက်တောက်ပခဲ့သော ဗုဒ္ဓမြတ်စွာသာသနာတော်သည် နယ်ချဲ့ဗြိတိသျှအစိုးရတို့ လက်ထက်၌ ဆုတ်ယုတ်ညှိုးမှိန်သွားရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသော မန္တလေးမြို့တော်သူ မြို့တော်သား၊ ဒါယကာဒါယိကာမအများတို့သည် **"ရှေးရှေးသော သာသနာပြုမင်းကောင်းမင်းမြတ်တို့သည် သာသနာ့ဝန်ဆောင် ရဟန်းတော်အရှင်မြတ်တို့ ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင် မပင်ပန်းဘဲ သာသနာပြုတော်မူနိုင်ကြစေရန်"**ရည်သန်လျက် ပစ္စည်းလေးဖြာ ထောက်ပံ့ကာဖြင့် သာသနာပြုတော်မူကြသကဲ့သို့ ငါတို့ အရှင်သခင် ဘုရင်မင်းမရှိသော်လည်း ငါတို့ကိုယ်တိုင် မင်းတုန်းမင်း၊ သီပေါမင်းတို့ လက်ထက်ကကဲ့သို့ ဆရာတော်၊ သံဃာတော်များ ပစ္စည်းလေးပါးတို့ဖြင့် မငြိုငြင် မပင်ပန်းဘဲ ပရိယတ်ကျမ်းဂန် သင်အံပို့ချမှုကို လုံ့လမလစ် အားသစ်ကြိုးပမ်းထမ်းဆောင်တော်မူနိုင်ကြစေခြင်းငှာ ပစ္စည်းလေးဖြာထောက်ပံ့ကာဖြင့် သာသနာပြုလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ကြမည်ဟု စေတောပဏိဓိ ရည်သန်ခြင်းဖြင့် ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ ပရိယတ္တိသာသနဟိတအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ထို့အတူ သကျသီဟ(မန္တလေး)၊ စေတိယင်္ဂဏ(ရန်ကုန်)၊ သုဝဏ္ဏဘူမိ(သထုံ)၊ သုသမာစာရ(မော်လမြိုင်)၊ ဝိနယာဓိက(ပဲခူး)၊ သုဓမ္မာ(ညောင်တုန်း)စသော ပရိယတ္တိအားပေးသော အသင်းအဖွဲ့များ၊ မလွန်ဆန်လှုအသင်း စသော ပစ္စယာနုဂ္ဂဟအဖွဲ့များကိုလည်း တည်ထောင်၍ အမျိုးဘာသာအတွက် သာသနာပြုခဲ့ကြလေသည်။

> မြန်မာနိုင်ငံ၏ ပဋိပတ္တိဂုဏ်သတင်းမှာလည်း ကမ္ဘာ့အလယ်၌ သင်းထုံလာခဲ့သည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ အိန္ဒိယနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်သွားခဲ့သော ဗုဒ္ဓသာသနာတော်သည် ယခုအခါ အိန္ဒိယနိုင်ငံ၌ ပြန်လည်ထွန်းတောက်လာခဲ့ပြီဟု ဆိုရပေမည်

၁၉၀၆ ခုနှစ် မေလ ၁၈ ရက်နေ့တွင်မူ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအတွက် YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို ထိုစဉ်ကလူငယ်လေးများဖြစ်ကြသော ဦးဘဘေ၊ ဦးမောင်ကြီးနှင့် ဦးဘရင်တို့ ရှေ့ဆောင်ပုဂ္ဂိုလ်ကြီးသုံးဦး၏ လှုံ့ဆော်မှုဖြင့် မြန်မာလူငယ် ၁၁ ဦးတို့က စတင်တည်ထောင်ခဲ့ကြသည်။ ၁၉၁၁ ခုနှစ်တွင် တစ်ပြည်လုံး၌ YMBA အသင်းခွဲပေါင်း ၂၀၀ ကျော်အထိ တိုးတက်သွားခဲ့သည်။

မြန်မာနိုင်ငံ၏ ပရိယတ္တိသာသနာသည် ပုဂံခေတ်မှ ဗြိတိသျှခေတ်အထိ အများအားဖြင့် ဝိနည်းနှင့် အဘိဓမ္မာကို ဦးစားပေးခဲ့ကြသည်။ ပဋိပတ္တိ၏ ဓမ္မဘဏ္ဍာတိုက်ကြီးများဖြစ်သော မဇ္ဈိမ၊ အင်္ဂုတ္တရနှင့် အထူးသဖြင့် သံယုတ္တနိကာယ်ကြီးများကို သင်ကြားပို့ချ လေ့လာမှုနည်းခဲ့ကြသည်။ ကျမ်းအိပ်များဟုပင် ပြောစမှတ်ပြုကြကုန်၏။

### ချုပ်ငြိမ်းစပြု

လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင်မူ သဒ္ဒါကိုဦးစားပေးလွန်းသော စာသင်၊ စာမေးပွဲစနစ်သည် ချုပ်ငြိမ်းစပြုခဲ့လေသည်။ အစိုးရက နှစ်စဉ်ကျင်းပပေးနေသော အဘိဓမ္မာ၊ ဝိသုဒ္ဓိစာမေးပွဲများ၊ နိကာယ်ဆောင်များကို မွေးထုတ်ပေးလိုက်သော အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးမှူးသော နိကာယ်စာမေးပွဲများ၊ တိပိဋကဓရ ရွေးချယ်ပွဲကြီးနှင့် သံယုတ္တနိကာယ် မြန်မာပြန်စာမေးပွဲ(ရန်ကုန်)၊ မဇ္ဈိမနိကာယ် မြန်မာပြန်စာမေးပွဲ(ပဲခူး) သာမဏေကျော် စသော စာမေးပွဲများသည် မြန်မာပြည် ပရိယတ္တိသာသနာကို တစ်ခေတ်ပြောင်းပေးလိုက်သော စာမေးပွဲကြီးများဖြစ်ကုန်၏။ ပဋိပတ္တိဘက် လုံးဝမျက်နှာမူသော နိတ္တရဏတ္ထ စာမေးပွဲကြီးများပင်ဖြစ်လေသည်။

ဗြိတိသျှခေတ်မှ လွတ်လပ်ရေးခေတ်အထိ ပဋိပတ္တိသာသနာ၏ ခရီးစဉ်မှာမူ ပရိယတ္တိထက်ပင် ခေတ်စော၍ နိုးကြားတက်ကြွလာသည်ကို တွေ့မြင်ရပေမည်။

ထုံးအိုင်၊ အင်းအိုင်များ ပြည့်လျှံသောအခါ ချောင်း၊ မြောင်းအဖြစ် စီးဆင်းသွားကြကုန်၏။ အရပ်ရပ်ချောင်းမြောင်းများစုပေါင်း၍ မြစ်ငယ်များဖြစ်လာကုန်၏။ မြစ်ငယ်များမှ မြစ်ကြီးများအသွင်ကူးပြောင်းကာ သမုဒ္ဒရာကြီးဖြစ်လာ၏။

ထိုဥပမာကဲ့သို့ ကုန်းဘောင်ခေတ်ဦးပိုင်းအထိ ပဋိပတ်သာသနာကား မပြတ်မလပ်ရုံ ဟိုတစ်ကွက်သည်တစ်ကွက် ထုံးအိုင်၊ အင်းအိုင်များသဖွယ်ရှိခဲ့၏။ စီးဆင်းနိုင်အောင် အင်အားမပြည့်ခဲ့။

ကုန်းဘောင်ခေတ်နှောင်း ထွဋ်ခေါင်ဆရာတော်(၁၁၆၀-၁၂၄၂)၊ ဘုန်းတော်ကြီး ဦးသီလ(၁၁၉၄-၁၂၆၉)တို့ခေတ်တွင်ကား ချောင်းမြောင်းသဖွယ် အနယ်နယ်အရပ်ရပ် စီးဆင်းလာ၏။ အတန်ငယ် ထူထပ်မြင့်မားသော တောအုပ်၊ တောင်စွယ်များကိုမူ ကျော်လွှားဖြတ်သန်းလာနိုင်သော အင်အားမရှိသေးချေ။

### နိုင်ငံအဝန်း ရိုက်ခတ်

လယ်တီဆရာတော်(၁၂၀၈-၁၂၈၅)၊ သေကျွတောင်ဆရာတော်(၁၂၃၃-၁၂၉၃)နှင့် မိုးညှင်းဆရာတော်(၁၂၃၄-၁၃၂၆)တို့ လက်ထက်တွင် ပဋိပတ္တိရေစီးကြောင်းသည် သိသိသာသာ အားကောင်းလာကာ ချောင်းမြောင်းအသွင်မှ မြစ်ငယ်များအသွင် စီးဆင်းလာခဲ့၏။ ရေစီးအားထက်ရေစီးသံသည် နိုင်ငံအဝန်း ရိုက်ခတ်သွားခဲ့သည်။

၁၃၁၉ ခုနှစ် လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်ကား ရေလှိုင်းစီးအား မြင့်မားတိုးတက်ကာ အားကောင်းချင်တိုင်း ကောင်း၍လာပေတော့သည်။ သထုံဇေတဝန်ဆရာတော်(၁၂၃၁-၁၃၁၆)၊ စွန်းလွန်းဆရာတော်(၁၂၃၉-၁၃၁၄)၊ ကန္နီဆရာတော် (၁၂၄၁-၁၃၂၈)၊ ဝေဘူဆရာတော်(၁၂၅၇-၁၃၃၉)၊ မိုးကုတ်ဆရာတော်(၁၂၆၁-၁၃၂၄)၊ မဟာစည်ဆရာတော်(၁၂၆၆-၁၃၄၄)စသော ပဋိပတ္တိဝန်ဆောင်ဆရာတော်ကြီးများသည် သာသနာ့ကျက်သရေကို တိုးမြှင့်စေတော်မူခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ပဋိပတ္တိဂုဏ်သတင်းမှာလည်း ကမ္ဘာ့အလယ်၌ သင်းထုံလာခဲ့သည်။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ အိန္ဒိယနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်သွားခဲ့သော ဗုဒ္ဓသာသနာတော်သည် ယခုအခါ အိန္ဒိယနိုင်ငံ၌ ပြန်လည်ထွန်းတောက်လာခဲ့ပြီဟု ဆိုရပေမည်။

ရန်ကုန်မြို့ အင်းလျားမြိုင်လမ်း အပြည်ပြည်ဆိုင်ရာ ဝိပဿနာအဖွဲ့မှ ဝိပဿနာ တရားပြဆရာကြီး သရေစည်သူ ဦးဘခင်၏ တာဝန်ပေးချက်အရ တပည့်ရင်းဖြစ်သူ မြန်မာနိုင်ငံသား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ၏ ၁၉၆၉ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာပြန်လည်ထွန်းကားရေးအတွက် ကြီးမားသောလုံ့လဖြင့် ကြိုးစားဆောင်ရွက်ချက်ကြောင့် ယခုအခါဝယ် အိန္ဒိယနိုင်ငံ၌ ဝိပဿနာရိပ်သာများ၊ ယာယီဝိပဿနာဌာနများ များစွာတည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းလင်းတောက်ပလာခြင်း၏ အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနီးဝယ် ဉာဏ်တော် ၃၂၅ ပေရှိ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးကိုလည်း တည်ထားကိုးကွယ်တော်မူနိုင်ခဲ့ပါသည်။

### ကမ္ဘာ့နိုင်ငံအသီးသီးမှ လာရောက်

ပစ္စက္ခတွင်မူ မြတ်ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ဥရောပနိုင်ငံများ၌သာမက အာဖရိကတိုက်နှင့် ယခု သီတဂူဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းတို့ကြောင့် ရုရှားနိုင်ငံအထိပင် ရောင်ဝါနေကဲ့သို့ ထွန်းလင်းတောက်ပတော်မူလာခဲ့လေသည်။ မြန်မာနိုင်ငံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ လာရောက်၍ လေ့လာနည်းခံသည့် ယောဂီများလည်း အဆက်မပြတ်ရှိလာသည်။

ပရိယတ္တိသာသနာတော် အနေဖြင့်လည်း ပရိယတ်ကို သင်ကြားပို့ချဖြန့်ဖြူးရာဌာနများဖြစ်သည့် စာသင်တိုက်ကြီးများ၏ ကျေးဇူးကြောင့် မြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးသည် ရောင်ဝါနေသို့ ထွန်းလင်းတောက်ပလျက်ရှိပေသည်။

ထေရဝါဒဗုဒ္ဓဘာသာ ငါးနိုင်ငံတွင်လည်း မြန်မာနိုင်ငံ ရဟန်းတော်များ၏ ဆရာ စဉ်ဆက်ဆောင်ရွက်ခဲ့သော ပရိယတ်သင်ကြားပို့ချမှုလုပ်ငန်း၏ စနစ်ကျမှု၊ တွင်ကျယ်မှုကြောင့် စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးသည် မြန်မာနိုင်ငံတွင် အခြားထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများထက် အဘက်ဘက်မှသာလွန်ကာ မီးရှူးတန်ဆောင်ပမာ ထွန်းပြောင်နေခဲ့ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ဆရာဒကာ လက်တွဲညီညာမှုတို့ကြောင့်လည်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနဓဇအာဇာနည် အရှင်သူမြတ် ၁၅ ပါးအထိပင် ပေါ်ထွန်းခဲ့သည်။ လက်ရှိကာလတွင် သာသနာ့အာဇာနည်အရှင်သူမြတ် ၁၁ ပါးမှာ သက်ရှိထင်ရှားစွာ သာသနာ့အကျိုးကို သယ်ပိုးလျက် ရှိနေပေသည်။

### လူမှုစာမျက်နှာတွင် ရေးသားလာ

သို့ရာတွင် ယခုရက်ပိုင်း၊ လပိုင်းအတွင်း မိုက်မဲသူအချို့သည် သာသနာတော်ဂုဏ် သိက္ခာညှိုးနွမ်းဆုတ်ယုတ်သွားစေနိုင်သော အပြုအမူများကို လူမှုကွန်ရက်စာမျက်နှာထက်တွင် ရေးသားပုံဖော်လာခဲ့ကြသည်ကို ဝမ်းနည်းစိတ်မကောင်းစွာ တွေ့မြင်နေရပေသည်။

ဒီမိုကရေစီအမည်ခံ ခေတ်သစ်ကွန်မြူနစ်များသည် မြတ်ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်ကို မိုးကုတ် ဆရာတော်ကြီးက ဝေနေယျသတ္တဝါများ နားလည်သဘောပေါက်စေရန် ပုံဖော်ရေးဆွဲထားသည့် ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းအား နိုင်ငံရေးအလို့ငှာအသုံးပြု၍ ကာတွန်းဖြင့် လှောင်ပြောင်သရော်ကြလေသည်။

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံအနေဖြင့် ကျောက်စိမ်းအချောထည် အဓိကဈေးကွက်ဖြစ်ရန် ဖော်ဆောင်နိုင်ရေးလိုအပ်

နေပြည်တော် ဩဂုတ် ၂၄

**မြန်မာနိုင်ငံအနေဖြင့် ကျောက်စိမ်းအချောထည် ထုတ်လုပ်ခြင်း၏ အဓိကဈေးကွက်ဖြစ်ရန် ဖော်ဆောင်နိုင်ရေးလိုအပ်ပါကြောင်း၊ အခြေခံအဆောက်အဦများ အသင့်ရှိပြီးဖြစ်၍ ရှေ့တစ်လှမ်းတိုးပြီး ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒနှင့်လုပ်ငန်းစဉ်များ မှန်ကန်စွာဖော်ထုတ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြောကြားသည်။**




ယနေ့နံနက်ပိုင်းက ရုံးအမှတ် (၁၉) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျောက်စိမ်း အချောထည် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောက်စိမ်းများကို အရိုင်းအတိုင်း ပြည်ပသို့ တင်ပို့ခဲ့သည်မှာ နှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် ပင်လုံရတနာဈေး တည်ဆောက်ခဲ့သော်လည်း လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ နေပြည်တော်တွင် ရွှေကြာပင်ကျောက်မျက်ရတနာဈေးကို ၂၀၁၂ ခုနှစ်ကပင် မြေဧရိယာ ၂၂၅ ဧက၊ အကွက်ပေါင်း ၁၂၂ ကွက်တွင် အချောထည်များ ထုတ်လုပ်ရောင်းချနိုင်မည့် အဆောက်အဦများနှင့် စက်ရုံ အလုပ်ရုံများကို ဆောက်လုပ်ဆောင်ရွက်စေခဲ့ကြောင်း၊ အဆောက်အဦအများစုမှာ ပြီးစီးခဲ့ပြီး ယခုအခါ လက်တွေ့ အချောထည်လုပ်ငန်းဆောင်ရွက်နိုင်သူ အနည်းငယ်သာရှိသည်ကို တွေ့ရှိရကြောင်း၊ အချောထည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးမည့် ကျောက်မျက်ရတနာ သင်တန်းကျောင်းကိုလည်း တည်ဆောက်ပြီး သင်တန်းများ စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ Gem Trading Center ကို တည်ဆောက်ထားပြီးလည်း ဖြစ်ပါကြောင်း၊ အချောထည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် အခြေခံအဆောက်အဦများ အဆင်သင့်အနေအထား ဖြစ်နေပြီဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ကျောက်စိမ်းထွက်သည့်နိုင်ငံ အနည်းငယ်သာရှိပြီး မြန်မာနိုင်ငံမှ ထွက်သည့် ကျောက်စိမ်းသည် အရည်အသွေးနှင့်အရောင်တွင် အကောင်းဆုံးဖြစ်ပါကြောင်း၊ ကျောက်စိမ်းဖြစ်စေသည့် ဘူမိအသွင်ပြောင်း ကျောက်ဖြစ်စဉ်ကို မြန်မာနိုင်ငံတွင် ဧရိယာကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ် တွေ့ရှိခြင်းမှာ ထူးခြားချက်တစ်ခုဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာအသင်းမှ တာဝန်ရှိသူများ လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူများ၊ ကျွမ်းကျင်သူများ ပါဝင်သဖြင့် မိမိတို့တစ်ဦး တစ်ယောက်တစ်ဖွဲ့၏ အကျိုးအတွက် မဟုတ်ဘဲ မြန်မာနိုင်ငံ၏ ကျောက်စိမ်း အချောထည် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ချော ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားသည်။


ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ကျောက်မျက်အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က လိုအပ်သည်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင် CLMVT Plus Forum 2021 သို့ Online မှ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၄**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ပါဝင်သော ACCELERATING A RESILIENT RECOVERY CLMVT Plus Forum 2021 ကို ယနေ့ နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန




ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး CLMVT အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ Trade Partner များနှင့် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ယင်းဖိုရမ်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Mr. Jurin Laksanawisit က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပညာရှင်များက ကိုဗစ်-၁၉ အလွန် CLMVT အဖွဲ့ဝင်နိုင်ငံများ၏ အခြေအနေကို သုံးသပ်ခြင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေခြင်း၊ အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲ ACMECS အစရှိသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များတွင် မြန်မာနိုင်ငံ အပါအဝင် CLMVT (၅) နိုင်ငံ ခရီးသွားလုပ်ငန်း ပါဝင်ဆောင်ရွက်မှုများ အပါအဝင် လက်ရှိကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ချမှတ်သင့်သော နည်းဗျူဟာများကို ဆွေးနွေးခြင်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါဖိုရမ်ကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ Video Conferencing စနစ်ဖြင့် ၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ရာ ဖိုရမ်နောက်ဆုံးနေ့ ဩဂုတ် ၂၆ ရက်တွင် CLMVT အဖွဲ့ဝင်နိုင်ငံများ၌ ကိုဗစ်-၁၉ အလွန် New Normal ကာလတွင် နည်းပညာအသုံးပြုကာ စီးပွားရေးလုပ်ငန်းများ စတင်ရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ Startup Pitch Competition ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ -၂၀၂၂ ခုနှစ် မိုးစပါး၊ နွေစပါး အခြေခံရည်ညွှန်းဈေးနှုန်း သတ်မှတ်နိုင်ရေး ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄



**လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လယ်ယာ ထုတ်လုပ်စီမံခန့်ခွဲရေး အဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်အောင်က တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဦးဆောင်အဖွဲ့သည် နှစ်စဉ် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ထုတ်ပြန် ကြေညာပေးလျက်ရှိကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း စိုက်ပျိုးထုတ်လုပ်မည့် မိုးစပါးနှင့် နွေစပါးသီးနှံများအတွက် အခြေခံရည်ညွှန်း စပါးဈေးနှုန်း ထုတ်ပြန်ကြေညာနိုင်ရန် ဆန်စပါး ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ် အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ကျင်းပပြီး လာမည့်နှစ် စပါး ထွက်ပေါ်မည့်ရာသီတွင် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအဖြစ် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်း၊ ခြောက်သောင်း သတ်မှတ်သင့်ကြောင်း ထောက်ခံအဆိုပြုခဲ့ကြောင်း၊ ထပ်မံ၍ အဆိုပါ ဈေးနှုန်းအပေါ်တွင် ကုန်ဈေးနှုန်း၊ ဝန်ထမ်းလစာ၊ ပုဂ္ဂလိက နေ့စားလုပ်ခနှုန်းထားများနှင့် ချိန်ထိုးကြည့်ရန် လိုအပ်ချက်အရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေး အဖွဲ့ဝင်များမှ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံ ဆွေးနွေးပေးကြရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေး ချက်များအပေါ် ဒုတိယဝန်ကြီး၊ လယ်ယာထုတ်လုပ် စီမံခန့်ခွဲရေး အဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးဆက်မယ့် ပင်းပက်

## တောင်ပေါ်သူ

**ကျွန်မတို့နိုင်ငံမှာ သံနဲ့သံမဏိပစ္စည်းတွေကို စက်နဲ့ စက်ကိရိယာများ၊ သံချောင်း လုံး၊ အမိုးပြား၊ သံထည်ပစ္စည်း (Steel Structure)များ၊ မြစ်ကူးတံတား သံပေါင်၊ သင်္ဘောကိုယ်ထည်၊ တယ်လီဖုန်းတာဝါတိုင်၊ ဓာတ်အားဖြန့်ဖြူးတဲ့ တာဝါတိုင်တွေဆိုပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးနေကြရပေမယ့် လိုအပ်တဲ့ သံနဲ့ သံမဏိတွေကိုတော့ နိုင်ငံခြားကနေ မှာယူတင်သွင်းနေရပါတယ်။**

တကယ်လို့ ကိုယ့်ပြည်တွင်းမှာသာ ထုတ်လုပ်နိုင်မယ်ဆိုရင် သွင်းကုန်အစားထိုးဆောင်ရွက်နိုင်ပြီး နိုင်ငံခြားငွေလည်း သက်သာမယ်၊ နည်းပညာတွေ ရရှိပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရလာနိုင်မှာဖြစ်ပါတယ်။

သံ၊ သံမဏိစက်ရုံတွေကို နိုင်ငံတော်က တာဝန်ယူပြီး တည်ဆောက်နိုင်မှသာ နိုင်ငံအတွက် နောင်လိုအပ်လာတော့မယ့် သံနဲ့သံမဏိတွေကို ဖြည့်တင်းပေးနိုင်မှာ ဖြစ်ပါတယ်။

စက်မှုကဏ္ဍမှာ အခြေခံအကျဆုံးလိုအပ်ချက်က သံနဲ့ သံမဏိကို ထုတ်လုပ်ဖို့ဖြစ်ပြီး မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်ကနေစလို့ ကြိုးပမ်းခဲ့ကြပါတယ်။

### အကူအညီရယူ

၁၉၅၄ ခုနှစ်က စတင်ပြီး သံနဲ့သံမဏိ လုပ်ငန်းတွေအတွက် အဓိကကုန်ကြမ်းဖြစ်တဲ့ သံသတ္တုရိုင်းတွေနဲ့ ကျောက်မီးသွေးတွေ ရရှိနိုင်ဖို့အတွက် အနောက်ဂျာမနီအစိုးရရဲ့ အကူအညီရယူပြီး ၁၉၅၆ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၅၉ ခုနှစ်၊ ၁၉၆၁ ခုနှစ်နဲ့ ၁၉၆၂ ခုနှစ်တွေမှာ ဘူမိဗေဒလေ့လာမှုတွေကို ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။ ၂၀၀၄ ခုနှစ်မှာ ရုရှားနိုင်ငံ တည်ဆောက်ရေးကုမ္ပဏီနဲ့ မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရပြီး ၂၀၀၆ ခုနှစ်မှာ ပင်းပက် သံမဏိစက်ရုံကို စတင်တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ စက်မှုဝန်ကြီးဌာနက လွှဲပြောင်းရယူပြီး ဆက်လက်လုပ်ကိုင်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ ပင်းပက်သံမဏိစက်ရုံကို စက်မှုဝန်ကြီးဌာနနဲ့ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းက တာဝန်ရှိသူတွေ ၁၉.၆.၂၀၂၁ ရက်နေ့က လာရောက်ကြည့်ရှုတဲ့ ခရီးစဉ်မှာ စက်ရုံမှူးက စက်ရုံရဲ့ တည်နေရာ၊ သမိုင်းကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ရန် ကျန်လုပ်ငန်းများအကြောင်း၊ စက်ရုံရဲ့ လက်ရှိအခြေအနေတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

### စက်ရုံပြန်လည် လည်ပတ်ဖို့လိုလားလျက်ရှိ

စက်ရုံလည်ပတ်မယ်ဆိုရင် စက်ရုံရဲ့ လက်ရှိဝန်ထမ်းအင်အားက အဆိုင်းတစ်ဆိုင်းစာသာ ရှိလို့ အဆိုင်းသုံးဆိုင်းနဲ့ လည်ပတ်နိုင်ရေး ဝန်ထမ်းများ ထပ်မံဖြည့်တင်းပေးဖို့ တင်ပြခဲ့တယ်လို့ သိရပါတယ်။ တာဝန်ရှိသူတွေက ရပ်ဆိုင်းစက်ရုံတွေအနက် ပင်းပက်သံမဏိစက်ရုံ ပြန်လည် လည်ပတ်နိုင်ရေးကို ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ နှစ်နှစ်ခွဲခန့်နဲ့ အပြီးလည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြဖို့ မှာကြားခဲ့ပါတယ်။ စက်ရုံပြန်လည် လည်ပတ်နိုင်ဖို့ ဝန်ထမ်းတွေနဲ့ ဒေသခံတွေကပါ လိုလားလျက်ရှိကြပါတယ်။



စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား ၁၉-၆-၂၀၂၁ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

တာဝန်ရှိသူတွေနဲ့ အဖွဲ့ဟာ စက်ရုံရဲ့ သံသတ္တုရိုင်းမိုင်းလုပ်ကွက်၊ သံသတ္တုရိုင်း ကြိတ်ခွဲသန့်စင်စက်၊ ဓာတ်ခွဲခန်း၊ အောက်ဆီဂျင်အလုပ်ရုံ၊ စွန့်ပစ် အပူသုံး လျှပ်စစ်ဓာတ်အားထုတ်အလုပ်ရုံ၊ သံရည်ကျိုမီးဖို၊ ပုံလောင်းစက် စသည်တို့ကို ကြည့်ရှုလေ့လာသွားကြပါတယ်။

စက်မှုဝန်ကြီးဌာနနဲ့ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတို့ အနေနဲ့လည်း စက်ရုံကြီးပြန်လည်လည်ပတ်နိုင်ဖို့ လိုအပ်တဲ့ အစီအမံတွေ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး စက်ရုံအတွက် လိုအပ်တဲ့ ဘဏ္ဍာငွေရရှိရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တင်ပြတောင်းခံခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံ စက်ရုံတည်ဆောက်တဲ့ ကုမ္ပဏီကို လုပ်ငန်း ပြန်လည်စတင်နိုင်ဖို့အတွက် ဆက်သွယ်ဆောင်ရွက်ခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

### အနီးပတ်ဝန်းကျင်သို့ ဖြန့်ဖြူးပေး

ကျွန်မတို့ရဲ့ စက်ရုံမှာ အလုပ်ရုံပေါင်း ၂၂ ရုံရှိပြီး သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ဥရောပစံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်ထားရှိပါတယ်။ ရေ၊ လေ သန့်စင်တဲ့ စက်ကိရိယာတွေ တပ်ဆင်ထားပါတယ်။ သံရည်ကျိုရာက ထွက်လာတဲ့ စွန့်ပစ်အပူကိုလည်း အပူစွမ်းအင်ကနေ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲပြီး မဂ္ဂါဝပ် ၄၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှာဖြစ်တဲ့အတွက် စက်ရုံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်မှာဖြစ်ပြီး ပိုလျှံလျှပ်စစ်ဓာတ်အားတွေကိုလည်း အနီးပတ်ဝန်းကျင်ဒေသများသို့ ဖြန့်ဖြူးပေးနိုင်မယ်လို့ သိရှိထားပါတယ်။

စက်ရုံမှာ လေထုထဲက အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင်ကို ခွဲခြားထုတ်လုပ်နိုင်မယ့် အလုပ်ရုံပါရှိပါတယ်။ အောက်ဆီဂျင်ဓာတ်ငွေ့ကို သံရည်ကျိုမီးဖိုရဲ့ လောင်စာအတွက် အဓိက ထုတ်လုပ်ခြင်းဖြစ်ပါတယ်။ အောက်ဆီဂျင်ဓာတ်ငွေ့ရဲ့ သန့်စင်မှုက ၉၅ ရာခိုင်နှုန်းဖြစ်ပြီး စက်မှုလုပ်ငန်းတွေမှာသာမက ကျန်းမာရေးကိစ္စရပ်တွေ (ဆေးရုံ၊ ဆေးခန်းတွေ)အတွက်ပါ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ယခုအချိန်မှာ စက်ရုံတစ်ခုလုံးရဲ့ တည်ဆောက်မှု၊ စက်တပ်ဆင်မှုနဲ့ စက်စမ်းသပ်လည်ပတ်မှုတွေမှာ ၉၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီလို့ ကြားသိရပါတယ်။ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှာ စက်ရုံကို အပြီးသတ် လည်ပတ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ် မတ်လဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်အရ စက်ရုံကို ရပ်ဆိုင်းထားခဲ့ရပါတယ်။ ရပ်ဆိုင်းထားစဉ် ကာလအတွင်းမှာ လတ်တလော ရပ်ဆိုင်းထားတဲ့စက်ရုံတွေ ဆက်လက်ဆောင်ရွက်ဖို့ သင့်/မသင့် လေ့လာရေးအဖွဲ့တွေရဲ့ စစ်ဆေးမှုများကို ခံယူခဲ့ရပါတယ်။

ပင်းပက်သံမဏိစက်ရုံကို လာမယ့် အောက်တိုဘာလကစပြီး နှစ်နှစ်ခွဲခန့်အတွင်း ပြန်လည် လည်ပတ်နိုင်ရေး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စက်ရုံကို အပြီးသတ်လည်ပတ်ပြီး နိုင်ငံနဲ့ ပြည်တွင်းအတွက် လိုအပ်ချက်ဖြစ်တဲ့ သံနဲ့ သံမဏိအပြင် အောက်ဆီဂျင်ပါ ထုတ်လုပ်နိုင်မှာဖြစ်လို့ ဒေသအကျိုးနဲ့ ပြည်နယ်အကျိုးသာမက နိုင်ငံ့အကျိုးပါ ပံ့ပိုးဆောင်ရွက်နိုင်တဲ့ စက်ရုံတစ်ခုဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

### လုံလောက်စွာ ပံ့ပိုး

စက်ရုံပြီးစီးပါက နိုင်ငံရဲ့ စက်မှုကဏ္ဍအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ သံနဲ့ သံမဏိတွေ ထုတ်လုပ်နိုင်ရုံသာမက ယခုအချိန် ကိုဗစ်ကပ်ရောဂါကျရောက်ချိန်မှာ ပြည်သူတွေ အထူးလိုအပ်နေတဲ့ အောက်ဆီဂျင်ကိုလည်း လုံလောက်စွာ ပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။

ပင်းပက်စက်ရုံအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ သံသတ္တုရိုင်း၊ ထုံးကျောက်၊ ဒိုလိုမိုက်ကျောက်၊ ကျောက်မီးသွေးနဲ့ သဲတို့ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကုန်ချောသံစိမ်းနဲ့ ဟေမတိုက်သံသတ္တုရိုင်းများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေမှာ ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းတွေကို တင်ဒါခေါ်ယူ လုပ်ကိုင်စေခြင်းဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်တွေအတွက်လည်း စီးပွားရေး အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

### အကျိုးသက်ရောက်မှုရှိ

ပင်းပက်သံမဏိစက်ရုံအနေနဲ့ စက်ရုံရှိ ဝန်ထမ်းတွေနဲ့ စက်ရုံပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူတွေအတွက် လူမှုစီးပွားဘဝ အကျိုးသက်ရောက်မှုရှိအောင် စက်ရုံပတ်ဝန်းကျင်မှာ အခြေခံပညာအထက်

*စာမျက်နှာ ၉ သို့*

❖ **တကယ်လို့ ကိုယ့်ပြည်တွင်းမှာသာ ထုတ်လုပ်နိုင်မယ်ဆိုရင် သွင်းကုန်အစားထိုးဆောင်ရွက်နိုင်ပြီး နိုင်ငံခြားငွေလည်း သက်သာမယ်၊ နည်းပညာတွေရရှိပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာမယ်၊ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရလာနိုင်မှာဖြစ်ပါတယ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများနေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် သြဂုတ် ၂၄** ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် အကောက်ခွန်ဦးစီးဌာနအနေဖြင့်



ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည် ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူ ချောမွေ့စွာ စစ်ဆေးထုတ်ပေး လျက်ရှိရာ သြဂုတ် ၂၄ ရက် ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၃၃ ခုမှ Actemra/Tocilizumab ၅၀၊ Amcet Tablet ၂၀၀၀၀၊ Emboxin Injection ၂၅၀၀၀၊ M-Noxa Injection ၂၆၀၀၀၊ Tenoxa Injection ၁၅၀၀၀၊ Remdesivir For Injection ၈၀၀၀၊ Flow meter ၁၀၀၊ Nasal Cannula ၃၁၀၊ Oximeter ၂၅၆၈ ခု၊ Oxygen Analyzer တစ်ခု၊ Oxygen Concentrator ၁၁၄၁ ခု၊ Oxygen Mask ၃၁၀ ၊ Oxygen Regulator ၂၀၊ Portable X-Ray Machine သုံးခု၊ Oxygen Concentrator Spare parts ၈၀၁ ခု ၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Regulator ၂၅၀၊ Oxygen Cylinder ၁၄၉ ခု၊ Oxygen Concentrator ၁၇ ခု၊ Face Mask ၄၁၂၀၀၀၀ ၊ Nasal Cannula ၁၅၀၀၀၊ Oxygen Mask ၅၀၀၀၀၊ Anesthesia Machine တစ်ခု၊ Oxygen Plant နှစ်ခု၊ ဆေးဝါးမျိုးစုံ ၃၄ မျိုး ၁၃၂၁၅၂ ဒသမ ၃၀၄Kg ၊ နယ်စပ် (ကန်ပိုက်တီး၊ ချင်းရွှေဟော်၊ မူဆယ်၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီ ) တွင် ကုမ္ပဏီ ၂၄ ခုမှ ၊Oxygen Cylinder ၇၂၃၂ ခု၊ Oxygen Concentrator ၁၄၈ ခု၊ Mask ၅၄၃၇ ခု၊ Liquid Oxygen ၁၅၀၀၀ m³၊ Flow meter ၂၁၃၀၀၊ PPE ၃၃၄၀ ၊ Oxygen Plant လေးခု၊ Disposable Cap ၆၂၅၅ Kg ၊ Oximeter ၁၄၀၀ ၊ Shoe Cover ၈၈၀၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် သြဂုတ် ၂၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၅ ဒသမ ၀၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၄၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၆၅ လက်မ၊ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၃၀ လက်မ၊ မုဒုံမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ကျိုက်ဒုံမြို့တွင် ၁ ဒသမ ၇၂ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ မိုင်းယန်းမြို့၊ မောင်တောမြို့နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၄၉ လက်မစီ တို့ဖြစ်ကြသည်။**မိုး/ဇလ**

---

*စာမျက်နှာ ၈ မှ*

တန်းကျောင်း တစ်ကျောင်းနဲ့ နည်းပညာအထက်တန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဒေသခံတွေအတွက် အခြေခံပညာများနဲ့ စက်မှုနည်းပညာတွေကို မိမိဒေသမှာပဲ သင်ယူနိုင်ပြီး အသက်မွေးဝမ်းကျောင်း ပြုနိုင်မှာဖြစ်ပါတယ်။

*** အစိုးရနည်းပညာ အထက်တန်းကျောင်း အောင်မြင်သူတွေကိုလည်း စက်ရုံမှာ ပြန်လည်ခန့်ထားပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိနိုင်မှာဖြစ်ပါတယ်။ စက်ရုံအနီးမှာ ဈေးတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးထားတဲ့အတွက် ဒေသထွက်သီးနှံများ ရောင်းဝယ်ဖောက်ကားနိုင်ပြီး စည်ပင်ဖွံ့ဖြိုးမှုရှိလာပါတယ်**

### စည်ပင်ဖွံ့ဖြိုးမှုရှိလာ

အစိုးရနည်းပညာ အထက်တန်းကျောင်း အောင်မြင်သူတွေကိုလည်း စက်ရုံမှာ ပြန်လည်ခန့်ထားပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိနိုင်မှာဖြစ်ပါတယ်။ စက်ရုံအနီးမှာ ဈေးတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးထားတဲ့အတွက် ဒေသထွက်သီးနှံများ ရောင်းဝယ်ဖောက်ကားနိုင်ပြီး စည်ပင်ဖွံ့ဖြိုးမှုရှိလာပါတယ်။ စက်ရုံအနီးရှိ ကျေးရွာတွေက ဒေသခံတွေကိုးကွယ်လျက်ရှိတဲ့ ဘုန်းကြီးကျောင်းတွေအတွက် လိုအပ်တဲ့ ကျောင်းဆောက်လုပ်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနဲ့ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်းတို့မှာလည်း စက်ရုံရဲ့ စက်ယန္တရားအင်အား၊ လူအင်အားတို့နဲ့ ပါဝင်ကူသိုလ်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

### အကျိုးကျေးဇူးများ

"ပြဒါးသေတဆွေ၀၊ သံသေတပြည်၀" ဆိုရိုးစကားအတိုင်း ပြည်တွင်းမှာရရှိနိုင်တဲ့ တွင်းထွက်သယံဇာတကုန်ကြမ်းများကို အခြေခံပြီး သံနဲ့သံမဏိထုတ်လုပ်နိုင်ခြင်း၊ မြန်မာလူငယ်တွေကို သံနဲ့ သံမဏိထုတ်လုပ်မှုနည်းပညာ လေ့ကျင့်ပျိုးထောင်ပေးနိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်တဲ့ သံနဲ့သံမဏိထုတ်ကုန်တွေကို ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခြင်း၊ စက်ရုံပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးတိုးတက်လာခြင်း စတဲ့အကျိုးကျေးဇူးများ ရရှိလာနိုင်မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

---

*စာမျက်နှာ ၆ မှ*

အချို့က ဝေသာလီပြည်ကြီး ကပ်ကြီးသုံးပါး ဆိုက်ရောက်စဉ်က ကပ်ဘေးကြီးမှ သတ္တဝါဝေနေယျများ ကင်းဝေးစေရန် မြတ်ဗုဒ္ဓကိုယ်တော်တိုင် သင်ကြားပို့ချပေးမှုဖြင့် ဝေသာလီပြည် တံတိုင်းသုံးထပ်အကြားတွင် အရှင်အာနန္ဒာ ကိုယ်တော်တိုင် ရွတ်ပွားချီးမြှင့်တော်မူသော ရတနသုတ်ပရိတ်တော်ကို ယခု ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဝယ် ရွတ်ပွားပူဇော်လျက်ရှိသည်ကို လှောင်ပြောင်သရော်ကြသည်။ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ ပုံတော်များကိုလည်း မဖွယ်မရာပုံဖော်၍ စော်ကားကြပြန်သည်။

### ရက်ရက်စက်စက် သတ်ဖြတ်လာ

ယခုနောက်ဆုံး ကမ်းကုန်အောင် ရက်စက်ယုတ်မာမှုကား PDF အကြမ်းဖက်သမားများသည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာနှင့် ပင်တင်း(တောင်)ကျေးရွာတို့မှ ကျောင်းထိုင်ဆရာတော်ကြီးများကိုပင် ဒလန်ဟုစွပ်စွဲ၍ ရက်ရက်စက်စက် သတ်ဖြတ်လာသည်အထိ ကျူးလွန်လာခဲ့ကြလေသည်။

မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သံဃာတော်အချို့သည်လည်း PDF အကြမ်းဖက်အဖွဲ့များ၏ ခြိမ်းခြောက်စွပ်စွဲ အကျပ်ကိုင်ခြင်းတို့ကြောင့် မိမိတို့၏ ကျောင်းများ၌ ဝါတွင်းကာလအတွင်း ဝါဆိုဝါကပ်ခြင်းပင် မပြုလုပ်နိုင်ကြတော့ဘဲ အခြားလုံခြုံစိတ်ချရသော မြို့ရွာအသီးသီးသို့ တိမ်းရှောင် ဝါဆိုနေကြရကြောင်း သိရသည်။

ထိုထိုသော ရက်စက်ရိုင်းစိုင်းယုတ်မာသည့် သာသနာဖျက်လုပ်ရပ်များမှာ မြတ်ဗုဒ္ဓ၏အရှိန်အဟုန်နှင့် အင်အားကြီးမားသော သဒ္ဓမ္မသုံးဖြာ သာသနာတော် ရေစီးကြောင်းကို ပြောင်းလဲ ကွေ့ကောက်အောင်၊ နောက်ဆုတ် တန့်အီအောင် မထိုးဖောက်နိုင်သော်လည်း ရေဝဝီမြစ်ကြောင်းတွင် ပေါလောမျောပါသည့် ဒိုက်ဖတ်များ၊ အမှိုက်များပမာ အတန်ငယ် ညစ်ပေအောင်တော့ လုပ်ဆောင်နိုင်ကြသည်ဟု ဆိုရမည်။

### သာသနာအန္တရာယ်ကို ကာကွယ်

သို့ဖြစ်၍ **"မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မမှေးမှိန်သေးမီ၊ အကျင့်ပျက်များ မထွန်းကားမီ၊ အကျင့်ကောင်းများ မမှေးမှိန်မီ၊ အဓမ္မဘက်သားများ အားမကောင်းသေးမီ၊ ဓမ္မဘက်သားများ အားမယုတ်သေးမီ၊ အကျင့်ပျက်သမားများ အားမကောင်းသေးမီ၊ အကျင့်ကောင်းသမားများ အားမယုတ်သေးမီ ဤသို့ အချိန်မီနေခိုက်မှာ ဓမ္မနှင့် ဝိနယကို ငါတို့များ သင်္ဂါယနာတင်ကြကုန်စို့"**ဟူသော အရှင်မဟာကဿပအရှင်မြတ်ကြီး၏ ထုံး နှလုံးမူ၍ သာသနာအန္တရာယ်ကို မြန်မာမှန်လျှင် တားဆီးကာကွယ်ကြရပါမည်။

အဘယ်ကြောင့်ဆိုသော် ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု နည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကာလရှည်ကြာ မတည်တံ့နိုင်ခြင်း၏ အကြောင်းကြောင့် ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်သည် အရှင်ကိမိလမထေရ်၏ မေးလျှောက်မှုအရ ရှေးဦးစွာ သာသနာတော် အရှည်မတည်တံ့ဘဲ ကွယ်ပျောက်သွားခြင်းအကြောင်းနှင့် စပ်လျဉ်း၍ **"မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သွားသည့်အခါ ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ်ဟူသည့် ပရိသတ်လေးပါးတို့သည် မြတ်စွာဘုရားအပေါ်၌ မရိုမသေ မလေးမစားနေကြခြင်း၊ တရားတော်အပေါ်၌ မရိုမသေ မလေးမစားနေကြခြင်း၊ သံဃာတော်အပေါ်၌ မရိုမသေမလေးမစားနေကြခြင်း၊ မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာစသည်၌ မရိုမသေ မလေးမစားနေကြခြင်း၊ မိမိတို့အချင်းချင်း အပြန်အလှန် မရိုမသေ မလေးမစားနေကြခြင်း"** ဟူသည့် အကြောင်း (၅)မျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်။

### အကြောင်း (၅)မျိုး ဟောကြားတော်မူ

ထို့နောက် အပြန်အလှန်အားဖြင့် သာသနာတော် အရှည်ခံ့၍ တည်တံ့တော်မူနိုင်ခြင်း အကြောင်းနှင့်စပ်လျဉ်း၍ **"ထိုပရိသတ်လေးပါးတို့သည် ဘုရားရှင်ကိုယ်တော်မြတ်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊ တရားတော်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊ သံဃာတော်အပေါ်၌ ရိုသေလေးစား၍နေကြခြင်း၊ မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာစသည်၌ ရိုသေလေးစား၍ နေကြခြင်း၊ မိမိတို့အချင်းချင်း အပြန်အလှန် ရိုသေလေးစား၍ နေကြခြင်း"**ဟူသည့် အကြောင်း (၅) မျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်။

သို့ဆိုလျှင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ် မရိုမသေမလေးမစား ပြုမူလုပ်ကိုင်နေကြသည့် ထိုထိုသော သာသနာ့ပစ္စတ္ထိက သာသနာ့ရန်သူ၊ သာသနာ့ အညစ်အကြေး၊ သာသနာ့အန္တရာယ်တို့ကို မပယ်မရှား၊ မတားမဆီး၊ မပိတ်မပင်ဘဲ လျစ်လျူရှုခဲ့ကြပါမူ ယင်းအန္တရာယ်များ တစ်စတစ်စ ကြီးပွားလာလျှင် သာသနာတော်ကြီး ယိမ်းယိုင်တိမ်းပါး ပျက်စီးသွားနိုင်ပေသည်။

သာသနာကွယ်ပျောက် အမှောင်ရောက်ပါက လောက၌ နေမင်းကြီးကွယ်ပျောက်ဝင်သွားသည် ရှိသော အမှောင်အတိကျရောက်လာသကဲ့သို့ သာသနာ့နေဝန်း မထွန်းမပ ကွယ်ပျောက်ရာကာလ၌ ဤလောကကြီးဝယ် အကုသိုလ်အမှောင်ထုကြီး ဖုံးလွှမ်းလာမည်သာဖြစ်သည်။

သို့ဖြစ်ရကား **"ရဟန်းတို့ မြတ်စွာဘုရားဖြစ်စေ၊ မြတ်စွာဘုရား၏အဆုံးအမ တရားတော်(သာသနာတော်)ဖြစ်စေ လောက၌ တည်ရှိနေလတ်သော် ထိုတည်ရှိနေခြင်းသည် များစွာသော သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားချမ်းသာများခြင်းငှာ၊ သတ္တဝါအပေါင်းကို ငဲ့ညှာထောက်ထား သနားခြင်းငှာ၊ လူနတ်တို့၏ အစီးအပွား ချမ်းသာများခြင်းငှာ ဖြစ်၏"** ဟူသည့် မြတ်စွာဘုရားရှင်၏ ဟောဖော်ညွှန်ပြဆိုဆုံးမမှုနှင့်အညီ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် သံဃာတော်အရှင်သူမြတ်တို့က ဓမ္မနုဂ္ဂဟဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရမင်းနှင့် ပြည်သူပြည်သား၊ ဒါယကာ ဒါယိကာမများက အာမိသ နုဂ္ဂဟဖြင့်လည်းကောင်း ဆရာဒကာ လက်တွဲညီညာစွာ အားပေးချီးမြှောက်ကြပါစို့။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်သည် ကြာမြင့်စွာသော ကာလပတ်လုံးတည်ပါစေ သတည်း။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုပါ ဘုရား။ ။

**ကျမ်းကိုး** – **မကွေးဆရာတော်ဘုရားကြီး၏ သြဝါဒကထာများ၊ ဓမ္မာစရိယ ဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ။**

# သံသရာကြွေးပါမယ့် လုပ်ရပ်တွေကိုပါ ကျူးလွန်လာတဲ့ အကြမ်းဖက်သမားများ

**• • • • မေဝင့်ရှိန် • • • •**

လူမှုမီဒီယာတွေ တွင်တွင်ကျယ်ကျယ်သုံးလာတော့ ကောင်းကျိုးရှိသလို ဆိုးကျိုးကလည်း ကပ်ပါလာတယ်။ ဒေသနီးဝေး ကွာခြားချက်မရှိဘဲ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် ဆက်သွယ်နိုင်တဲ့ ကောင်းကျိုးမျိုးရှိပါရဲ့။ သို့ပေငြား ဆိုးကျိုးအနေနဲ့ လူမှုမီဒီယာတွေ အထူးသဖြင့် ဖေ့စ်ဘွတ်မှာ အဆဲတစ်လိုင်းက ကြီးစိုးနေတယ်။ မကောင်းတဲ့အကျင့်ဆိုတာ ကူးစက်လွယ်တာမို့ ထင်ပါရဲ့။ သူတစ်ပါးနဲ့ အမြင်မတူတဲ့၊ သဘောထားမတူတဲ့ ကိုယ့်ထင်မြင်ချက်ကို ကြမ်းတမ်းတဲ့စကားလုံးတွေနဲ့ဖော်ပြရင်း ဖေ့စ်ဘွတ်တင်တာတစ်မျိုး၊ Live လွှင့်တာတစ်မျိုးနဲ့ ခေတ်မီနေသယောင်။

**မယဉ်ကျေးတဲ့ အလေ့အကျင့်**

တစ်ဦးတစ်ယောက်ချင်းရဲ့ မကောင်းတဲ့အလေ့အကျင့်ဟာ တခြားသူတွေကို ကူးစက်ပြီး အလေ့အထဖြစ်လာတတ်ပါတယ်။ မြန်မာဆိုတာ ယဉ်ကျေးတဲ့လူမျိုးပေမို့ မယဉ်ကျေးတဲ့ အလေ့အကျင့်ကို တစ်ဦးချင်းအလိုက် သိမြင်ရှောင်ရှားကြရမှာပါ။ လူမှုဆက်ဆံရေးနယ်ပယ်မှာ ဆဲရေးတိုင်းထွာနားမခံသာတဲ့စကား ပြောဆိုမှုကို ရှောင်ရှားတာဟာ ကျင့်ဝတ်တစ်ခုဆိုတာ မမေ့လျော့သင့်ပါ။ တစ်ဖက်သား မကျေနပ်စေတဲ့ စကားမျိုးမှန်သမျှဟာ ဆဲရေးတဲ့အထဲမှာ ပါဝင်ပါတယ်။

"လျှာခေးမ"မဖြစ်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ နှုတ်ထွက်စကားတိုင်းအတွက် လျှာကို အသုံးပြုရပါတယ်။ ကောင်းတဲ့စကားဆိုရာဝယ် လျှာကို အသုံးပြုကြသလို မကောင်းတာဆိုတော့လည်း ဒီလျှာကိုပဲ အသုံးပြုရတာ ဖြစ်ပါတယ်။ ဒီလိုမကောင်းတဲ့စကားတွေ ဆိုတတ်တာကို လျှာခေးမလို့ ခေါ်ကြတာဖြစ်ပါတယ်။ ခေးဆိုတာ အရာဝတ္ထုတွေ ဖြတ်တောက်ဖို့ သုံးသလို လျှာခေးမ ပုံစံနဲ့ မကောင်းတဲ့စကားတွေဆိုရင်း ကိုယ့်ဘာသာ မထိခိုက်စေဖို့ ဖြစ်ပါတယ်။

လတ်တလော နိုင်ငံရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့ အမြင်သဘောထား မတူညီတာတွေရှိပါတယ်။ နိုင်ငံရေးခံယူချက်ဆိုတာ ကိုယ်စိတ်ဆန္ဒရှိတဲ့အတိုင်း ရပ်တည်လို့ရပါတယ်။ ဒီလိုပဲ သူတစ်ပါးရဲ့ ရပ်တည်ချက်ကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ လက်ရှိမှာ NUG နဲ့ သူရဲ့ စေစားရာ PDF အဖွဲ့တွေဟာ ဒီမိုကရေစီလို့ ကြွေးကြော်နေပေမယ့် အမြင်မတူသူတွေအပေါ် ဥပဒေမဲ့လုပ်ရပ်တွေ ကျူးလွန်ပြီး နိုင်ငံရေးယုံကြည်ချက်ကို သက်သေပြနေပါတယ်။

**သံဃာတော်များကိုပါ ပြောဆိုဝေဖန်**

ဒီလိုမတူညီတာတွေ အခြေပြုပြီး ပြောဆိုငြင်းခုံရင်း သံဃာတော်အရှင်သူမြတ်တွေကိုပါ ငြိမ်းချမ်းမှုမရှိတဲ့စကားတွေနဲ့ ပြောဆိုဝေဖန်တာတွေဟာ စိတ်မကောင်းစရာတွေပါ။ ကိုယ့်ရဲ့ ရိုင်းစိုင်းမှုတွေထဲမှာ သီလ၊ သမာဓိ၊ ပညာပြည့်ဝတော်မူကြသော သံဃာတော်အရှင်သူမြတ်တွေ ပါနေပြီဆိုရင် ပြောဆိုသူအတွက် အင်မတန် အပြစ်ကြီးလေးပါတယ်။ ပထမဇောစေတနာအနေနဲ့ အကျိုးပေးပြီဆိုရင် လက်ငင်းအကျိုးပေးပြီးတော့ နောင်ဘဝတောင်မကူးဘဲ ပြုတဲ့ကံအကျိုး ခံစားရတတ်တယ်လို့ဗုဒ္ဓတရားတော်တွေက ဆုံးမညွှန်ပြထားပါတယ်။ ဘာသာတရားဆိုတာ ယဉ်ကျေးသိမ်မွေ့အောင်ပဲ လမ်းညွှန်ပြတာပါ။

> **"ဒီလိုမတူညီတာတွေ အခြေပြုပြီး ပြောဆိုငြင်းခုံရင်း သံဃာတော်အရှင်သူမြတ်တွေကိုပါ ငြိမ်းချမ်းမှုမရှိတဲ့ စကားတွေနဲ့ ပြောဆိုဝေဖန်တာတွေဟာ စိတ်မကောင်းစရာတွေပါ။ ကိုယ့်ရဲ့ရိုင်းစိုင်းမှုတွေထဲမှာ သီလ၊ သမာဓိ၊ ပညာပြည့်ဝတော်မူကြသော သံဃာတော်အရှင်သူမြတ်တွေ ပါနေပြီဆိုရင် ပြောဆိုသူအတွက် အင်မတန် အပြစ်ကြီးလေးပါတယ်။ ပထမဇောစေတနာအနေနဲ့ အကျိုးပေးပြီဆိုရင် လက်ငင်းအကျိုးပေးပြီးတော့ နောင်ဘဝတောင် မကူးဘဲ ပြုတဲ့ကံအကျိုးခံစားရတတ်တယ်လို့ ဗုဒ္ဓတရားတော်တွေက ဆုံးမညွှန်ပြထားပါတယ်။ ဘာသာတရားဆိုတာ ယဉ်ကျေးသိမ်မွေ့အောင်ပဲ လမ်းညွှန်ပြတာပါ"**

ယဉ်ကျေးသိမ်မွေ့မှုမရှိဘဲ သံဃာတော်အရှင်သူမြတ်တွေ စော်ကားမိလို့ နောင်ဘဝတောင် မကူးဘဲ လက်ရှိဘဝတင် အကုသိုလ်ကံကြွေးကို ခံစားရတဲ့အဖြစ်အပျက်တစ်ခု ဖတ်မှတ်ဖူးတာကို မျှဝေလိုပါတယ်။ "မောင်ကလျှာတော့ မယ်ကြည်ဖြူ၊ မယ်လျှာတော့ မောင်ရွှင်လန်း" ဆိုတာမျိုး မဟုတ်ဘဲ မယ်က မကြည်ဖြူဘဲ အကုသိုလ်ကံပြုလုပ်ခဲ့တာကြောင့် ကံကြွေးဆပ်ရတဲ့အကြောင်းပါ။ ခင်ပွန်းသည် နန္ဒိယက သံဃာတော်အရှင်မြတ်တွေ၊ မရှိဆင်းရဲသူတွေကို လှူဒါန်းပေးကမ်းတတ်သူ ဖြစ်ပေမယ့် ဇနီးဖြစ်သူ ရေဝတီကတော့ လှူဒါန်းတာဟာ ကုန်ခန်းတယ်လို့သာ ထင်မြင်သူ ဖြစ်ပါတယ်။ မကြည်ဖြူရုံတင်မဟုတ်၊ ဆဲရေးတိုင်းထွာတဲ့အပြင် ကာယကံမြောက် မကောင်းမှုတွေကိုပါ ကျူးလွန်ခဲ့ပါတယ်။ ဒီလို ပြစ်မှားစော်ကားတဲ့အထဲ မြင့်မြတ်တဲ့ ရဟန်းသံဃာတွေပါတဲ့အခါ ရေဝတီဟာ သူ့နှုတ်ထွက်စကား ကြမ်းတမ်းမှုအတွက် ဒိဋ္ဌဓမ္မဝေဒနီယအကုသိုလ် အကျိုးပေးတော့ အရှင်လတ်လတ်ငရဲရောက်တဲ့အထိ ကံကြွေးကို ခံစားခဲ့ရတာကို ဖတ်ရှုဖူးပါတယ်။

**သံသရာအထိပါမယ့် အကုသိုလ်ကံ**

အခုခေတ်မှာလည်း သံဃာတော်အရှင်မြတ်တွေ မှန်းသိသော်လည်း သိရက်နဲ့ပင် ပြစ်တင်ပြောဆိုမှုတွေဟာ သံသရာအထိပါမယ့် အကုသိုလ်ကံတွေ လုပ်နေကြတာ ဖြစ်ပါတယ်။ မင်းကင်းမြို့နယ် ကျေးရွာတချို့က သံဃာတော်တွေကို PDF တွေက လူမှုကွန်ရက်တွေကတစ်ဆင့် သူလျှိုဒလန်အဖြစ် စွပ်စွဲတာ၊ ခြိမ်းခြောက်တာရှိတဲ့အတွက် ဝါတွင်းကာလမှာ ကိုယ့်ကျောင်းကို ဝါမဆိုရဘဲ တခြားတစ်မြို့တစ်ရွာမှာ တိမ်းရှောင်နေရတာတွေရှိတယ်လို့ သိရပါတယ်။ ဒီလို စွပ်စွဲပြစ်တင်ပြောဆိုရုံတင်မကဘဲ ဆရာတော်တွေကို ကာယကံမြောက် အကြောင်းမဲ့သတ်ဖြတ်တဲ့အကြောင်း ကြားသိရတဲ့အတွက် ဝမ်းနည်းစရာပါပဲ။

ဩဂုတ် ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သံပေါက်ကျေးရွာအုပ်စု လောင်းပြည့်ကျေးရွာရှိ ကောဝိသရာမဘုန်းတော်ကြီးကျောင်းက ကျောင်းထိုင်ဆရာတော် ဦးကောဝိသ (၇၄)နှစ်၊ ဝါတော် (၅၄) ဝါကို သတင်းပေး ဒလန်ဖြစ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ PDF တွေက တူမီးသေနတ်နဲ့ ပစ်သတ်ခဲ့တဲ့အတွက် ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူတယ်လို့ သတင်းတွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၁၆ ရက်ကလည်း PDF အကြမ်းဖက်အဖွဲ့က မင်းကင်းမြို့နယ် ပင်တင်း(တောင်)ကျေးရွာက ကျောင်းထိုင်ဆရာတော် ဦးသုမင်္ဂလ သက်တော်(၆၃)နှစ်၊ ဝါတော် (၄၃) ဝါကို ကနီမြို့နယ် မိချောင်းကျေးရွာအနီးမှာ သတ်ဖြတ်ခဲ့တယ်လို့ သိရပါတယ်။

အကြမ်းဖက်သူတွေဟာ သံသရာအထိပါမယ့် အကုသိုလ်ကံတွေကို ကျူးလွန်နေကြပြီ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံနဲ့လူမျိုးကို ကျေးဇူးပြုဖို့ ကြိုးစားရာမှာ မှန်ကန်တဲ့၊ အကုသိုလ်ကင်းတဲ့လုပ်ရပ်တွေ ဖြစ်ဖို့လိုပါတယ်။ အပြုနဲ့အဖျက်ကို သိရှိကြရမှာ ဖြစ်ပါတယ်။ အမှန်၊ အရှိ ဖြစ်တည်မှု မဟုတ်တဲ့ စိတ်ကူးယဉ်နိုင်ငံရေးကို ယုံကြည်ပြီး အသိမှား၊ အမြင်မှားနဲ့ လက်ရှိဘဝတင်မဟုတ်ဘဲ သံသရာပါ မကောင်းတဲ့လုပ်ရပ်တွေ ရပ်တန့်ဖို့ လိုအပ်နေပါပြီ။ ဖြိုဖျက်ခြင်းတွေ၊ သတ်ဖြတ်ခြင်းတွေနဲ့ အကြမ်းဖက်မှုကျူးလွန်သူတွေဟာ ပြုတဲ့ကံကို ပြန်လည်ခံစားကြရမှာပါ။

> **"အကြမ်းဖက်သူတွေဟာ သံသရာအထိပါမယ့် အကုသိုလ်ကံတွေကို ကျူးလွန်နေကြပြီ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံနဲ့ လူမျိုးကို ကျေးဇူးပြုဖို့ ကြိုးစားရာမှာ မှန်ကန်တဲ့၊ အကုသိုလ်ကင်းတဲ့ လုပ်ရပ်တွေဖြစ်ဖို့ လိုပါတယ်။ အပြုနဲ့အဖျက်ကို သိရှိကြရမှာ ဖြစ်ပါတယ်။ အမှန်၊ အရှိ ဖြစ်တည်မှုမဟုတ်တဲ့ စိတ်ကူးယဉ်နိုင်ငံရေးကို ယုံကြည်ပြီး အသိမှား၊ အမြင်မှားနဲ့ လက်ရှိဘဝတင်မဟုတ်ဘဲ သံသရာပါ မကောင်းတဲ့လုပ်ရပ်တွေ ရပ်တန့်ဖို့ လိုအပ်နေပါပြီ။ ဖြိုဖျက်ခြင်းတွေ၊ သတ်ဖြတ်ခြင်းတွေနဲ့ အကြမ်းဖက်မှုကျူးလွန်သူတွေဟာ ပြုတဲ့ကံကို ပြန်လည်ခံစားကြရမှာပါ"**

**အမြင့်ဆုံးအကုသိုလ်ကံ**

ရတနာသုံးပါးတွင်ပါဝင်တဲ့ သံဃာကို ကိုးကွယ်ဆည်းကပ်ရာအဖြစ် မသတ်မှတ်ဘဲ အကြမ်းဖက်သတ်ဖြတ်တာတွေဟာ အကုသိုလ်ကံကို အမြင့်ဆုံးကျူးလွန်နေတာ ဖြစ်ပါတယ်။ "သတိမမူ ဂူမမြင်" ဆိုသလို သတိတရား၊ အသိတရား မလွတ်စေလိုပါ။ အမြင်မှားပြီး အမှားမမြင်စေလိုပါ။ အုပ်စုဖွဲ့အကြမ်းဖက်ဝါဒဆိုတာ ဒီမိုကရေစီနဲ့ ဆန့်ကျင်နေတာကို အသိ၊ သတိရှိကြဖို့လိုပါတယ်။ နိုင်ငံရေးမသမာသူတွေဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးလို့ ဗန်းပြပြီး အဖျက်အမှောင့် အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်စေတာဖြစ်ပါတယ်။ နိုင်ငံရေးအကျိုးအမြတ်ရဖို့အတွက် ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်ရာဖြစ်တဲ့ ရတနာသုံးပါးပါ သံဃာတော်တွေကို ပြစ်မှားကျူးလွန်စေတာဟာ ကံကြီးထိုက်မှာ မြေကြီးလက်ခတ်မလွဲပါပဲ။

နိုင်ငံရေးအရ အသာစီးလိုချင်တဲ့အတွက် သံသရာအထိ မကောင်းမယ့် လုပ်ရပ်တွေအထိ ကျူးလွန်စေတဲ့ NUG ရဲ့ ဩဇာအောက်က ရုန်းထွက်ဖို့ အချိန်တန်ပါပြီ။ အွန်လိုင်းပေါ်ကနေ ဆွယ်တရားတွေ ရဲရဲတောက်ဆိုရင်း NUG က ဘေးလွတ်ရာမှာပဲ ရှိနေတာကို သတိပြုပါ။ NUG ရဲ့ ဩဇာအောက်က လူငယ်တွေမှာတော့ အသက်တွေ၊ အနာဂတ်တွေ ပေးရတာတွေ များလှပါပြီ။ NUG က ဗုံးခွဲ၊ မီးရှို့၊ လူသတ် အကြမ်းဖက်ခြင်းတွေ ပြည်တွင်းမှာ ကျူးလွန်စေတဲ့အတွက် ရဟန်းရှင်လူ ပြည်သူအပေါင်းမှာ စိုးတထိတ်ထိတ်နဲ့သာ။

**ကိုယ့်ကျင့်တရားကို တန်ဖိုးထား**

လူတိုင်းဟာ ကိုယ့်သမိုင်းကိုယ်ရေးနေကြတာလို့ ဆိုကြသလို ကောင်းခြင်း၊ ဆိုးခြင်းတွေဟာ ဘယ်သူမပြု မိမိမှုသာ။ ဒါကြောင့် ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါစေနဲ့။ ကံငါးပါးကို စောင့်ထိန်းတဲ့ ကိုယ်ကျင့်တရားကို တန်ဖိုးထားတတ်ကြပါစေ။ မီးရှို့၊ လူသတ်တဲ့ မကောင်းတဲ့ လုပ်ရပ်တွေနဲ့ ရပ်တည်ချက်မမှားစေဘဲ အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေလို့သာ ဆန္ဒပြုရေးသားလိုက်ရပါတယ်။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Oxygen Concentrator အလုံး ၁၄၀ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှမြန်မာနိုင်ငံသို့ လှူဒါန်းသည့် Oxygen Concentrator အလုံး ၁၄၀ သည် ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ပြီး လှူဒါန်းပစ္စည်းများ လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



**ဆက်လက်ကူညီသွားမည်**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကပ်ရောဂါ တိုက်ဖျက်ရေး အကူအညီပေးခြင်းသည် အပြန်အလှန်ဖေးမကူညီသည့် အေးအတူပူအမျှ အသိုက်အဝန်းစိတ်ဓာတ်ကို အဓိပ္ပာယ် ဖွင့်ဆိုလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်မှစ၍ တရုတ်-မြန်မာ နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံအားပေး၍ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသည် ကပ်ရောဂါ တိုက်ဖျက်ရေး တိုက်ပွဲအတွင်း၌ စာမျက်နှာသစ် ဆက်လက် ရေးသားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထောက်ပံ့လျက်ရှိပြီး ယူနန်ပြည်နယ် တရုတ်-မြန်မာ အထူးလမ်းကြောင်းမှ အောက်ဆီဂျင်အရည်စသည့်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ဆောင်နိုင်ရေး ကူညီပေးလျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ မြန်မာနိုင်ငံရှိ တရုတ်လုပ်ငန်းရှင်များကလည်း လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ တရုတ်-မြန်မာချစ်ကြည်ရေး စာသင်ကျောင်း၊ နားမကြားသော ကလေးများကျောင်း၊ ကလေးဆေးရုံ စသည့် မြန်မာနိုင်ငံနယ်ပယ် အသီးသီးသို့ ကပ်ရောဂါကာကွယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်းပေးလျက်ရှိပြီး နှစ်နိုင်ငံ ကပ်ရောဂါ ပူးတွဲကာကွယ် ထိန်းချုပ်ရေးကို အားဖြည့်ပေးလျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ နယ်ပယ်အသီးသီး၏ အတူတကွ ကြိုးပမ်းမှုကြောင့် လက်ရှိမြန်မာနိုင်ငံ၏ ကပ်ရောဂါကာကွယ်ထိန်းချုပ်မှုတွင် အကျိုးထိရောက်မှုရှိသည်ကို တွေ့ရှိရပါကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ မြန်မာနိုင်ငံ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် ဆက်လက်အကူအညီ ပေးအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကပ်ရောဂါကို ဆောလျင်စွာ သေချာပေါက် အနိုင်ယူနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**များစွာအထောက်အကူပြု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကို ထိန်းချုပ်ကာကွယ်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနီးကပ်ဦးစီးပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုနှင့် သက်ဆိုင်ရာဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုနှင့် စေတနာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်တကွ ဆေးနှင့်ဆေးပစ္စည်းများ၊ Oxygen Concentrator အစရှိသော ထောက်ပံ့မှုများ၊ ကိုဗစ်-၁၉ တိုက်ဖျက်ရေး အတွေ့အကြုံများ ဝေမျှခြင်း အစရှိသည်တို့ကို ကြည့်ခြင်းဖြင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးခိုင်မြဲစွာ တည်ရှိလျက်ရှိကြောင်း တွေ့မြင်နိုင်ပြီး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် များစွာ အထောက်အကူပြုပြီး မြန်မာပြည်သူလူထု၏ အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်သွား**

ယခုလှူဒါန်းသည့် Oxygen Concentrator အလုံး ၁၄၀ အပါအဝင် ဆေးပစ္စည်းများကို ကိုဗစ်-၁၉ ရောဂါခံစားနေရသည့် လူနာများအတွက် တိုက်ရိုက်ရောက်ရှိအောင် အမြန်ဆုံး ပို့ဆောင်ပေးပြီး အကျိုးရှိစွာ အပြည့်အဝအသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အဓိကလိုအပ်သော CDC(Center for Disease Control) ကို နေပြည်တော်တွင် တည်ဆောက်နိုင်ရန် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ကူညီဆောင်ရွက် ပေးနေသည့်အတွက် အကျိုးရှိပြီး ကျေးဇူးတင်ရှိပါကြောင်း၊ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

(ခ) **ကယားပြည်နယ်**

(၁) လွိုင်ကော်မြို့နယ်၊

(ဂ) **စစ်ကိုင်းတိုင်းဒေသကြီး**

(၁) ကျွန်းလှမြို့နယ်၊

(ဃ) **မွန်ပြည်နယ်**

(၁) ချောင်းဆုံမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် -

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူး ရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ အေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေ ကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီ ဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၅-၈-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၄-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Price In Kyats (Retail) | Company Name |
|---|---|---|---|
| | **Antibiotics** | | |
| 1 | PO- Azithromycin 500mg | 5640 | AA MEDICAL PRODUCTS LTD. |
| | **Anti-inflammatory** | | |
| 2 | P.O Dexamethasone | 1530 | AA MEDICAL PRODUCTS LTD. |
| | **Antiviral** | | |
| 3 | P.O Favipiravir 400mg | - | AA MEDICAL PRODUCTS LTD. |
| | **Anti thrombosis** | | |
| 4 | Injection Enoxaparin 40mg | 11000 | Right & Bright International Co., Ltd. |
| | Injection Enoxaparin 60mg | 14000 | |
| | **Symptomatic** | | |
| 5 | P.O Paracetamol 500mg | 1490 | AA MEDICAL PRODUCTS LTD. |
| | **Supportive** | | |
| 6 | P.O Multivitamin with/without zinc | - | YE' TA KHON |
| 7 | P.O Vitamin C 500 mg | 8500 | YE' TA KHON |
| | **Antibiotics** | | |
| 8 | Injection- Ceftriazone 1G | 2500 | MYITTAR AHLINN YAUNG CO., LTD. |
| 9 | Injection- Cefoperazone and Sulbactam 1G/2G | 6850 | Right & Bright International Co., Ltd. |
| 10 | Injection- Meropenem | 10000 | AA MEDICAL PRODUCTS LTD. |

အခြားသောဆေးဝါးများ၏ ဈေးနှုန်းများကို Website(www.mccpmd.org) နှင့် Facebook Page https://www.facebook.com/323302521392189/posts/1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(၁၀၀)

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများလွယ်လင့်တကူဝယ်ယူနိုင်ရေး၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ယနေ့တွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ ဆေးနှင့်ဆေးပစ္စည်းဖြန့်ဖြူး ရောင်းချသော ကုမ္ပဏီ ၁၉ ခုမှ အိမ်သုံးဆေးဝါး ၂၉၇ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် သိန်း ၈၀ ကျော် တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း သတ္တမမြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရွေ့လျားဈေးကားဖြင့် ကြက်၊ ဝက်၊ ဆိတ်နှင့် အမဲသားတို့ကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များအတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၄၄၄ ဦး တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊



ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၂၀၂၀ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၃၄၄၄ ဦး တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ငုတ္တိုကျေးရွာရှိ ညောင်ပင်သာဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ညောင်ပင်သာကျောင်းတိုက်၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်နှင့် မရမ်းချိုကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပတ္တမြားကျောင်းတိုက်၊ မတ္တရာမြို့နယ် ဆည်တော်လေးကျေးရွာရှိ လိုတရတောင်ပေါ်ဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေး

ဂျကာတာ ဩဂုတ် ၂၄

**အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၂၄ ရက်တွင် စီးပွားရေးလုပ်ငန်းများအပေါ် ကန့်သတ်ထားမှုကို ဖြေလျှော့ပေးနေပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်မှုများ လျော့ကျလာသည့်အတွက် ယခုလို ဖြေလျှော့မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။**



ဂျကာတာမြို့၌ သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

အင်ဒိုနီးရှား နိုင်ငံတွင် ဇူလိုင်လအတွင်းမှ စတင်ကာ ဒယ်လ်တာ ဗိုင်းရပ်စ်ကြောင့် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၅၀၀၀၀ အထက်တွင် ရှိခဲ့သည်။ ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာလည်း ထိခိုက်ခဲ့ရသည်။ မြို့တော် ဂျကာတာအပါအဝင် နိုင်ငံ၏ အချို့သော ဧရိယာများတွင် တင်းကျပ်သည့် ကန့်သတ်ချက်များ ချမှတ်ခဲ့ရသည်။

ဩဂုတ် ၂၃ ရက်တွင် နေ့စဉ်ကူးစက်မှုမှာ ၉၆၀၄ ဦးအထိ လျော့ကျပြီးနောက် ကန့်သတ်ချက်များ တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးခြင်းကို လုပ်ဆောင်ခဲ့သည်။ နှစ်လတာအတွင်း နေ့စဉ်ကူးစက်မှုမှာ ၁၀၀၀၀ အောက် ပထမဆုံးအကြိမ် အဖြစ် လျော့ကျခဲ့ခြင်းဖြစ်သည်။

သေဆုံးမှုနှုန်းမှာလည်း တစ်ရက်တည်း ၈၄၂ ဦးရှိခဲ့ပြီး တစ်လတာအတွင်း ပထမဆုံးအကြိမ် အဖြစ် ၁၀၀၀ အောက် လျော့ကျခဲ့ခြင်းဖြစ်သည်။

အဆင့်လေးဆင့် ရှိသည့် ကန့်သတ်မှုတွင် အတင်းကျပ်ဆုံး အဆင့် ကန့်သတ်ထားရာမှ ယခုအခါ ဒုတိယအဆင့်သို့ လျှော့ချလိုက်ကြောင်း ဩဂုတ် ၂၃ ရက်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောသည်။

စားသောက်ဆိုင်များတွင် လူဦးရေ ကန့်သတ်ချက်ဖြင့် ဆိုင်ထိုင်စားသောက်ခွင့်ပေးပြီး ပြည်ပသို့ တင်ပို့သည့် လုပ်ငန်းများတွင် ဝန်ထမ်းအင်အား အပြည့်ဖြင့် ပြန်လည် လည်ပတ်ခွင့်ပေးပြီဖြစ်သည်။ ကူးစက်မှု အန္တရာယ်နှင့်နီးစပ်သည့်အပြုအမူများကို ရှောင်ရှားကြရန်လည်း အစိုးရက တောင်းဆိုထားသည်။ **ဆင်ဟွာ**

## မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် ရေကြီးမှုဖြစ်ပေါ်ပြီး ဆူဒန်၌ ၅၂ ဦးသေဆုံး

ခါတွန် ဩဂုတ် ၂၄

ဆူဒန်နိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် ရေကြီးမှုတို့ကြောင့် လူ ၅၂ ဦး သေဆုံးခဲ့ရသည်ဟု ဩဂုတ် ၂၃ ရက်တွင် ဆူဒန် အာဏာပိုင်များက ပြောသည်။

ရေကြီးမှုကြောင့် နေအိမ်ပေါင်း ၃၈၉၀ မှာ လုံးဝပျက်စီးသွားခဲ့ရပြီး တစ်စိတ်တစ်ပိုင်းသာ ပျက်စီးခဲ့သည့် နေအိမ်ပေါင်းမှာ ၁၂၅၀၀ ရှိသည်ဟု ဆူဒန် ပြည်သူ့ကာကွယ်ရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူ ဂျလီအဗ္ဗဒူရာဟင်က ပြောသည်။

ဆူဒန်နိုင်ငံသည် ဇွန်လမှ အောက်တိုဘာလအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးမှု ဖြစ်ပေါ်လေ့ရှိသည်။ လွန်ခဲ့သည့်နှစ်အတွင်းကလည်း ရေကြီးမှုကြောင့် လူပေါင်း ၁၃၈ ဦးသေဆုံးခဲ့ရပြီး နေအိမ်ပေါင်းထောင်နှင့်ချီ၍ ပျက်စီးခဲ့ရသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်မှ ထွက်ခွာလာသည့်လေယာဉ်များ အမေရိကန်သို့ ရောက်ရှိ

ဝါရှင်တန် ဩဂုတ် ၂၄

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်များနှင့် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အာဖဂန်လူမျိုးများကို ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် လုပ်ကိုင်လျက်ရှိသည်။



ကဘူးလ်မြို့လေဆိပ်၌ သွားလာနေသည့် အာဖဂန်မိသားစုတစ်စုကို တွေ့ရစဉ်။

ဩဂုတ် ၁၄ ရက်မှစတင်ကာ အာဖဂန်နစ္စတန်မှ လူပေါင်း ၄၈၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း အိမ်ဖြူတော်က ပြောသည်။

အာဖဂန်မှ ခေါ်ထုတ်လာသည့် လူများကို တင်ဆောင်လာသည့် လေယာဉ်မှာ ဩဂုတ် ၂၃ ရက်တွင် ဝါရှင်တန်မြို့အပြင်ဘက်ရှိ ဒါးလက်စ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည်။

အာဖဂန်မှ ခေါ်ထုတ်လာသူများကို အရှေ့အလယ်ပိုင်းနှင့် ဥရောပရှိ အမေရိကန်စစ်အခြေစိုက်စခန်းများတွင် တစ်ထောက်နားပြီးနောက် အမေရိကန်သို့ ပို့ဆောင်ပေးခဲ့သည်။

ကဘူးလ်မြို့ လေဆိပ်အနီး၌ အရပ်သားများအကြားတွင် တာလီဘန်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု ကဘူးလ်မြို့မှ အမျိုးသမီးတစ်ဦးက ပြောသည်။

အမေရိကန်တပ်များသည် ဩဂုတ် ၃၁ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာရန် ရက်သတ်မှတ်ထားသော်လည်း ကဘူးလ်မြို့တွင် လုံခြုံရေးအခြေအနေများ ဆိုးရွားနေသည့်အတွက် အရပ်သားများကို ကယ်ထုတ်ရေး အစီအစဉ်မှာ အနှောင့်အယှက် အဟန့်အတားများနှင့် ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**

## ဂရိနိုင်ငံ၌ ထိခိုက်လွယ်သည့် အုပ်စုကို ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးပေးမည်

အေသင် ဩဂုတ် ၂၄

စက်တင်ဘာလအစောပိုင်းမှစတင်ကာ ဂရိနိုင်ငံတွင် ထိခိုက်လွယ်သည့် ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထပ်ထိုးပေးမည်ဟု အာဏာပိုင်များက ဩဂုတ် ၂၃ ရက်တွင် ပြောသည်။

ကိုယ်အင်္ဂါအစိတ်အပိုင်း လဲလှယ်ထားသူများ၊ ကင်ဆာရောဂါသည်များကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးပေးမည်ဟု သိရသည်။



ဂရိနိုင်ငံ အေသင်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

ကာကွယ်ဆေးအပြည့်ထိုးပြီးနောက် အချိန်ကြာလာသည့်အခါ ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုများမှာ လျော့ကျလာသည့်အတွက် နောက်တစ်ကြိမ်ထပ်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ထိခိုက်လွယ်သည့်ပြည်သူများကို ကိုဗစ်-၁၉ မှ အကာအကွယ်ပေးနိုင်မည်ဟု အမျိုးသားကာကွယ်ဆေး ကော်မတီဥက္ကဋ္ဌ မာရီယာ သီအိုဒိုရီဒိုက ပြောသည်။

ဂရိနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်ထိုးပြီးသူ ၅ ဒသမ ၆ သန်းကျော်ရှိပြီး ယင်းအရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၅၃ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ဂရိနိုင်ငံ၌ ဩဂုတ် ၂၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၆၂၈ ဦးရှိပြီး သေဆုံးသူ ၃၄ ဦးရှိသည်ဟု အမျိုးသားကျန်းမာရေးအဖွဲ့အစည်းက ပြောသည်။

နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားရသည့် လူနာ အရေအတွက်မှာ ၃၁၉ ဦးရှိသည်။

လွန်ခဲ့သည့် နှစ်ပတ်အတွင်း အထူးကြပ်မတ်ကုသဆောင်အတွင်း ကုသမှုခံယူနေသူ ၃၀ ရာခိုင်နှုန်း တိုးလာခဲ့သည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်သို့ လောင်စာတင်ပို့မှု အီရန် ပြန်လည်စတင်

တီဟီရန် ဩဂုတ် ၂၄

အာဖဂန်နစ္စတန်သို့ လောင်စာဆီများ တင်ပို့မှု ပြန်လည်စတင်တော့မည်ဟု ဩဂုတ် ၂၃ ရက်တွင် အီရန်နိုင်ငံကကြေညာခဲ့ကြောင်း တက်စ်နင်သတင်းဌာနတွင် ဖော်ပြထားသည်။

အချိန်ကာလ အတိုင်းအတာတစ်ခုအထိ အာဖဂန်နစ္စတန်သို့ ရေနံတင်ပို့မှု ဆိုင်းငံ့ပြီးနောက် ယခုအခါ ပြန်လည်ပို့ဆောင်တော့မည်ဟု အီရန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချသူများသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ ဟာမစ် ဟိုစိန်နီက ပြောသည်။

တချို့သော စီးပွားရေးလုပ်ငန်းရှင်များကမူ အာဖဂန်နစ္စတန်တွင် လုံခြုံရေးအခြေအနေများကြောင့် သတိထားရန် လိုအပ်သေးသည်ဟု စိုးရိမ်နေကြသည်။ တောင်ပိုင်း ခိုရာဆန်ပြည်နယ် အကောက်ခွန်ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဟတ်ဆန်ရာဟီမီဇာဒတ်ကမူ အာဖဂန်နစ္စတန်နှင့်ထိစပ်နေသည့် ၎င်းတို့နယ်စပ်တွင်မူ တည်ငြိမ်မှုများရှိသည်ဟု ပြောသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ တိုကျိုတွင် နေအိမ်တွင်း ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြည့်လူနာ ပိုများလာ

**တိုကျို ဩဂုတ် ၂၄**

ဂျပန်နိုင်ငံ တိုကျိုတွင် နေအိမ်တွင်းအသွားအလာကန့်သတ်ထိန်းချုပ်စောင့်ကြည့်နေသည့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် မြင့်တက်လာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဩဂုတ် ၂၄ ရက်ကဖော်ပြလိုက်သည်။

မြို့တော် တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ဆေးရုံတက်ရောက်ရသည့် လူနာအရေအတွက်သည် ပထမဆုံးအကြိမ်အဖြစ် ၄၀၀၀ ကျော်လွန်လာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော်လည်း မစိုးရိမ်ရ သို့မဟုတ် ရောဂါလက္ခဏာမပြသော လူပေါင်း ၂၅၀၀၀ ခန့်ကို နေအိမ်တွင်း၌ အသွားအလာကန့်သတ်ထိန်းချုပ်နေထိုင်လျက်ရှိသည်။


ဂျပန်နိုင်ငံ အိုဆာကာခရိုင်တွင် သူနာပြုတစ်ဦးက ကိုဗစ်-၁၉ ဝေဒနာသည်တစ်ဦးကို ကုသပေးနေစဉ်။

တိုကျိုအစိုးရ၏ တောင်းဆိုမှုကြောင့် Fast Doctor ဟုခေါ်သော သမားတော်အဖွဲ့တစ်ဖွဲ့သည် လူနာများကို အိမ်တိုင်ရာရောက် လိုက်လံကြည့်ရှုပေးလျက်ရှိသည်။

အသက် ၂၀ ကျော်အရွယ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတစ်ဦးက သူသည် ရောဂါအခြေအနေကို စစ်ဆေးပေးသည့် ဒေသန္တရကျန်းမာရေးဌာနက ဖုန်းခေါ်ဆိုမှုကို မကြာခဏလက်ခံ ရရှိကြောင်း ပြောသည်။

သို့သော်လည်း ဖုန်းခေါ်ဆိုမှုများကြား သူ့ရောဂါအခြေအနေပိုဆိုးလာမည်ကို စိုးရိမ်လျက်ရှိကြောင်း အဆိုပါလူနာက ပြောကြားလိုက်သည်။

နောက်ထပ်နေအိမ်တွင် သီးသန့်ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်နေသော အသက် ၅၀ ဝန်းကျင် အမျိုးသမီးတစ်ဦးက သူ့တွင် အဆုတ်ရောင်ရောဂါဖြစ်နေကြောင်း ပြောကြားခဲ့သော်လည်း ဒေသန္တရကျန်းမာရေးဌာနက သူ့ကို လက်ခံမည့်ဆေးရုံကို မညွှန်းပို့နိုင်ခဲ့ပေ။ ထိုသို့မပြုလုပ်ပေးနိုင်ခဲ့သည့်အတွက် အိမ်တိုင်ရာရောက် ကြည့်ရှုပေးသည့် ဆရာဝန်အဖွဲ့က အောက်ဆီဂျင်စက်ကို သုံးကာ သူ့ကို အသက်ရှူနိုင်အောင် ကူညီပေးခဲ့ရသည်။

အဆိုပါဆရာဝန်များက တချို့ဖုန်းခေါ်ဆိုမှုများကို လက်မခံဘဲ ပယ်ချခဲ့ရကြောင်း အထူးသဖြင့် အောက်ဆီဂျင်စက်မရှိသည့်အခါမျိုးတွင် ဖုန်းခေါ်ဆိုမှုများကို ငြင်းပယ်ကြောင်း သိရသည်။ အဆိုပါကိစ္စမျိုးတွင် အရေးပေါ် အကူအညီပေးရန် လူနာတင်ယာဉ်ကို ခေါ်ရသည်။

ဆေးရုံမတက်ရောက်ရဘဲ နေအိမ်တွင် ကိုဗစ်-၁၉ ကန့်သတ်စောင့်ကြည့်မှု ပြုလုပ်နေသော လူနာများတွင် အဆုတ်ရောင်ရောဂါဖြစ်ပွားသူပိုမိုများပြားလာကြောင်းအဖွဲ့၏ ကိုယ်စားပြုဒေါက်တာ ကီကူချီရိုက ပြောသည်။

တိုကျိုမသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ပြည်သူများအနေဖြင့် အပြင်ထွက်နိုင်ခြေများသဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမည့်အန္တရာယ်ကို စိုးရိမ်မိကြောင်း ၎င်းကပြောသည်။

**အင်န်အိတ်ချ်ကေ**

## နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အမေရိကန်အက်ဖ်ဒီအေခွင့်ပြုချက်ပေးမည်ဟုဆို

**ဝါရှင်တန် ဩဂုတ် ၂၄**

နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အမေရိကန်ပြည်ထောင်စုက လာမည့်သီတင်းပတ်များအတွင်း အပြည့်အဝအတည်ပြု ပေးမည်ဖြစ်ကြောင်း၊ အသက် ၁၂ နှစ်အောက် ကလေးများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးကိုဆောင်းဦးရာသီ ထက်နောက်မကျဘဲ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ၏ ထိပ်တန်း ကူးစက်ရောဂါဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ ဒေါက်တာ အန်တိုနီဖော်စီက ဩဂုတ် ၂၄ ရက်က ပြောကြားလိုက်သည်။



ဒေါက်တာ အန်တိုနီ ဖော်စီ။

ဖိုက်ဇာ - ဘီရွန်တက်ခ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အက်ဖ်ဒီအေက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံချက်ပေးပြီးနောက် တစ်နေ့တွင် ဖော်စီက ယခုလို ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ထိပ်တန်းဆေးဘက်ဆိုင်ရာအရာရှိလည်းဖြစ် ခါတ်မတည့်ခြင်းနှင့် ကူးစက်ရောဂါဆိုင်ရာ အမျိုးသား အင်စတီကျု၏ ခေါင်းဆောင်လည်း ဖြစ်သည့် ဒေါက်တာ အန်တိုနီဖော်စီက မကြာမီအချိန်အတွင်း မော်ဒါနာနှင့် ဂျွန်ဆင်နှင့်ဂျွန်ဆင် ကိုဗစ်-၁၉ကာကွယ်ဆေးများကို အက်ဖ်ဒီအေက အပြည့်အဝ အသုံးပြုခွင့်ပေးနိုင်ကြောင်း အများဆုံးတစ်လအတွင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

လာမည့်အားလပ်ရက် ရာသီမရောက်ခင် ကလေးငယ်များအတွက် မော်ဒါနာနှင့် ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် အက်ဖ်ဒီအေ၏ ထောက်ခံချက်ရရှိနိုင်ကြောင်း ဖော်စီက ပြောသည်။

**စီအင်န်အေ**

## မလေးရှားနိုင်ငံတွင် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၈၃၇ ဦးတိုးလာ

**ကွာလာလမ်ပူ ဩဂုတ် ၂၄**

မလေးရှားနိုင်ငံတွင် ဩဂုတ် ၂၄ ရက်က တစ်နေ့တည်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၈၃၇ ဦးတိုးလာကြောင်း အတည်ပြုဖော်ပြပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၉၃၆၀၂ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၂ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၀၈၁၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။ နောက်ထပ် ၂၁၁ ဦး ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၅၅၃ ဦးရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီးဆေးရုံမှ ဆင်းလာသူ ၁၈၆၁၃ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၁၃၁၆၃၃၆ ဦး သို့မဟုတ် ၈၂ ဒသမ ၆ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၆၂၇၁၃ ဦးအနက် ၁၀၆၃ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၅၁၁ ဦးမှာ အသက်ရှူအထောက်အကူလိုအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘရူနိုင်းနိုင်ငံတွင် တစ်နှစ်ကျော်ကာလအတွင်း ကိုဗစ်-၁၉ ဖြင့်သေဆုံးသူ ပထမဆုံး နှစ်ဦးရှိလာ

**ဘန်ဒါဆီရီဘီဂါဝန် ဩဂုတ် ၂၄**

ဘရူနိုင်းနိုင်ငံတွင် ဩဂုတ် ၂၄ ရက်က ကိုဗစ်-၁၉ ကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဘရူနိုင်းနိုင်ငံတွင် တစ်နှစ်ကျော်ကာလအတွင်း ကိုဗစ်-၁၉ ကြောင့် ပထမဆုံး သေဆုံးခဲ့ခြင်းဖြစ်သည်။


ဘရူနိုင်းနိုင်ငံ ဘန်ဒါဆီရီဘီဂါဝန်ရှိ ဆူလ်တန်အိုမာအလီဆိုင်ဖူဒင် ဝတ်ကျောင်းအဆောက်အအုံကို တွေ့ရစဉ်။

### အဆုတ်အတွင်း ကိုဗစ်- ၁၉ ကူးစက်

ကိုဗစ်-၁၉ ကြောင့်သေဆုံးသူနှစ်ဦးမှာ အသက် ၈၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၆၉ နှစ်အရွယ်အမျိုးသားတို့ဖြစ်ကာ နှစ်ဦးစလုံးမှာ ဘရူနိုင်းနိုင်ငံသားများဖြစ်ကြသည်။ ရောဂါထိန်းချုပ်စင်တာသို့ ပို့ဆောင်ကာ အဆုတ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### သေဆုံးသူပေါင်း ငါးဦးရှိလာ

ဘုရင့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရူးနိုင်းတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူပေါင်းမှာ ငါးဦးအထိရောက်ရှိလာပြီဖြစ်သည်။

လူပေါင်း ၄၅၀၀၀၀ နေထိုင်သော ဘရူနိုင်းနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ဖွန်လက ကိုဗစ်-၁၉ သေဆုံးမှု နောက်ဆုံးဖြစ်ခဲ့သည်။

**စီအင်န်အေ**

# ဩဂုတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

# ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၀၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၂၃ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၄၆၂၂ ဦးရှိ

(၂၄-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၃-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၉၄၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၅၀၆)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၄၄၇,၂၇၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၇၈,၃၇၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၃၉၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၀၅,၈၄၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၂၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၆၂၂) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၄-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၆၈)ခု | (၇၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၅)ခု | (၆၁)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂၄)ခု | (၁၉၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၈၂)ခု | (၁၄)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၄)ခု | (၀)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၇)ခု | (၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၄၃)ခု | (၃၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၀၃၂)ခု | (၁,၇၃၉)ဦး |
| **စုစုပေါင်း** | (၁၁,၉၄၀)ခု | (၂,၅၀၆)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့် စောင့်ကြည့်ရမည့်သူများ ထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေး စခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိ ပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်–၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၅၆ ဦးနှင့် အမျိုးသမီး ၈၃ ဦး စုစုပေါင်း ၂၃၉ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား တစ်ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေး စခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၅၅ ဦးနှင့် အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၁၂၀ ကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၁ ဦး နှင့် အမျိုးသမီး ၁၂ဦး စုစုပေါင်း ၅၃ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၂၆၆ ဦး၊ အမျိုးသမီး ၂၃၁ ဦး၊ စုစုပေါင်း ၄၉၇ ဦးနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသမီး တစ်ဦးကိုလည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်းမှ အမျိုးသား ၃၃၈ ဦး၊ အမျိုးသမီး ၁၅၆ ဦး စုစုပေါင်း ၄၉၄ ဦးကို လည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

သတင်းစဉ်

# ကာကွယ်ဆေးထိုးပြီးပါက ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးနည်းလမ်းတွေကို ဆက်လက် လိုက်နာကျင့်သုံးရဦးမှာ ဖြစ်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

ထက်လျှို

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၃ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။**

**ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးတွေကို ဘာကြောင့် ထိုးနှံသင့်သလဲဆိုတာနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး ။ ။** ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းက ကိုဗစ် – ၁၉ ကပ်ရောဂါကို ရပ်တန့်နိုင်ဖို့အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်တယ်။ လက်ရှိကမ္ဘာပေါ်မှာ ရောဂါဖြစ်ပွားမှုတွေက တစ်နေ့ထက်တစ်နေ့များနေပြီး သေဆုံးမှုတွေကလည်း မြင့်တက်နေတဲ့အတွက် ကာကွယ်ဆေးထိုးနှံဖို့အတွက် ကမ္ဘာ့နိုင်ငံတွေကနေပြီး အထူးကြိုးစားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ကာကွယ်ဆေးတွေ ဘာလို့ထိုးရတာလဲနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဇူလိုင် ၁၉ ရက်မှာ နောက်ဆုံးတည်းဖြတ်ပြင်ဆင်ခဲ့တဲ့ ကာကွယ်ဆေးနဲ့ ကာကွယ်ဆေးထိုးခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ အမေး/အဖြေတွေကို ကိုးကားပြီး ဖြေကြားသွားပါမယ်။ အရင်ဆုံး ‘ကာကွယ်ဆေးထိုးခြင်း’က ဘာလဲဆိုတာကို ရှင်းပြချင်ပါတယ်။

‘ကာကွယ်ဆေးထိုးခြင်း’ က အလွန်ရိုးရှင်းသော၊ လွယ်ကူသော၊ စိတ်ချရသော ကာကွယ်နည်းတစ်ရပ်ဖြစ်ပါတယ်။ ရောဂါတစ်ခုကို ကာကွယ်ဆေးထိုးခြင်းနဲ့ ကာကွယ်ခြင်းသည်သာလျှင် အကောင်းဆုံး နည်းလမ်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါဝင်ရောက် ကူးစက်ပြီးမှ ရောဂါပိုးရဲ့ အန္တရာယ်ကို ကာကွယ်တားဆီးဖို့အတွက် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားတွေက ထုတ်လုပ်ဖို့ ပြင်မယ်ဆိုရင် နောက်ကျနိုင်ပါတယ်။ ဒီကြားထဲ ရောဂါကြောင့် ခန္ဓာကိုယ်မှာ ပြင်းထန်တဲ့ဝေဒနာတွေ ခံစားရနိုင်ပါတယ်။ အသက်သေဆုံးတဲ့အထိလည်း ဖြစ်နိုင်ပါတယ်။ ဒီလိုရောဂါဖြစ်ပွားတာကို တကယ်ရောဂါမဖြစ်စေဘဲနဲ့ ရောဂါပိုးဝင်ရောက်တဲ့ ပုံစံမျိုး အတုဖန်တီးပြီး ကိုယ်ခံအားစနစ်ကို ကြိုတင်ပြင်ဆင်အလုပ်လုပ်ခိုင်းခြင်းဖြင့် ကိုယ်ခံအားစနစ်က ကောင်းမွန်စွာ အလုပ်လုပ်နိုင်ပြီး ရောဂါပိုးဝင်ရောက်လာပါက အလွယ်တကူ အမြန်ဆုံးတိုက်ထုတ်နိုင်အောင် ရည်ရွယ်တာဖြစ်ပါတယ်။

တချို့တွေက ကာကွယ်ဆေးထိုးရင် ဒီရောဂါပိုး ကူးစက်မှာလားလို့ မေးပါတယ်။ မကူးစက်ပါဘူး။ ကာကွယ်ဆေးထိုးခြင်းနဲ့ ရောဂါပိုးကူးစက်တာက မဆိုင်ပါဘူး။ တချို့တွေက ပြီးခဲ့တဲ့ရက်ကမှ ကာကွယ်ဆေးထိုးလိုက်တယ်၊ နောက်နှစ်ရက်မှာ ကိုဗစ် – ၁၉ ရောဂါလက္ခဏာတွေ ပေါ်လာတယ်၊ စမ်းသပ်ကြည့်တော့ ကိုဗစ် – ၁၉ တွေ့တယ်၊ ဒါတွေက ကာကွယ်ဆေးထိုးလို့ ရောဂါပိုးပေါ်လာတာလားဆိုရင် မဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်လို့ ကာကွယ်ဆေးထိုးပေးခြင်းသည် စိတ်အချရဆုံး၊ ဘေးအကင်းဆုံး ကာကွယ်မှုဖြစ်ပါတယ်။

သို့သော် ကာကွယ်ဆေးထိုးပြီးပါက ခန္ဓာကိုယ်အနေနဲ့ ကိုယ်ခံစွမ်းအားရရှိဖို့အတွက် အလုပ်လုပ်ဖို့ အချိန်ပေးရပါတယ်။ ကာကွယ်ဆေးထိုးပြီး အနည်းဆုံး ရက်သတ္တ နှစ်ပတ်ခန့် ကိုယ်ခံအားအတွက် အချိန်ပေးရပါတယ်။ ဒီကြားထဲမှာ ရောဂါကူးစက်နိုင်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေး ထိုးပြီးပါက ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးနည်းလမ်းတွေကို ဆက်လက်လိုက်နာကျင့်သုံးရဦးမှာ ဖြစ်ပါတယ်။ ဒါဆိုရင် မသိလိုက်ဘဲနဲ့ ကာကွယ်ဆေးထိုးမိရင် ဘာဖြစ်နိုင်သလဲ၊ ဘာမှဆိုးကျိုးမဖြစ်နိုင်ပါဘူး။ ကာကွယ်ဆေး ထိုးထားတဲ့အတွက် ဆိုးကျိုးမရှိပါဘူး။



ဒါကြောင့် ကာကွယ်ဆေးထိုးတဲ့အခါမှာ လက်ရှိဝေဒနာခံစားနေရတဲ့သူတွေ၊ ဖျားနာပြီး အနံ့ပျောက်တဲ့သူတွေကို ဆေးမထိုးပေးပါဘူး။ ဘာကြောင့် မထိုးပေးတာလဲဆိုရင် လက်ရှိမှာ သူတို့တွေ ခံစားနေရတဲ့ဝေဒနာသည် ကိုဗစ် – ၁၉ ဖြစ်နိုင်ပါတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးရင် ထူးခြားပြီး အကျိုးမရှိပါဘူး။ ဘာကြောင့်လဲ၊ ရောဂါပိုးတစ်ခု ဝင်လာပြီးသွားပြီဆိုရင် သူ့အတွက် အလုပ်လုပ်ဖို့ အချိန်ပေးရပါတယ်။ သူ့အတွက် ကိုယ်ခံအားတည်ဆောက်ဖို့ အချိန်ပေးရပါတယ်။ သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာ တစ်ခုရောက်မှ ကာကွယ်ဆေး ထိုးနှံဖို့ လိုပါတယ်။

ဒီနေရာမှာ ရောဂါပိုးဝင်ရောက်ပြီးသူတွေကို ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် အနည်းဆုံး ခြောက်လကြာမှ ထိုးနှံပေးဖို့ ပြောထားပါတယ်။ ဘာဖြစ်လို့လဲ၊ သူက ရောဂါပိုးဝင်ရောက်ခဲ့ပြီး ကိုယ်ပိုင် ကိုယ်ခံစွမ်းအားက အလုပ်လုပ်နေပြီဖြစ်တဲ့အတွက် ဒါကလည်း ကာကွယ်နိုင်မှုရပါတယ်။ ဒီလိုမျိုး ကာကွယ်နိုင်မှု မရှိတဲ့သူတွေကို ဦးစားပေးပြီး ထိုးဖို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဒါက အရေးကြီးပါတယ်။ တချို့တွေက ကာကွယ်ဆေး ပထမအကြိမ် ထိုးတယ်၊ ထိုးပြီး နောက်တစ်ပတ်အကြာမှာ အကြောင်းကြောင်းကြောင့် ရောဂါပိုးကူးစက်ခံရတယ်။ ဒုတိယအကြိမ် ဘယ်တော့ ထိုးရမလဲ ဒါမျိုးတွေ ပြောပါတယ်။ ဒုတိယအကြိမ်ကို ရောဂါပိုးဝင်ရောက် ကူးစက်ခံရတဲ့ရက်ကနေစပြီး ၂၈ ရက်အကြာမှာ ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံနိုင်ပါတယ်လို့ အမေရိကန် ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး ဗဟိုဌာန (CDC)က ပြောထားတာ ရှိပါတယ်။

**ကာကွယ်ဆေး ထိုးနှံခြင်းကြောင့် ရောဂါပြင်းထန်စွာခံစားရမှုတွေ၊ ဆေးရုံတက်ရောက်ရမှုတွေ၊ သေဆုံးမှုတွေကနေ ကာကွယ်နိုင်တယ်ဆိုတာက အသေအချာဖြစ်ပါတယ်။** ကာကွယ်ဆေးက ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကြီးကို ထိုးလိုက်တဲ့ ကာကွယ်ဆေးနဲ့ဆိုင်တဲ့ ရောဂါပိုးဝင်ရောက်လာပါက သူနဲ့သက်ဆိုင်တဲ့ ကာကွယ်နိုင်မှုရဖို့အတွက် ဆောင်ရွက်ပေးပါတယ်၊ မိမိရဲ့ ကိုယ်ခံအားစနစ်ကြီး တောင့်တင်းခိုင်မာအောင် တည်ဆောက်ပေးတာဖြစ်ပါတယ်။

**ကာကွယ်ဆေး ထိုးနှံပေးလိုက်တဲ့အခါ ကိုယ်ခံအားစနစ်ကို ရောဂါနဲ့ပတ်သက်ပြီး ဘယ်လိုတုံ့ပြန်ရမယ့်ဆိုတဲ့ လမ်းညွှန်ချက်တွေပေးပါတယ်။ ကိုယ်ခံအားစနစ်ကနေ Antibody ထုတ်ပါတယ်။ Antibody ကနေ ရောဂါဝင်ရောက် ကူးစက်လာတဲ့အခါ ရှေ့တန်းခံစစ်အနေနဲ့ တိုက်ဖို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ဒ့ါအပြင် ကာကွယ်ဆေးတွေမှာ ရောဂါပိုးအရှင်ကို မထည့်ထားပါဘူး။ ပိုးတွေရဲ့ အာနိသင်လျော့အောင်နဲ့ အစွမ်းမဲ့အောင် လုပ်ထားပါတယ်။ သို့သော် ကာကွယ်ဆေးက ခန္ဓာကိုယ်ထဲမှာ ကိုယ်ခံအားစနစ်တက်အောင်၊ လှုံ့ဆော်နိုင်အောင် ဖန်တီးထားတာ ဖြစ်ပါတယ်။ ဒီလိုဖန်တီးထားတဲ့အတွက် ခန္ဓာကိုယ်ထဲကနေ ရောဂါပိုးဝင်ရောက်လာပါက တိုက်ထုတ်နိုင်ဖို့နဲ့ ကိုယ်ခံစွမ်းအားတွေ ရှိနေဖို့အတွက် ဆောင်ရွက်ပေးပါတယ်။**

ကာကွယ်ဆေးအများစုက ထိုးဆေးအနေနဲ့ ဖြစ်ပါတယ်။ တချို့ ကာကွယ်ဆေးတွေက သောက်ဆေးအနေနဲ့ လာပါတယ်။ တချို့ကာကွယ်ဆေးတွေက နှာခေါင်းကနေ ရှူရတဲ့ ရှူဆေး/ ဖျန်းဆေးအနေနဲ့ လာတာရှိပါတယ်။ ယခုကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်ပြီး သောက်ဆေးတွေ ဖော်ထုတ်နေတဲ့ ကိစ္စတွေ ရှိပါတယ်။ နှာခေါင်းကနေ ရှူသွင်းနိုင်အောင် ထုတ်လုပ်နေတဲ့ဆေးတွေရှိပါတယ်။

**အစီအစဉ်မှူး ။ ။ ကာကွယ်ဆေးတွေ ထိုးနှံတဲ့အခါ ကာကွယ်ဆေးက ဘယ်လို အလုပ်လုပ်လဲဆိုတာ ပြောပြပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး ။ ။** ကာကွယ်ဆေးထိုးခြင်းက ရောဂါမဖြစ်ဖို့အတွက် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ရောဂါဖြစ်ပွားနိုင်တဲ့ အန္တရာယ်ကို လျှော့ချပေးတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်က သူ့ကိုတိုက်ခိုက်နိုင်တဲ့ ကိုယ်ခံအားတွေ ထုတ်လုပ်ပေးခြင်းကို ဆောင်ရွက်တာဖြစ်ပါတယ်။

ကာကွယ်ဆေး ထိုးနှံတဲ့အခါ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကနေပြီး ကိုယ်ခံအားတွေထုတ်ပါတယ်။ ဒီထုတ်လိုက်တဲ့ ကိုယ်ခံအားတွေက အလုပ် (၃)ခုလုပ်ပါတယ်။ (၁) ခန္ဓာကိုယ်ထဲ ဝင်ရောက်လာတဲ့ ရောဂါပိုး (သို့မဟုတ်) ဗက်တီးရီးယား (သို့မဟုတ်) ဗိုင်းရပ်စ်ဖြစ်ဖြစ် ကျူးကျော်လာတဲ့ ဒီရောဂါပိုးမွှားတွေကို သက်ဆိုင်တဲ့ကာကွယ်ဆေးနဲ့ တိုက်ထုတ်ဖို့ မှတ်မိအောင်လုပ်ပါတယ်။ (၂) ခန္ဓာကိုယ်ထဲကို ဝင်ရောက်ကျူးကျော်လာတဲ့ ရန်သူအတွက် Antibody တွေ ထုတ်ပါတယ်။

Antibody ဆိုတာကလည်း ပရိုတင်းတွေဖြစ်ပါတယ်။ သူက ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်ကနေ Antibody ဆိုတဲ့ ပရိုတင်းတွေကိုထုတ်ပြီး ရောဂါကို တိုက်ခိုက်ဖို့အတွက် ဆောင်ရွက်တာ ဖြစ်ပါတယ်။ (၃) ရောဂါဝင်ရောက်လာပြီး နောက်ပိုင်းမှာ ဒီရောဂါကို မှတ်မိသိရှိအောင် လုပ်ပါတယ်။ ရောဂါပိုးဝင်ရောက်ခဲ့ပြီးလို့ ပျောက်ကင်းသွားတဲ့ အချိန်အတော်ကြာပြီး ထပ်မံဝင်ရောက်လာပါက ဒီရောဂါကို တိုက်ထုတ်ကာကွယ်နိုင်အောင် ဆောင်ရွက်ပါတယ်။ ဒီအချက် (၃)ချက်ကို ကာကွယ်ဆေးတွေက အလုပ်လုပ်ပါတယ်။

တကယ်လို့ ရောဂါပိုး တစ်ခုခု ကူးစက်ခံရတယ်၊ ရောဂါပိုး တစ်ခုခုနဲ့ ထိတွေ့မှုရှိလိုက်တယ် ဆိုရင် ကိုယ်ခံအားတွေက လျင်လျင်မြန်မြန်သိရှိပြီး မြန်မြန်ဆန်ဆန် မိမိကို အန္တရာယ်ပေးတဲ့အဆင့် မရောက်ခင်မှာ တိုက်ထုတ်နိုင်ပါတယ်။ ကာကွယ်ဆေးတွေသည် ရောဂါပိုးကို တိုက်ထုတ်နိုင်တဲ့ ကိုယ်ခံအားစနစ်တွေ တည်ဆောက်ဖို့အတွက် အလွန်ရိုးရှင်းသော၊ လွယ်ကူသော၊ စိတ်ချရသော နည်းလမ်းတစ်ရပ် ဖြစ်ပါတယ်။

ကာကွယ်ဆေးတွေ ထိုးနှံလိုက်ပြီဆိုရင် ကာကွယ်ဆေးအပေါ်မူတည်ပြီး သက်ဆိုင်ရာလိုအပ်တဲ့ ကိုယ်ခံအားစနစ်တွေကို တည်ဆောက်ပါတယ်။ တချို့ကိုယ်ခံအားစနစ်တွေက ဆယ်စုနှစ်နဲ့ချီ ခံပြီး တချို့ကိုယ်ခံအားတွေက တစ်သက်လုံးခံတယ်လို့ ပြောပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေ ထိုးနှံဖို့ တိုက်တွန်းရခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံခြင်းသည်သာ စိတ်ချရဆုံး၊ ဘေးကင်း လုံခြုံမှုအရှိဆုံး ရောဂါကို ကာကွယ်ခြင်းဖြစ်တယ်ဆိုတာကို သိစေချင်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ လက်ရှိ တတိယလှိုင်းဖြစ်ပွားမှုက အတော်ကြီးကို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ပြည်သူတွေ ဒီအခြေအနေကောင်းကို လက်လွှတ်မခံဘဲ ဆက်ပြီး ရောဂါဖြစ်ပွားမှုတွေကို ထိန်းချုပ်နိုင်ဖို့ ရောဂါဖြစ်ပွားမှုတွေကနေ အမြန်ဆုံး ကင်းလွတ်နိုင်ဖို့ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုလို**

အစီအစဉ်မှူး ။ ။ ကာကွယ်ဆေးတွေက ဘယ်လိုရောဂါပိုးတွေကို ကာကွယ်သလဲဆိုတာ ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ဒါကို မပြောခင်မှာ ဘာလို့ ကာကွယ်ဆေးတွေကို ထိုးနှံရမှာလဲဆိုတာကို ပြောကြားချင်ပါတယ်။ ကာကွယ်ဆေးသာမရှိရင် ခန္ဓာကိုယ်က ဝင်ရောက်လာတဲ့ ရောဂါပိုးကြောင့် ပြင်းထန်စွာ ဝေဒနာခံစားရမယ်၊ ဆိုးဆိုးရွားရွားခံစားရတဲ့အပြင် သေဆုံးမှုတွေအထိလည်း ဖြစ်နိုင်ပါတယ်။ အသက်အန္တရာယ်ပေးနိုင်လောက်တဲ့ အခြေအနေအထိ မရောက်အောင် ကာကွယ်နိုင်တဲ့အတွက် ထိုးနှံရခြင်းဖြစ်ပါတယ်။

ကလေးတွေကို ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် နှစ်စဉ်ကလေး လေးသန်းရဲ့ အသက်ကို ကာကွယ်ပေးပါတယ်။ ကာကွယ်ဆေးတွေက ထိရောက်ပါတယ်၊ အရေးကြီးပါတယ်။ ကူးစက်ရောဂါဆိုတာ လူသားတွေလို ပတ်စပို့နဲ့ ဗီဇာ မလိုပါဘူး။ ကမ္ဘာကြီးက Globalization ဖြစ်လာတဲ့အခါ တစ်နေရာကနေ တစ်နေရာကို ကူးလူးဆက်ဆံမှုတွေ များလာပါတယ်။ တစ်နိုင်ငံမှာ ရောဂါဖြစ်ရင် နောက်တစ်နိုင်ငံမှာ အလွယ်တကူ ဖြစ်နိုင်တဲ့အတွက် ကာကွယ်ဆေးနဲ့ ကာကွယ်ထားခြင်းဖြင့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ရောဂါတွေ မဝင်ရအောင်၊ မကူးစက်အောင် ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးရခြင်းရဲ့ အဓိကရည်ရွယ်ချက် (၂)ချက်ရှိပါတယ်။ နံပါတ်(၁)က မိမိကိုယ်ကို ကာကွယ်ဖို့၊ နံပါတ်(၂)က မိမိရဲ့ ဘေးပတ်ဝန်းကျင်က လူတွေကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေ ထိုးနှံပေးရခြင်းဖြစ်ပါတယ်။ ဥပမာ - အချို့အသက်အရွယ်ငယ်တဲ့ကလေးတွေ ကာကွယ်ဆေးထိုးဖို့ မသင့်လျော်သေးပါဘူး။ ကာကွယ်ဆေးထိုးဖို့ အကျုံးမဝင်သေးတဲ့ ကလေးတွေ၊ ကိုယ်ခံအားကျနေတဲ့သူတွေ၊ ကာကွယ်ဆေးထဲမှာပါတဲ့ အချို့ပစ္စည်းတွေနဲ့မတဲ့လို့ ကာကွယ်ဆေးမထိုးရတဲ့ သူတွေရှိပါတယ်။ အခြားသူတွေက ကာကွယ်ဆေးထိုးထားခြင်းဖြင့် ဒီလိုလူတွေကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးတွေက ဘယ်လိုရောဂါတွေကို ကာကွယ်သလဲဆိုရင် အခုဖြစ်နေတဲ့ ကိုဗစ် - ၁၉ ရောဂါတွေ၊ အမျိုးသမီးတွေမှာ ဖြစ်ပွားမှုများတဲ့ သားအိမ်ခေါင်းကင်ဆာ၊ ကာလဝမ်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ တုပ်ကွေး၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဦးနှောက်အမြှေးပါးရောင်၊ ပိုလီယို၊ တိုက်ဖွိုက်နဲ့ ခွေးရူးရောဂါတွေအပြင် အများကြီး ကာကွယ်နိုင်ပါတယ်။ ရောဂါတွေက တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခြေအနေအပေါ်မူတည်ပြီး ဖြစ်ပွားမှုတွေအနေနဲ့ ကွာခြားမှာဖြစ်ပါတယ်။

ဒီအခါ လက်ရှိအနေအထားအရ အချို့ကာကွယ်ဆေးတွေက စမ်းသပ်ထုတ်လုပ်နေဆဲ ဖြစ်ပါတယ်။ အီဘိုလာ၊ ငှက်ဖျား ကာကွယ်ဆေးတွေကို စမ်းသပ်ပြီး အချို့နေရာတွေမှာ ထိုးနှံနေပြီ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး မထိုးနှံသေးပါဘူး။ ထိုးနှံပြီဆိုရင် ဖြစ်ပွား၊ သေဆုံးမှုကျမှာ အသေအချာ ဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ ကာကွယ်ဆေးတွေကို ဘယ်လို အချိန်မှာ ထိုးနှံရမလဲ၊ ဘယ်လို နည်းစနစ်တွေနဲ့ ထုတ်လုပ်သလဲဆိုတာ ပြောကြား ပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ကာကွယ် ဆေးကို ရောဂါပိုး မဝင်ရောက်ခင်ထိုးနှံပါလို့ WHO က ပြောထားပါတယ်။ ရောဂါပိုးဝင်ရောက်ပြီးပြီဆိုရင် ခန္ဓာကိုယ်က ကိုယ်ခံအားကို တိုက်ထုတ်ဖို့ အချိန်ယူရမှာ ဖြစ်တဲ့အတွက် အချိန်မမီဘဲဖြစ်သွားပြီး ရောဂါလက္ခဏာပြင်းထန်တာ၊ ရောဂါဝေဒနာခံစားရတဲ့အဆင့်အထိ ရောက်တာမျိုးတွေ ဖြစ်ပြီးမှ ကိုယ်ခံအားတွေရတယ်ဆိုရင် အနည်းငယ် နှောင့်နှေးသွားနိုင်ပါတယ်။

ဒါကြောင့် ကာကွယ်ဆေးကို ရောဂါပိုး မဝင်ရောက်ခင် ထိုးနှံဖို့အရေးကြီးပါတယ်။ ကာကွယ်ဆေးမှာ အထူးသဖြင့် ကလေးငယ်တွေ၊ ဆယ်ကျော်သက်တွေ၊ အသက်ကြီးတဲ့အထိ သူတို့နဲ့ သက်ဆိုင်တဲ့ ကာကွယ်ဆေးတွေ အကျုံးဝင်ပါတယ်။ တချို့နိုင်ငံတွေမှာ ကာကွယ်ဆေးထိုးကတ်တွေနဲ့ သေချာထိုးနှံပေးပြီး ဘယ်ကာကွယ်ဆေးက မထိုးမနေရ ထိုးရမယ်စသဖြင့် ဒါမျိုးတွေ ပါဝင်ပြီးသားဖြစ်ပါတယ်။

ကာကွယ်ဆေးတွေ ဘယ်လိုထုတ်လုပ်သလဲ၊ ကာကွယ်ဆေးတွေ ဘယ်လိုစမ်းသပ်သလဲဆိုတာ ရှင်းပြချင်ပါတယ်။ ကာကွယ်ဆေးတစ်ခု ထုတ်လုပ်ဖို့ အဆင့်ပေါင်းများစွာ၊ ရှုပ်ထွေးမှုပေါင်း များစွာရှိပါတယ်၊ တကယ့်ကို မလွယ်ကူပါဘူး။ ကာကွယ်ဆေးကို စတင်စမ်းသပ်တဲ့ အဆင့်မှာ တိရစ္ဆာန်ကို စတင်စမ်းသပ်ရပါတယ်။ ပြီးမှ လူမှာ စမ်းသပ်ရတာဖြစ်ပါတယ်။ လူမှာစမ်းသပ်တဲ့အဆင့် (၁)မှာ ကာကွယ်ဆေး ၅၄ မျိုးရှိပါတယ်။ အဆင့်(၂)မှာ ၄၁ မျိုးရှိပါတယ်။ အဆင့်(၃)မှာ ၃၂ မျိုးရှိပါတယ်။ လက်ရှိအတိုင်းအတာ တစ်ခုအထိ ကန့်သတ်ပြီး အသုံးပြုခွင့်ရတဲ့ကာကွယ်ဆေး ၁၁ မျိုး ရှိပါတယ်။ အပြည့်အဝ အသုံးပြုလို့ရတဲ့ ကာကွယ်ဆေး ရှစ်မျိုးရှိပြီး ကာကွယ်ဆေးတွေ ထုတ်လုပ်တဲ့ ဖြစ်စဉ်မှာ ဆက်ပြီး စမ်းသပ်ဖို့မသင့်လျော်ဘူးဆိုပြီး စွန့်ပစ်ခံရတဲ့ ကာကွယ်ဆေး ငါးမျိုးရှိပါတယ်။

ကာကွယ်ဆေးတွေကို ဘယ်လိုထုတ်ဖော်နေတာလဲဆိုတာကို ပြောချင်ပါတယ်။ လက်ရှိသုံးနေတဲ့ ကာကွယ်ဆေးတွေက ဆယ်စုနှစ်နဲ့ချီတည်ရှိနေပြီး လူသန်းပေါင်းများစွာကို ရောဂါဖြစ်ပွား၊ သေဆုံးမှုတွေကနေ ကာကွယ်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် အသက်ငယ်လွန်းတဲ့ ကလေးတွေ၊ အသက်ကြီးလွန်းတဲ့ လူကြီးတွေကို အဓိက ကာကွယ်ပေးတာဖြစ်ပါတယ်။

**ဘယ်ကာကွယ်ဆေးကမှ ၁၀၀ရာခိုင်နှုန်း ကာကွယ်နိုင်မှုမရပါဘူး။ ကာကွယ်ဆေးတွေကို ဖော်စပ်ရာမှာ အန္တရာယ်ကင်းစေဖို့၊ စိတ်ချရစေဖို့ ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ပါတယ်။ ပြင်းပြင်းထန်ထန်လည်း လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်ပါတယ်။ အကဲဖြတ်တာ၊ စစ်ဆေးတာတွေ လုပ်ပါတယ်။ ကာကွယ်ဆေးတစ်ခုကို လူတွေမှာ အသုံးပြုခွင့်ပေးတယ်ဆိုတဲ့အဆင့် မရောက်ခင် အသေအချာ အဆင့်ဆင့် စမ်းသပ်မှုတွေလုပ်ပါတယ်။**

ပထမဦးဆုံး ဒီကာကွယ်ဆေးသည် ဘေးကင်းရဲ့လားဆိုတာကို တိရစ္ဆာန်တွေမှာ စမ်းသပ်ပါတယ်။ စိတ်ချရတယ်၊ ရောဂါကို ကာကွယ်နိုင်စွမ်းဖြစ်နိုင်ခြေရှိတယ်ဆိုရင် လူမှာ စမ်းသပ်ပါတယ်။ လူမှာစမ်းသပ်တာ အဆင့်(၃)ဆင့် ရှိပါတယ်။ ပထမအဆင့်စမ်းသပ်ရာမှာ ကာကွယ်ဆေးရဲ့ စိတ်ချရမှု၊ ဘေးကင်းလုံခြုံမှုကို ကြည့်ပါတယ်။ ကာကွယ်ဆေးတစ်ခုက ဘယ်လောက် ကောင်းကောင်း စိတ်ချရမှုမရှိဘူး၊ ဘေးထွက်ဆိုးကျိုးတွေ ရှိနိုင်တယ်ဆိုတဲ့ ဆေးမျိုးကို သုံးလို့မရပါဘူး။ စိတ်ချရပြီ၊ ကာကွယ်နိုင်မှုတွေ အသင့်အတင့် ထွက်လာပြီဆိုရင် (Dosage) ဒီကာကွယ်ဆေးကို ဘယ်လောက်ပေးရင် အကောင်းဆုံးရလဒ်ရမလဲ၊ ပေးလိုက်တဲ့ပမာဏမှာ ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး တွက်ချက်ထားမှုတွေရှိပါတယ်။ ဒီအပေါ်မှာ မူတည်ပြီး Dosage ကို လူနည်းနည်းမှာ စမ်းသပ်တာ ဖြစ်ပါတယ်။ စိတ်ချရပြီ၊ Dosage ကို သိပြီဆိုရင် ဒုတိယအဆင့်အနေနဲ့ Volunteer တွေကို လူရာနဲ့ချီပြီး စမ်းသပ်ပါတယ်။ ဘေးထွက်ဆိုးကျိုးတွေရှိသလား၊ ကိုယ်ခံအားတွေရော တက်သလား၊ ကာကွယ်ဆေး ထိုးပြီးတဲ့အခါ သူ့ရဲ့ရလဒ်ကို ကြည့်ပါတယ်။ ကာကွယ်ဆေးထိုးပြီးတဲ့သူမှာ ဘာတွေခံစားရတယ် စသဖြင့် ဖြစ်သမျှတွေကို အကုန်မှတ်တမ်းတင်ပါတယ်။

ဒုတိယအကြိမ်စမ်းသပ်ရာမှာ အသက်အရွယ်၊ ကျား/မ ကွဲပြားမှုမရှိစေဘဲ လုပ်ဆောင်ပါတယ်။ တချို့လူတွေကို စမ်းသပ်တဲ့ကာကွယ်ဆေးထိုးပေးပါတယ်။ တချို့လူတွေကို အခြားအန္တရာယ်မရှိတဲ့ ဆေးကိုထိုးပေးပါတယ်။ ဒီလိုနည်းနဲ့ ထိုးတဲ့သူနဲ့ မထိုးတဲ့သူ ဘာတွေကွာခြားသလဲ ဆိုတာကို နှိုင်းယှဉ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကောက်ချက်ချပါတယ်။ ကာကွယ်ဆေးသည် ထိရောက်တယ်၊ ဘေးထွက်ဆိုးကျိုးတွေက ဘယ်လိုရှိတယ်၊ ထိုးနှံတဲ့သူထဲမှာ ဘယ်လောက်က ရောဂါပိုးကူးစက်ခံရတဲ့အဆင့် ရောက်တယ်၊ မထိုးနှံတဲ့သူ ဘယ်လောက်က ရောဂါဖြစ်တယ် စသဖြင့် ဒါတွေကို ကြည့်ပါတယ်။ ဒါကအဆင့်(၂)ဖြစ်ပြီး ရောဂါပိုး ကူးစက်မခံရတဲ့သူတွေကို စမ်းသပ်တာဖြစ်ပါတယ်။

အဆင့်(၃)က လူတွေ ထောင်နဲ့သောင်းနဲ့ချီပြီး စမ်းသပ်ပါတယ်။ တချို့တွေကို ကာကွယ်ဆေး ထိုးပေးပါတယ်။ တချို့တွေကို မထိုးပေးပါဘူး။ ဒီအဆင့်မှာ စိတ်ချရမှုလည်း ကြည့်ပါတယ်။ ကာကွယ်ဆေးရဲ့ ထိရောက်မှုကို ကြည့်ပါတယ်။ ထိုးနှံတဲ့သူတွေမှာ ဘယ်လောက်အထိ ကာကွယ်နိုင်မှုရသလဲ၊ ဘယ်လောက်အထိ အန္တရာယ်ကင်းသလဲကို ကြည့်ပါတယ်။ စိတ်ချရတဲ့ အနေအထားဖြစ်ပြီဆိုရင် နောက်ထပ်အဆင့်တွေဖြစ်တဲ့ ကာကွယ်ဆေးရဲ့ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှု၊ ထိရောက်မှု၊ ကာကွယ်ဆေးနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတွေက ဒါကို အသိအမှတ်ပြုနိုင်ခြင်း ရှိ/မရှိ၊ ပြည်သူ့ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မူဝါဒချမှတ်သူတွေက ကာကွယ်ဆေးကို ထိုးနှံခွင့် ပေးသင့်/ မပေးသင့် ဒါတွေကို ဆုံးဖြတ်ပါတယ်။ စိတ်ချရပြီ၊ ကာကွယ်ဆေးထိုးနှံပေးပြီဆိုရင် ဘယ်လိုနောက်ဆက်တွဲတွေ ဖြစ်သလဲဆိုတာကို စောင့်ကြည့်ပါတယ်။

ဒါ့အပြင် ကာကွယ်ဆေးက ဘယ်လိုလူတွေမှာ ထိုးနှံရင် အကောင်းဆုံးရလဒ်ကို ရမလဲဆိုတာတွေကို ကြည့်ပါတယ်။ စိတ်ချရတဲ့အဆင့်ရပြီဆိုမှသာ ကာကွယ်ဆေးနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်း၊ WHO နဲ့ဆိုင်တဲ့အဖွဲ့အစည်းတွေက အဆင့်ဆင့်ပြန်ပြီး အကဲဖြတ်စစ်ဆေးပြီး ဒီကာကွယ်ဆေးသည် အရေးပေါ်အသုံးပြုခွင့်ပေးသင့်တဲ့ ကာကွယ်ဆေးဟုတ်/မဟုတ် ဆုံးဖြတ်တာဖြစ်တဲ့အတွက် အဆင့်တိုင်းမှာ မှတ်ကျောက်တင်ခံနိုင်တဲ့ ကာကွယ်ဆေးတွေကိုသာ WHOက အသိအမှတ်ပြုတာဖြစ်ပါတယ်။ WHO က အသိအမှတ်ပြုပြီးတဲ့ ကာကွယ်ဆေးတွေကိုပဲ အသုံးပြုတာဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ စိတ်ချယုံကြည်စွာ ထိုးနှံနိုင်တယ်ဆိုတာကို ပြောကြားလိုပါတယ်။

အစီအစဉ်မှူး ။ ။ ဖြည့်စွက် ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦး။

ဒေါက်တာခင်ခင်ကြီး ။ ။ ကာကွယ်ဆေးတွေရဲ့ အာနိသင်ထက်မြက်မှု၊ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှုကို သံသယမရှိပါနဲ့၊ တချို့တွေက ကာကွယ်ဆေးထိုးနှံဖို့ အဟန့်အတားလုပ်နေတာတွေ ရှိပါတယ်။ ကာကွယ်ဆေးထိုးပြီးတဲ့သူတွေမှာလည်း ပိုးကူးစက်ခံရတယ် စသဖြင့် ဒါမျိုးတွေ ပြောနေကြတာလည်း ရှိပါတယ်။ ကာကွယ်ဆေးတစ်ခု ထိုးနှံပြီး ကာကွယ်နိုင်မှု ဘယ်တော့ရသလဲဆိုရင် နှစ်ကြိမ်ထိုးရတဲ့ ကာကွယ်ဆေးမှာ နှစ်ကြိမ်အပြည့်ထိုးပြီး နှစ်ပတ်အကြာ နောက်ပိုင်းမှာ ကာကွယ်နိုင်မှုရပါတယ်။ တစ်ကြိမ်ထိုးပြီးရုံနဲ့ ကာကွယ်နိုင်မှုမရပါဘူး။ နှစ်ကြိမ်ထိုးပြီး ပြီးချင်းလည်း ကာကွယ်နိုင်မှု မရပါဘူး။

**ကာကွယ်ဆေးထိုးတဲ့အခါ အကြိမ်ပြည့်ထိုးပါ။ စနစ်တကျ ကိုဗစ် – ၁၉ ကာကွယ်ရေး နည်းလမ်းတွေကို လိုက်နာပြီးထိုးနှံပါ။ ကာကွယ်ဆေးထိုးနှံဖို့ စီစဉ်ပေးရတဲ့ တာဝန်ရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံသူတွေ အန္တရာယ်ကင်းရှင်းစေဖို့၊ ကူးစက်မှုမရှိစေဖို့ စနစ်တကျ ဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။** ကာကွယ်ဆေးတွေ များများထိုး၊ မြန်မြန်ကာကွယ်ပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအစရှိတဲ့ ကဏ္ဍအသီးသီးမှာ သူများထက်နောက်ကျမကျန်ခဲ့ဖို့၊ အမီလိုက်နိုင်ဖို့လိုပါတယ်။

ဒီလို အမီလိုက်နိုင်ဖို့ဆိုတာက လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ လက်ရှိ တတိယလှိုင်းဖြစ်ပွားမှုက အတော်ကြီးကို ထိန်းချုပ်နိုင်တဲ့ အခြေအနေကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ပြည်သူတွေ ဒီအခြေအနေကောင်းကို လက်လွှတ်မခံဘဲ ဆက်ပြီး ရောဂါဖြစ်ပွားမှုတွေကို ထိန်းချုပ်နိုင်ဖို့၊ ရောဂါဖြစ်ပွားမှုတွေကနေ အမြန်ဆုံးကင်းလွတ်နိုင်ဖို့ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု လိုပါတယ်။

**ကိုဗစ် – ၁၉ စည်းကမ်းတွေကို လိုက်နာမယ်၊ ကာကွယ်ဆေး ထိုးနှံခွင့်ရတဲ့သူတွေက အမြန်ဆုံး ထိုးနှံမယ်ဆိုရင် မကြာခင်အချိန်အတွင်းမှာ မြန်မာနိုင်ငံက ကိုဗစ် – ၁၉ အန္တရာယ်ကနေ ကောင်းစွာထိန်းချုပ်နိုင်ပြီး ပုံမှန်လူနေမှုဘဝတွေ အမြန်ဆုံးစတင်နိုင်မှာ ဖြစ်ပါတယ်။** အသက်ဝဝရှူနိုင်တဲ့နေ့ ရောက်ရှိနိုင်ဖို့ဆိုတာ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု လိုပါတယ်။ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပေမယ့် ဆီဖြစ်တဲ့ အထဲမှာ နှမ်းတစ်စေ့စီရဲ့ အားထုတ်ကြိုးပမ်းမှုတွေ ပါဝင်တာမို့ ကျွန်မတို့အတူ စုပေါင်းပြီး ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ အများပြည်သူရုံးပိတ်ရက်များတွင်လည်း ဦးစားပေးတင်သွင်းခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၁၇ ခု၊ Oxygen Plant နှစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၄၉ အိုး၊ နှာခေါင်းစည်း (Mask) ၁၅ တန်နှင့် ပင်လယ်ဆိပ်ကမ်းမှ Oxygen Concentrator ၁၁၄၁ ခုအပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ထီးခီး၊ တာချီလိတ်၊ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ်သုံးစီးဖြင့် တန် ၆၀၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် လေးတန်၊



ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်စက်များ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



မူဆယ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းလာသော အောက်ဆီဂျင် (အိုးခွံ)များ။

အောက်ဆီဂျင် (အိုးခွံ) ၅၁၉၁ ခု၊ Oxygen Plant ခုနစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၂၂၆၅ ခု၊ PPE ဝတ်စုံ ၁၀၀၀၊ နှာခေါင်းစည်း (Mask) ၆၉ တန် တင်သွင်းနိုင်ခဲ့သည်။ တင်သွင်းခဲ့သည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်သုံးစီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ခုနစ်ခုမှာ မြစ်ကြီးနားမြို့သို့ လေးခု၊ ရန်ကုန်မြို့သို့ နှစ်ခုနှင့် ကွမ်းခြံကုန်းမြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း





## တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေး သိုလှောင်ခန်းတွင် ထားရှိသည့် ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ဆေးပုံး လေးပုံး၊ ဆေးအလုံးရေ ၃၇၁၇ လုံး၊ မြိတ်မြို့သို့ ဆေးပုံး ရှစ်ပုံး၊ ဆေးအလုံးရေ ၆၅၉၀ တို့ကို တပ်မတော်လေယာဉ်ဖြင့် လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေသို့ ကာကွယ်ဆေးအလုံးပေါင်း ၈၃၉၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၃၈၆၅၀၊ မကွေးတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအလုံးပေါင်း ၂၁၄၁၀၊ မန္တလေးတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအလုံးပေါင်း ၃၃၃၈၀နှင့် စစ်ကိုင်းတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအလုံးပေါင်း ၁၃၃၀တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် လည်းကောင်း ဆက်လက်ဖြန့်ဖြူးပေးသည်။

ယင်းသို့ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံး ထိုးနှံပေးနိုင်ရေးအတွက်ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ) ပို့ဆောင်ရေးလေယာဉ်များဖြင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၈-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

06:00 မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
07:00 နံနက်ခင်းသတင်း
07:25 သုတို့ဒေသသုတို့ဘဝ 'ရှိန်းမတားမှ သဘာဝအလှ'
07:30 စိုက်ပျိုးရေးရာအဖြေရှာ
10:00 သတင်းထဲကသတင်း
10:25 ပြည်သူ့နီတိ 'အမြင့်ပျံငှက်'
11:20 ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
12:30 MRTV National News
15:00 Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်'
17:30 ရှမ်းကန်လှုပ်ရှားဘဝများ
17:45 MRTV Travelogue
18:00 ပြည်တွင်းသတင်း
18:30 လုပစ္စာပုံဖော်ထုဆစ်ထား သလ္လာမြေမှသဘာဝတွင်းထွက် ကျောက်အလှဆင်ပစ္စည်းများ
19:20 နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားခေါ်ဆောင်ရာ' (အပိုင်း-၅၂)
20:00 ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
21:00 ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
21:25 ဝဿာန်ခါမိုးတေးသံသီ ဖျော်ဖြေမှုအစီအစဉ်

**mitv**

07:01 News
07:26 Kayah Style
07:35 Kayah StyleKayah StyleKayah Style
08:01 Pan Tamawt… Stone Carving
08:28 Bamboo Fashion in Style
08:39 Myanmar Masterclass: Artist Hla Phone Aung
08:51 A Nun's Creation in Fruit Carving
09:01 Myanmar Traditional Instruments - Myanma Harp (Episode-2)
09:26 Myanmar's Entrepreneurs: Soe Moe Aung
09:39 Bago: A City Of Famous Historic Pagoda
10:01 Talk & Discussion: All about Weight Loss
10:43 Mosaic Painting (Precious Stones & Gems)
11:01 Shwe U Min Natural Cave In Kalaw
11:17 Aesthetic Painting on Pathein Umbrella

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒူးရင်းသီးအကြောင်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စာပေသင်ကြားကြရအောင်(အပိုင်း-၁)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချိုအေးမွှေးတဲ့အုန်းမွှေးလုံး
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်သားတုံးကြော်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မိုးတွင်းညထွက်သား/ငါးရှာဖွေခြင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်တို့အလှမွန်တို့ရိုးရာဝတ်စုံ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရွှေတိဂုံမြို့တော်
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
တန့်ယန်းမြို့အလှ
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**MRTV PARLIAMENT**

09:00 အဖွင့်၊ အလံ
10:00 ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
10:30 ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၆)
11:00 ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရန် ရည်ရွယ်မှုသာ'
11:30 အတွေးအမြင် (အပိုင်း-၆)

**MRTV SPORTS**

06:00 အဖွင့်
06:30 အခြေခံအားကစားနည်းစနစ်များ
07:00 Sports News
07:30 Soccer View/ Weekly Sports Info
07:45 အားကစားလောကထဲက သူတို့အကြောင်း
08:00 ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
20:00 ပြည်တွင်းသတင်း

SCAN ME
MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မြိုင်ကလေးဘိလပ်မြေစက်ရုံ တန် ၄၀၀၀ နှင့် တန် ၉၀၀ စက်ရုံများမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများထောက်ပံ့




ဘားအံ ဩဂုတ် ၂၄

ဘားအံမြို့ မြိုင်ကလေး အမှတ် (၂) ဘိလပ်မြေစက်ရုံတန် ၄၀၀၀ နှင့် တန် ၉၀၀ ဘိလပ်မြေစက်ရုံများမှဝန်ထမ်းများအား ဩဂုတ် ၂၃ ရက်က ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ သွားရောက် ထောက်ပံ့ လှူဒါန်းကြသည်။

ထိုသို့ သွားရောက်ထောက်ပံ့လှူဒါန်းရာ အမှတ် (၂) ဘိလပ်မြေစက်ရုံ တန်၄၀၀၀ ဘိလပ်မြေစက်ရုံ စက်ရုံမှူးကြီး ဦးကျော်ကျော်စိုး၊ ဒုတိယစက်ရုံမှူးများနှင့် တာဝန်ရှိသူများက စက်ရုံဆိုင်ရာအချက်အလက်များ၊ လုံခြုံရေးဆိုင်ရာစီမံ ဆောင်ရွက်ထားမှုများ၊ ဘိလပ်မြေလျှာထား၊ ထုတ်လုပ်၊ ဖြန့်ဖြူးနိုင်မှုအခြေ အနေ၊ ဝင်ငွေ/အသုံးစရိတ်နှင့် အမြတ်ရရှိမှုအခြေအနေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး၊ ဝန်ထမ်းမိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ ဝန်ထမ်းများအတွက် ပါးစပ်နှင့်နှာခေါင်းစည်း ၆၀၀၀နှင့် တန်၉၀၀ ဘိလပ်မြေစက်ရုံဝန်ထမ်းများအတွက် ပါးစပ်နှင့်နှာခေါင်းစည်း ၄၀၀၀ တို့ကို ထောက်ပံ့လှူဒါန်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ် (၂) ဘိလပ်မြေစက်ရုံ တန် ၄၀၀၀၏ မီးသင်းဖို ပြင်ဆင်ပြီးစီးမှုနှင့် တန် ၉၀၀ ဘိလပ်မြေစက်ရုံ လည်ပတ်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ စက်ရုံမှူးကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၉၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၀/၁၀၀၅ ကျပ် | ၁၀၁၅/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၃၅/၁၀၇၅ ကျပ် | ၁၀၉၅/၁၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၀၉၅ ကျပ် | ၁၁၇၅/၁၁၉၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၂၄ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၃၂၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၁၂ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၃ . ၆၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၆ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၃၈၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၈၀၀ | ၁၈၈၀ | ၁၆၆၀၀၇၀၀ |
| MTSH | ၃၃၀၀ | ၃၂၅၀ | ၁၉၅၇ | ၆၃၆၁၈၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၅ | ၃၉၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၇ | ၁၈၉၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၃၀၆ | ၁၄၇၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်– ၁၉ ၏ လှိုင်းများကို တားဆီးကြစို့

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

### အဆိုးရွားဆုံး ကမ္ဘာ့ကပ်ရောဂါများ

ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ အဆိုးရွားဆုံး ကမ္ဘာ့ကပ်ရောဂါ (Pandemic Diseases) (၁၀)ကြိမ် ရှိခဲ့ကြောင်း သိရသည်။

ယင်းတို့မှာ–

(၁) HIV/AIDS– (၂၀၀၅–၂၀၁၂ ခုနှစ်)၊ သေဆုံးသူ ၃၆ သန်း။

(၂) Flu Pandemic– (၁၉၆၈ ခုနှစ်) သေဆုံးသူတစ်သန်း (တုပ်ကွေးရောဂါ)။

(၃) Asian Flu–အာရှတုပ်ကွေးရောဂါ (၁၉၅၆– ၅၈ ခုနှစ်)၊ သေဆုံးသူ ၂ သန်း။

(၄) Flu Pandemic (၁၉၁၈ ခုနှစ်)၊ သေဆုံးသူ သန်း ၂၀ မှ သန်း၅၀။

(၅) Sixth Cholera Pandemic– (၁၉၁၀–၁၉၁၁ ခုနှစ်) သေဆုံးသူ ၈ သိန်း(ကာလဝမ်းရောဂါ)။

(၆) Flu Pandemic–(၁၈၈၉–၁၈၉၀ ပြည့်နှစ်)၊ သေဆုံးသူတစ်သန်း (တုပ်ကွေးရောဂါ)။

(၇) Third Cholera pandemic– (၁၈၅၂–၁၈၆၀ ပြည့်နှစ်)၊ သေဆုံးသူတစ်သန်း(ကာလဝမ်းရောဂါ)။

(၈) The Black Death– (၁၃၄၆– ၁၃၅၃ ခုနှစ်)၊ သေဆုံးသူ ၇၅ သန်းမှ သန်း ၂၀၀ (ပလိပ်ရောဂါ)။

(၉) Plague of Justinian– (၅၄၁– ၅၄၂ ခုနှစ်)၊ သေဆုံးသူ ၂၅ သန်း(ပလိပ်ရောဂါ)။

(၁၀) Antonine Plague– (အေဒီ ၁၆၅)၊ သေဆုံးသူ ၅သန်း (ပလိပ်ရောဂါဖြစ်နိုင်သည်) စသည်တို့ဖြစ်ကြောင်း သိရပါသည်။

### လှိုင်းများဖြစ်ရသည့်အကြောင်းရင်း

၁၉၁၈ ခုနှစ်က ဖြစ်ပွားခဲ့သော စပိန်တုပ်ကွေးကပ်ရောဂါသည် သုံးကြိမ်(3 Waves)မျှ ပြန်ဖြစ်ခဲ့ပါသည်။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံ(သန်း ၅၀၀) ကျော် ကူးစက်ခံခဲ့ရပြီး သန်း ၅၀ ခန့် သေဆုံးခဲ့ရပါသည်။ ပထမအကြိမ်ဖြစ်ပွားပြီး အရှိန်ကျသွားပြီးကာမှ ဒုတိယအကြိမ်က ပိုမိုပြင်းထန်စွာ ဖြစ်ပွားပြန်ပါသည်။ တစ်ဖန် တတိယအကြိမ်ပင် ထပ်ဖြစ်လိုက်ပါသေးသည်။

ထိုသို့ဖြစ်ပွားရခြင်းမှာ (၁) ပထမအကြိမ်ဖြစ်စဉ်က ကူးလူးဆက်ဆံမှုများကို ရှောင်ကြဉ်ခဲ့ကြသော်လည်း ဖြေလျှော့မှု (Exit Stratergy)လုပ်လိုက်သောအခါ ပြန်လည်ထိတွေ့နီးကပ်လာကြသဖြင့် ပြန်လည်ကူးစက်မှုဖြစ်လာခြင်း၊ (၂) ဆေးပညာအရ ကူးစက်ရောဂါပိုးတို့၏ သဘာဝတစ်ခုမှာ Gene Reassortment or Antigenic Shift ခေါ် ဗီဇသဘာဝပြောင်းသွားပြီး ဆက်လက်ကူးစက်တတ်ခြင်း စသည်တို့ကြောင့် ဖြစ်သည်။

### ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများ

ကိုဗစ်– ၁၉ ရောဂါနှင့်ပတ်သက်၍လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ်လူနာများ၏ ဗိုင်းရပ်စ်နမူနာများကို လေ့လာရာ ၃၀ ရာခိုင်နှုန်းသည် D614G ဇီဝမျိုးဗီဇပြောင်းလဲသည်ကို တွေ့ရပြီး ယင်းသည် ယခင်ကထက် ကူးစက်နိုင်စွမ်း (Infectiousness) သိသာစွာ ပိုမိုမြန်ဆန်ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံတွင် ဆေးသုတေသနပညာရှင်များ၏ လေ့လာမှုအရ Genomic Sequencing မျိုးရိုးဗီဇခွဲခြမ်းစိတ်ဖြာမှု ပြုလုပ်ခဲ့ရာ ဓာတ်ခွဲနမူနာ ၁၀ ခုအနက် D614G ဗီဇပြောင်းလဲမှုခြောက်ခုတွေ့ရကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုး၏ မျိုးကွဲများကို အောက်ပါအတိုင်းတွေ့ရှိနိုင်ပါသည်။

Alpha B.1.1.7

ယူကေနိုင်ငံတွင် စတင်တွေ့ရှိခဲ့သည်။ အခြားမျိုးကွဲများထက် ပိုမို ကူးစက်လွယ်သည်။ ပြင်းထန်သော ထိခိုက်မှုများ၊ သေဆုံးမှုများ ဖြစ်စေနိုင်သည်။



Beta B.1.351

တောင်အာဖရိကနိုင်ငံတွင် စတင်တွေ့ရှိရသည်။ လျင်မြန်စွာ ကူးစက်နိုင်သည်။ အခြားမျိုးကွဲများထက် ပိုမိုပြင်းခြင်း၊ သေဆုံးစေခြင်းများ ဖြစ်စေနိုင်ကြောင်း မတွေ့ရှိရသေးပါ။

Gamma P.1

ဂျပန်နှင့် ဘရာဇီးနိုင်ငံတို့တွင် စတင်တွေ့ရသည်။ လျင်မြန်စွာ ကူးစက်စေနိုင်သည်။ အခြားမျိုးကွဲများထက် ပိုမိုပြင်းခြင်း၊ သေဆုံးစေခြင်းများ ဖြစ်စေနိုင်ကြောင်း မတွေ့ရှိရသေးပါ။

Delta B.1.617.2

အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိသည်။ ပိုမိုလျင်မြန်စွာ ကူးစက်စေနိုင်ပြီး ပြင်းထန်စေပါသည်။

Lambda C.37

ပီရူးနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် တွေ့ရှိသည်။ Delta ထက် ကူးစက်မှု ပိုမိုပြင်းထန်စေနိုင်သည်။

### ကပ်ရောဂါများနှင့် လှိုင်းများ

"ဆုတ်ရေကင်၊ ဝင်ရေကတွန်း"ဟု ဆိုသည့်အတိုင်း ဝင်လာသည့် ရေလှိုင်းကလေးများက ကမ်းစပ်ပေါ်ကို တွန်းတင်လာသည်။ ထိုရေလှိုင်းက ပြန်ဆုတ်သွားရာ အချို့က ယင်းနှင့်အတူ ရေထဲပါသွားကြရာသည်။ အချို့ကမူ ကမ်းစပ်မှာ ကျန်ရစ်ကြသည်။ ထိုကဲ့သို့ပင် ကိုဗစ်– ၁၉ ဆိုသည့်ရေလှိုင်းများက အများသူငါတို့ကို ကူးစက်၊ အချို့က ကမ်းစပ်ပေါ်ကျန်ရစ်ခဲ့ကြသော်လည်း အချို့ကမူ သူဆွဲခေါ်သွားရာသို့ ပါသွားကြရရှာပါသည်။ သူ၏ဆွဲခေါ်ရာသို့ ပါသွားကြရရှာသူများတွင် အရွယ်ကောင်းများ၊ တန်ဖိုးရှိလူသားများစွာလည်း ပါသွားကြရသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ကြုံခံစားရပါသည်။ ကိုဗစ်–၁၉ က လှိုင်းတံပိုးများသဖွယ် တစ်ခုပြီးတစ်ခု ရိုက်ခတ်နေပါသည်။ သူ၏ လှိုင်းတံပိုးများကား မနှစ်မြို့ဖွယ် အမှန်ပင်ဖြစ်သည်။

၁၈၈၉– ၁၈၉၂ ခုနှစ်များက ဥရောပနှင့် အမေရိကတိုက်တို့တွင် တုပ်ကွေးကပ်ရောဂါ Influenza outbreak ဖြစ်ပွားစဉ်က လှိုင်း (Wave)ဆိုသည့်အသုံးကို သုံးခဲ့သည်ဟု သိရသည်။ ပထမ စတင်ဖြစ်ပွားစဉ်တွင် သတင်းဌာနများက ဖြစ်ပွားမှုများကို မှတ်တမ်းတင်ခဲ့ကြသည်။ ကူးစက်မှုများလာရာမှ တဖြည်းဖြည်း နည်းပါးသွားခဲ့ပြီး ကင်းရှင်းသွားပြီဟု ထင်ရလောက်သည့်အခြေအနေ ရောက်လာခဲ့သည်။ ထို့နောက် တစ်ဖန်ခေါင်းထောင်လာကာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ကူးစက်လာခဲ့ပြန်သည်။ ယင်းကို ဒုတိယလှိုင်း (Second Wave) ဟု အမည်တပ်ခဲ့ရာမှ ကူးစက်ရောဂါကပ်ရောဂါများနှင့် ပတ်သက်ပြီး ထိုသို့ထပ်မံဖြစ်ပွားလာမှုများကို "လှိုင်း" (Wave) ဟု ခေါ်ဝေါ်လာခဲ့ကြသည်။

### ကိုဗစ်– ၁၉ ၏ လှိုင်းများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) ကလည်း ယခု ကိုဗစ်– ၁၉ ကပ်ရောဂါ၏ ပထမလှိုင်း (First wave) ဆိုသည်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတို့ကို ထိန်းချုပ်နိုင်ပြီး ဖြစ်ပွားမှုလည်း သိသာစွာကျဆင်းသွားရသည့် အခြေအနေကိုဆိုလိုပြီး (Second wave) ဆိုသည်က အလားတူ ဗိုင်းရပ်စ်၏ ကူးစက်ပျံ့နှံ့မှုမှာ ထပ်မံဖြစ်ပွားလာပြီး အတိုင်းအတာတစ်ခုအထိ သိသာစွာဖြစ်ပွားလာမှုကို ဆိုလိုကြောင်း ဖော်ပြပါသည်။

ကိုဗစ်– ၁၉ ကပ်ရောဂါတွင် R–factor or R–naught (R သည် reproduction number မျိုးပွားကိန်း)ဖြစ်၍ လူတစ်ယောက်က တခြားသူတစ်ဦးထက်ပိုပြီး ကူးစက်စေပါက(R သည် 1 ထက်ပိုပါက) ယင်းကို epidemic (မူလနေရာမှ အခြားတစ်နေရာသို့ပျံ့နှံ့ခြင်း)၊ သို့မဟုတ် pandemic ကမ္ဘာပတ်ပျံ့နှံ့ခြင်းဖြစ်နိုင်သည်ဟု သိရပါသည်။ ထိုသို့ဖြစ်ပွားမှုသည် ကာလအတိုင်းအတာတစ်ခုအထိ ကျမသွားဘဲဖြစ်နေပါက အထူးဂရုပြုရမည့် အခြေအနေဖြစ်သည်။ R သည် 1 ထက်လျော့သွားပါက အခြေအနေကို ထိန်းနိုင်ပြီဟုလည်း သိရပါသည်။ ထို့ပြင် ဖြစ်ပွားမှုကာလ တာရှည်လေ၊ နောက်ထပ်လှိုင်းများထပ်ဖြစ်လာဖို့ အခြေအနေပေးလေလေဖြစ်သည်။ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ နောက်ထပ်ဖြစ်မလာစေဖို့ စနစ်တကျစီမံခြင်းတို့ ဆောင်ရွက်ရန်လိုအပ်ကြောင်းလည်း ဆိုပါသည်။

အထူးသဖြင့် ကိုဗစ်– ၁၉ ကပ်ရောဂါကို Spanish Flu Pandemic ၁၉၁၈– ၁၉၂၀ ပြည့်နှစ် စပိန်တုပ်ကွေးကပ်ရောဂါနှင့် နှိုင်းယှဉ်လေ့ရှိကြသည်။ ကူးစက်ပြန့်ပွားပုံက ဆင်တူပြီး စပိန်တုပ်ကွေးမှာ လှိုင်းသုံးခု ရှိခဲ့သည်။ ၂၀၀၉– ၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော H1N1 Swine Flu Pandemic(H1N1pdm05)သည်ပင် လှိုင်းနှစ်ခုရှိခဲ့သည်။ ဝက်များမှတစ်ဆင့် လူကိုကူးစက်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအထိ ကြာမြင့်ခဲ့သည်။ အတည်ပြုလူနာ ၄၉၁၃၈၂ ဦး၊ သေဆုံးသူ ၂၈၄၀၀ ရှိခဲ့သည်။




သို့သော် ကိုဗစ်– ၁၉ မှာ ပိုမိုပြင်းထန်ပါသည်။ ကမ္ဘာတစ်ဝန်း ပထမအကြိမ်(ပထမလှိုင်း)ထက် ဒုတိယလှိုင်းက ပိုမိုပြင်းထန်လှသည်။ အသက်ကြီးသူများ၊ ရောဂါအခံရှိသူများ ကူးစက်ခံရပါက အသက်ကိုကယ်တင်နိုင်ခွင့်မရကြသည်ကို တွေ့ရသည်။ အိန္ဒိယနိုင်ငံဆိုလျှင် ပြင်းထန်စွာခံစားရသော နိုင်ငံဖြစ်ပြီး စတုတ္ထလှိုင်းအထိပင် တွေ့ကြုံနိုင်သည်ဟု ယူဆကြသည်။ ယူကေနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်ပိုင်းက ကိုဗစ်– ၁၉ စတင်ကူးစက်ခံရကြောင်းသိရပြီး မတ်လ ၂၃ ရက်တွင် lock down လုပ်ခဲ့သည်။ ယူကေနိုင်ငံမှာ လှိုင်းသုံးခု တွေ့ကြုံရသည်။ ထိုပထမလှိုင်းအပြီး ဒုတိယလှိုင်းတွင် ကူးစက်ခံရသူအများစုတို့မှာ အလယ်အလတ်ပြင်းထန်မှုသာ ခံစားကြရသည်။ တတိယလှိုင်းတွင်မူ ပြင်းထန်ခဲ့ပြီး အမျိုးသမီးများ၊ လူငယ်များ၊ အာဖရိကန္ွယ်ဖွား အသားမည်းသူများ၊ အာရှနွယ်ဖွားနှင့် လူနည်းစုလူမျိုးစုများ အဖြစ်များသည်ကို တွေ့ရသည်။

ကူးစက်ခံရပြီး ပြန်လည်နာလန်ထူဖို့ အချိန်ကာလလည်း အတော်ကြာမြင့်သည်။ စီးပွားရေးအရ များစွာထိခိုက် ခဲ့ရသလို စာသင်ကျောင်းများပိတ်ရသဖြင့် ပညာရေးအရလည်း နစ်နာမှုများရှိခဲ့သည်။

စာမျက်နှာ ၂၁ သို့

**"အထူးသဖြင့် ကိုဗစ်- ၁၉ ကပ်ရောဂါကို Spanish Flu Pandemic ၁၉၁၈- ၁၉၂၀ ပြည့်နှစ် စပိန်တုပ်ကွေးကပ်ရောဂါနှင့် နှိုင်းယှဉ်လေ့ရှိကြသည်။ ကူးစက်ပြန့်ပွားပုံက ဆင်တူပြီး စပိန်တုပ်ကွေးမှာ လှိုင်းသုံးခုရှိခဲ့သည်။ ၂၀၀၉- ၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော H1N1 Swine Flu Pandemic (H1N1pdm05)သည်ပင် လှိုင်းနှစ်ခုရှိခဲ့သည်။ သို့သော် ကိုဗစ်-၁၉ မှာ ပိုမိုပြင်းထန်ပါသည်။ ကမ္ဘာတစ်ဝန်း ပထမအကြိမ်(ပထမလှိုင်း)ထက် ဒုတိယလှိုင်းက ပိုမိုပြင်းထန်လှသည်။ အသက်ကြီးသူများ၊ ရောဂါအခံရှိသူများ ကူးစက်ခံရပါက အသက်ကိုကယ်တင်နိုင်ခွင့်မရကြသည်ကို တွေ့ရသည်"**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

*စာမျက်နှာ ၂၁ မှ*

ကိုဗစ်-၁၉ ၏ ကူးစက်ပြန့်ပွားမှု၊ ထိခိုက်နစ်နာစေမှုများမှာ တစ်နေရာနှင့်တစ်နေရာ ကွဲပြားနေတတ်သလို လှိုင်းများအသွင် ပြန်လည်ဖြစ်ပွားနေမှုများကလည်း ကွာခြားနေလေ့ရှိသည်ဟု သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဥရောပဒေသ၌ ယခုနှစ် ဆောင်းဦးရာသီတွင် လှိုင်းအသစ်တစ်ခု တွေ့ကြုံရဖွယ်ရှိကြောင်း သတိပေးထားပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဥရောပဆိုင်ရာ အကြီးအကဲဖြစ်သူ Dr. Hans Kluge ကလည်း ကြိုတင်ကာကွယ်စီစဉ်မှုများ ဆောင်ရွက်ထားကြရန်နှင့် ထိုလှိုင်းအသစ်နှင့် တွေ့ကြုံရပါက ဆေးရုံတက်ကုသရမှုများ၊ သေဆုံးရမှုများနှင့် တွေ့ကြုံရနိုင်သည်ဟု ဇွန်လ ၁ ရက်က ကိုပင်ဟေဂင်မြို့ သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ဗီဇပြောင်းပိုးသစ်များ၊ ကာကွယ်ဆေးထိုးမှုဆိုင်ရာ လိုအပ်ချက်များ မပြည့်မီသေးမှုများနှင့် လူတန်းစားအမျိုးမျိုး လူစုလူဝေးရောနှောမှုများ(social mixing ) စသည့်အခြေအနေသုံးခုကြောင့် ဥရောပသာမက ကမ္ဘာ့နိုင်ငံအသီးသီးအတွက် ရင်လေးစိတ်ပူပင်စရာဖြစ်နေကြောင်းလည်း ၎င်းကဆိုသည်။

ဥရောပတွင် ခရီးသွားလာမှုများ၊ လူစုလူဝေးလုပ်မှုများ၊ လူမှုရေးအရ တားမြစ်မှုများ လျော့ရဲလာမှုများကြောင့် ကူးစက်မှု ၁၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟုလည်း သိရသည်။ ယခုနှစ် ဩဂုတ်လသည် ဥရောပတိုက်အတွက် ဒယ်လ်တာဗီဇပြောင်း ကိုဗစ်ဗိုင်းရပ်စ်ပိုး (Delta dominant)က ထူးခြားစွာ တိုက်ခိုက်လာနိုင်သည်။ ဥရောပတိုက်၏ လူပေါင်း ၆၃ ရာခိုင်နှုန်းတို့သည် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ကို မထိုးရသေးဘဲ စောင့်ဆိုင်းရလျက်ရှိကြကြောင်း၊ ကာကွယ်ဆေးကို အမြန်ထိုးကြရန်လိုအပ်ကြောင်း၊ နှစ်ကြိမ်အပြည့်ထိုးနှံကြဖို့လိုကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခွင့်ပြုထားသော ကာကွယ်ဆေးများသည် delta ပိုးကို ခုခံနိုင်ကြောင်း၊ ပြင်းထန်သောရောဂါဖြစ်ပွားမှုလည်း မဖြစ်စေနိုင်ကြောင်း၊ ဥရောပလူထုကို ကာကွယ်ဆေးထိုးပေးမှုမှာ ၂၄ ရာခိုင်နှုန်းသာ ရှိနေသေးကြောင်း စသည်ဖြင့်လည်း သိရပါသည်။

## ကိုဗစ်လှိုင်းအသစ်များကို ကာကွယ်ကြစို့

ထိုသို့ဆောင်ရွက်ရန်မှာ အထွေအထူးမဟုတ်ဘဲရှိပြီးသား၊ သိရှိပြီးသား social measures စသည့် လူတိုင်းလိုက်နာကျင့်သုံးရမည့် အချက်များကို တိကျစွာလိုက်နာခြင်းဖြင့် လူတိုင်းကိုယ်စီက မိမိကအစ ကာကွယ်ကြဖို့သာ ဖြစ်သည်။

## ခပ်ခွာခွာနေခြင်း အလေ့အထ

အိမ်မှာပဲနေပါ၊ ဖြစ်နိုင်သရွေ့အိမ်ကနေပဲ အလုပ်လုပ်ပါ။ မိသားစုစုစုဝေးဝေးနေပါ။ အသက်ကြီးသူများ၊ ရောဂါအခံရှိသူများ၊ ကလေးငယ်များ အိမ်ပြင်မထွက်ကြပါစေနှင့်။ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာနေပါ၊ မျက်နှာနှင့် နှာခေါင်းစည်းတပ်ပါ၊ လူစုလူဝေးရှောင်ပါ။

## ကောင်းသော သန့်ရှင်းရေးအလေ့အထ

မကြာခဏ လက်ဆေးပါ။ ဆပ်ပြာနှင့် စက္ကန့်၂၀ကြာ လက်ဆေးပါ။ အပြင်ကပြန်လာတိုင်း၊ နှာချေချောင်းဆိုးပြီးတိုင်း၊ မျက်နှာနှင့် နှာခေါင်းကို ထိတွေ့ကိုင်တွယ်မိပြီးတိုင်း လက်ဆေးပါ။ ဆပ်ပြာနှင့် လက်မဆေးနိုင်ပါက အရက်ပြန် ၆၀ ရာခိုင်နှုန်းပါသော လက်သန့်ဆေးရည်ဖြင့် ဆေးကြောပါ။


## ဖျားနာနေလျှင်

မိမိကိုယ်တိုင်က နေထိုင်မကောင်းပါက အခြားသူများနှင့် ဝေးဝေးမှာနေပါ။ သီးသန့်ခွဲနေပါ။ ခွဲအိပ်ပါ။ အသုံးအဆောင်များ သီးသန့်သုံးပါ။ မျက်နှာနှင့် နှာခေါင်းစည်းတပ်ပါ၊ ဆေးကုသရန်မှလွဲ၍ အိမ်ပြင်မထွက်ပါနှင့်။ ဆေးရုံဆေးခန်းများသို့ မိမိသဘောနှင့် မသွားသင့်ဘဲ ချိန်းဆိုခေါ်ငင်ပြီးမှသာ သွားပါ။

## ကာကွယ်ဆေးထိုးပါ

အသက်ကြီးသူများ၊ ရောဂါအခံရှိသူများအား ဦးစားပေး၍ ထိုးနေပါသည်။ လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်သူများ၊ အများပြည်သူများနှင့် ဆက်ဆံထိတွေ့နေရသူများ အထူးအားဖြင့် ထိုးသင့်ပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း လုံးတွင် ယခုအချိန်အထိ ကူးစက်ခံရသူပေါင်းသန်း ၂၀၀ ကျော်ရှိနေပြီး သေဆုံးသူပေါင်း လေးသန်းခန့်ရှိနေပြီဟု သိရသည်။ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါကြီး၏ ကြောက်မက်ဖွယ်လှိုင်းတံပိုးများကို လူတိုင်းတာဝန်သိသိဖြင့် တားဆီးကြပြီး အဆုံးထိအောင် မောင်းနှင်ထုတ်ဖို့ ညီညာကြဖို့ တိုက်တွန်းအပ်ပါသည်။ ။





**ကိုးကား-**

(၁) BMJ British Medical Journal

(၂) CDC(Variants).

(၃) Science Focus(18.8.21).

# ASEAN ICT Awards 2021 တွင် ပါဝင်ယှဉ်ပြိုင်ရန် ကွန်ပျူတာအသင်းချုပ်က ဖိတ်ခေါ်ထား

အာဆီယံဒေသတွင်း ICT နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများအတွက် အာဆီယံနိုင်ငံများအကြား ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် ASEAN ICT Awards ပြိုင်ပွဲကို ယခု ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင် အဖြစ် စီစဉ်ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအား မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲတွင် အမျိုးအစား ခြောက်မျိုး ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့မှာ (၁) The Public Sector (အများပြည်သူနှင့် အစိုးရဌာနများ အကြား ဆက်သွယ်ဆောင်ရွက်ပေးနိုင်သော ဆော့ဖ်ဝဲ/ဟာ့ဒ်ဝဲ ထုတ်ကုန်များနှင့် e-Govern- ment အက်ပလီကေးရှင်းများ)၊ (၂) The Private Sector(ကုမ္ပဏီများနှင့် စက်မှု၊ စီးပွားရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း စသည့် လုပ်ငန်းများတွင်သုံးရန် ဆော့ဖ်ဝဲ များ)၊ (၃)Corporate Social Responsibility-CSR (လူမှုအဖွဲ့အစည်းများ အသုံးပြုရန်နှင့် ပြည်သူများ လူနေမှုဘဝ တိုးတက်ရန် ရည်ရွယ် ရေးသားထားသော ဆော့ဖ်ဝဲများ) (၄) Digital Content (ရုပ်ပုံများ၊ စာများ၊ အသံများနှင့် ဗီဒီယိုများကို ဒစ်ဂျစ်တယ်သို့ ပြောင်းလဲခြင်း ဆိုင်ရာ Multimedia ဆော့ဖ်ဝဲများ)၊ (၅) Start-up(နည်းပညာဆိုင်ရာ ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲများ ထုတ်လုပ်ရန် ကြိုးပမ်းနေသည့် ကုမ္ပဏီငယ်များ)နှင့် (၆) Research and Development(ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ




နှင့် ပတ်သက်သည့် သုတေသနပြုလုပ်ချက်များ) ဖြစ်သည်။

ပြိုင်ပွဲကို အဆင့်လေးဆင့် ပြုလုပ်မည်ဖြစ်ပြီး ပထမအဆင့်တွင် ယှဉ်ပြိုင်မည့်သူများသည် ပြိုင်ပွဲဝင် အချက်အလက်များကို (https://aseanictaward.org.mm) ဝက်ဘ်ဆိုက်တွင် သက်ဆိုင်ရာနိုင်ငံအလိုက် တာဝန်ရှိသူမှတစ်ဆင့် ပေးပို့လျှောက်ထားရမည် ဖြစ်သည်။ ဒုတိယ အဆင့်တွင် အာဆီယံနိုင်ငံများမှ ဒိုင်များနှင့် တတိယအဆင့်တွင် Short List ရွေးချယ်ခံရသူများ၏ Presentation များကို အာဆီယံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများမှ ဒိုင်များက စိစစ်ရွေးချယ်မည်ဖြစ်ကာ နောက်ဆုံး အဆင့်အဖြစ် ဆုရရှိသူများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ASEAN Digital Ministers' Meeting အစည်းအဝေးတွင် ဆုချီးမြှင့်မည် ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်ခွင့်ပုံစံနှင့် မိမိတို့ယှဉ်ပြိုင်မည့် အကြောင်းအရာအတွက် နှစ်မိနစ်မှ ငါးမိနစ်ခန့်ရှိသော ဗီဒီယိုဖိုင်ကို .avi Format ဖြင့် မြန်မာနိုင်ငံ၏ ASEAN ICT Awards 2021 Country Coordinator ဖြစ်သူ ဒေါ်ချောခင်ခင်၊ အီးမေးလ် chawkhinkhin@mcf.org.mm သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ကာ ပြိုင်ပွဲနှင့် ပတ်သက်သည့် အချက်များကို aseanict-award.org.mm တွင် အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကိုစိုး**

## Application Review

# ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို တည်းဖြတ် အလှဆင်ဖို့ Picsart Photo Editor(17.9)

Picsart ဟာ အန်းဒရွိုက်ဖုန်းတွေ စပေါ်ပြီး မကြာမီကတည်းက ထွက်ရှိလာတဲ့ ဓာတ်ပုံတည်းဖြတ်တဲ့ အက်ပလီကေးရှင်းတစ်ခုဖြစ်ပြီး ဗားရှင်းအသစ်တွေလည်း ဆက်တိုက်ထွက်လာခဲ့တာကြောင့် အခုအခါ Version 17.9 အထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီဗားရှင်းမှာ ဓာတ်ပုံနဲ့ ဗွီဒီယိုတွေ တည်းဖြတ်နိုင်တဲ့အပြင် Sticker maker နဲ့ Collage maker စတဲ့ လုပ်ဆောင်ချက်တွေကိုလည်း သုံးနိုင်ပါတယ်။


### ဖန်တီးလုပ်ဆောင်နိုင်

ဓာတ်ပုံတည်းဖြတ်မှုမှာ နောက်ခံတွေကိုဖြတ်ထုတ်ပြီး အစားထိုးထည့်တာ၊ အလင်းအမှောင်နဲ့ အလှအပ ပြင်ဆင်တာ၊ ဓာတ်ပုံပေါ်မှာ စာလုံးအလှတွေရေးတာ၊ ဓာတ်ပုံရဲ့ ဆံပင်ပုံစံနဲ့ မိတ်ကပ်တွေ ပြောင်းပေးတာ၊ စတစ်ကာနဲ့ အခြားပုံတွေကို ဓာတ်ပုံထဲမှာထည့်ပြီး စတစ်ကာအသစ်ဖန်တီးတာ စတဲ့ လုပ်ဆောင်ချက်တွေနဲ့အတူ အခြားလုပ်ဆောင်ချက်အများအပြားကို သုံးနိုင်ပါတယ်။ ဗီဒီယိုတည်းဖြတ်မှုမှာတော့ ဗီဒီယိုတွေမှာ နောက်ခံသီချင်းထည့်တာ၊ ဗီဒီယိုတွေကို ဖြတ်တောက်တာ၊ ပြန်ဆက်တာနဲ့ ဗီဒီယိုတွေရဲ့ အချိုးအစားကို ပြင်ဆင်တာ၊ ဗီဒီယိုတွေမှာ effects တွေ ထည့်သွင်းတာ၊ ဓာတ်ပုံတွေကို စုစည်းပြီး ဗီဒီယိုအဖြစ်ဖန်တီးတာ စတာတွေကို လုပ်ဆောင်နိုင်ပါတယ်။

### အခမဲ့ ဒေါင်းလုပ်ရယူနိုင်

ဒီလုပ်ဆောင်ချက်တွေအပြင် ဓာတ်ပုံနဲ့ ဗီဒီယိုတွေ တည်းဖြတ်ဖို့၊ အလှဆင်ဖို့ အသုံးဝင် လွယ်ကူတဲ့ အခြားလုပ်ဆောင်ချက် အများအပြားလည်း Picsart Photo Editor(17.9)မှာ ပါဝင်ပြီး ဒီအက်ပလီကေးရှင်းကို ပလေးစတိုးကနေ အခမဲ့ ဒေါင်းလုပ်ရယူနိုင်ပါတယ်။ အားနည်းချက်ကတော့ လိုင်းဖွင့်ပြီးသုံးသုံး၊ အော့ဖ်လိုင်းပဲသုံးသုံး ကြော်ငြာတွေ မကြာခဏ တက်လာမှာဖြစ်ပြီး ကြော်ငြာတွေမပါတဲ့ ad-free ဗားရှင်းကိုတော့ ဝယ်သုံးရမှာဖြစ်ပါတယ်။

**ကျော်ဇင်ဦး**




## New Product

# အသစ်ထွက် Xiaomi MiPad 5 နဲ့ 5 Pro တက်ဘလက်များ

Xiaomi ဟာ ၂၀၁၈ မှာ MiPad 4 ကို ထုတ်လုပ်ပြီးနောက် Tablet တွေ ထုတ်လုပ်မှုကို ရပ်ထားခဲ့ရာကနေ အခုတော့ MiPad 5 နဲ့ 5 Pro တက်ဘလက်တွေနဲ့အတူ တက်ဘလက်ဈေးကွက်ထဲ ပြန်ဝင်ရောက်လာပြီဖြစ်ပါတယ်။ ဒီတက်ဘလက်နှစ်မျိုးကို ဩဂုတ် ၁၀ ရက်က မိတ်ဆက်ပြသခဲ့ပြီး တရုတ်နိုင်ငံမှာ ဩဂုတ် ၁၆ ရက်က စတင်ရောင်းချပါတယ်။ ပြည်တွင်းဈေးကွက်ထဲကိုတော့ ဝင်မလာသေးပါဘူး။

Xiaomi ရဲ့ စမတ်ဖုန်းတွေဟာ အခြားဖုန်းတွေနဲ့ယှဉ်ရင် ဈေးနှုန်းနဲ့ စွမ်းဆောင်ရည်ပိုင်းအရ အမြဲယှဉ်ပြိုင်နိုင်စွမ်းရှိသလို အခု အသစ်ပြန်ထွက်လာတဲ့ MiPad တက်ဘလက်နှစ်မျိုးဟာလည်း လက်ရှိ ဈေးကွက်ထဲက အခြားတက်ဘလက်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိနေပါတယ်။ တရုတ်နိုင်ငံဈေးကွက်ထဲက Reviews တွေအရ MiPad 5 နဲ့ 5 Pro တို့ရဲ့ စွမ်းဆောင်ရည်တွေကို နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်။

| | Mi Pad 5 Pro | Mi Pad 5 |
|---|---|---|
| မျက်နှာပြင်အကျယ် | ၁၁ လက်မ(1600 x 2560p) | ၁၁ လက်မ(1600 x 2560p) |
| မျက်နှာပြင်အမျိုးအစား | IPS LCD | IPS LCD |
| Processor | Qualcomm Snapdragon 870, octa-core 3.2 GHz, | Qualcomm Snapdragon 860 octa-core 2.96 GHz |
| RAM နဲ့ မင်မိုရီ | 6/128, 6/256, 8/256 | 6/128, 6/256 |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, MIUI | Android 11, MIUI |
| ကွန်ရက်ချိတ်ဆက်မှု | Wi-Fi, Bluetooth 5.2, GPS LTE and 5G(Dual SIM Slot) | Wi-Fi, Bluetooth 5.0, GPS (Wi-Fi Only) |
| ကျောဘက်ကင်မရာ | Dual(50 + 5) or (13 + 5) MP | Single 13 MP |
| ဆယ်လ်ဖီကင်မရာ | 8 MP | 8 MP |
| ဘက်ထရီ | 8600 mAh(fast charge 67W) | 8720 mAh(fast charge 33W) |



MiPad 5 နဲ့ 5 Pro တက်ဘလက်တွေဟာ Stylus pen စနစ် အသုံးပြုနိုင်သလို ကီးဘုတ်နဲ့ ချိတ်ပြီး လက်ပ်တော့ပ် အငယ်စားလိုလည်း သုံးနိုင်ပါတယ်။ လက်ရှိ ပြည်ပမှာရောင်းချတဲ့ ဈေးနှုန်းကို မြန်မာငွေလဲနှုန်းနဲ့ တွက်ချက်မှုအရ အနိမ့်ဆုံးဖြစ်တဲ့ Mi Pad 5(6/128)ဟာ ကျပ်ခြောက်သိန်းနီးပါး ရှိနိုင်ပြီး အမြင့်ဆုံးဖြစ်တဲ့ 5 Pro(8/256)ကတော့ ကျပ်ကိုးသိန်းကျော် ရှိနိုင်ပါတယ်။ ငွေလဲနှုန်းအပေါ် မူတည်ပြီးတော့ ဈေးနှုန်းတွေက ထပ်မံပြောင်းလဲနိုင်ပါတယ်။

**ကိုစိုး**

## Mobile Game Review

# လူကြိုက်များတဲ့ တာဝါဂိမ်း Last hope TD




Tower Defense ဆိုတာ ကျူးကျော်ဝင်ရောက်လာတဲ့ ရန်သူတွေကို မိမိဘက်က ခံတပ်တွေဆောက်ပြီး ခုခံရတဲ့ ဂိမ်းအမျိုးအစားဖြစ်ပြီး ကွန်ပျူတာပေါ်မှာ Plants Vs Zombies နဲ့ War Craft III ထဲက တာဝါမြေပုံတွေဟာ နာမည်ကျော် တာဝါဂိမ်းတွေဖြစ်ပါတယ်။ အန်းဒရွိုက်ခေတ်မှာလည်း TD ဂိမ်းတွေ အများအပြား ပေါ်ထွက်ထားပါတယ်။ ဒီအထဲမှာ လူကြိုက်များသလို ဆော့ရတာလည်း တကယ်ကောင်းမွန်တဲ့ ဂိမ်းတစ်ခုက Last Hope TD(Zombie) ဖြစ်ပါတယ်။

Last Hope TD(Zombie)ဟာ Single player ဂိမ်းအမျိုးအစားဖြစ်ပြီး အော့ဖ်လိုင်း ကစားနိုင်ပါတယ်။ ဂိမ်းထဲမှာ မြေပုံပေါင်း ၁၄၅ ခု၊ အဆင့် ငါးဆင့်စီ upgrade လုပ်နိုင်တဲ့ တာဝါအမျိုးအစား ၁၂ မျိုး၊ ဟီးရိုး ၁၀ ကောင်နဲ့ တစ်ကောင်ချင်းစီအတွက် Item အမျိုးအစား ၂၀ ကျော်၊ ရန်သူအမျိုးအစား ၅၀ ကျော်နဲ့ Boss တွေ ပါဝင်ပါတယ်။ Level တွေက Normal, Hard နဲ့ Nightmare လို့ သုံးမျိုးရှိပြီး Level တစ်ခုစီတိုင်းမှာStar လေးလုံးအထိ ရယူနိုင်သလိုနိုင်သွားတဲ့ Level တွေ အလိုက် Arena, Endless mode စတဲ့ အခန်းသစ်တွေ ထပ်ပွင့်လာဦးမှာဖြစ်လို့ TD ဂိမ်း အမျိုးအစားနဲ့ Strategy ဂိမ်းအမျိုးအစားကို ကြိုက်တဲ့ လူတွေအတွက် ရက်ပေါင်းများစွာ မရိုးနိုင်အောင် ဆော့လို့ရမယ့်ဂိမ်း ဖြစ်ပါတယ်။ ဂိမ်းရဲ့ ဖိုင်ဆိုက်က 100MB ကျော်ပဲရှိပြီး အန်းဒရွိုက် 8 နဲ့အထက် ဖုန်းများမှာ ကစားနိုင်ပါတယ်။ ပလေးစတိုးမှာ အခမဲ့ရယူနိုင်ပြီး ဟီးရိုးအချို့ကို ဝယ်ရတာကလွဲရင် ဂိမ်းတစ်ခုလုံးက အခမဲ့ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းသစ် လားရှိုး-လင်ချန်း ကုန်စည်ပြပွဲ

Dr . သက်လွင်ဦး၊ MYANTRADE

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချန်းမြို့ပြည်သူ့အစိုးရတို့ ဦးဆောင်ကျင်းပမယ့် မြန်မာ-တရုတ် နှစ်နိုင်ငံ (လားရှိုး-လင်ချန်း) နယ်စပ်ကုန်စည်ပြပွဲကို အွန်လိုင်းကုန်စည်ပြပွဲအဖြစ် ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ ဒုတိယအကြိမ် ကျင်းပတော့မှာ ဖြစ်ပါတယ်။**



ပထမအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ (၂၀၁၉) ကျင်းပသည့် လားရှိုးမြို့ မိုးလုံလေလုံ အားကစားရုံအား ဝေဟင်မှ မြင်တွေ့ရပုံ။

### မဟာဗျူဟာမြောက် ဆက်ဆံရေး

မြန်မာ-တရုတ် နှစ်နိုင်ငံက ၁၉၅၀ ပြည့်နှစ်ကစတင် သံတမန်ဆက်သွယ်ခဲ့ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးကို တည်ဆောက်ခဲ့ကြပါတယ်။ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၇၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှာလည်းကောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ် ဩဂုတ် ၁၃ ရက်မှာလည်းကောင်း အသီးသီးချုပ်ဆိုခဲ့ပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စတဲ့ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနဲ့ ပြည်သူအချင်းချင်း ဆက်သွယ်မှု မြှင့်တင်ရေးကို အစဉ်အလာကောင်းတွေနဲ့အညီ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

### မြန်မာ-တရုတ်ကုန်သွယ်မှု

တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံတစ်ခု ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ နိုင်ငံရဲ့ ကုန်သွယ်မှုပမာဏ တိုးမြှင့်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုတွေ၊ ဖြေလျှော့ပေးမှုတွေနဲ့ ဈေးကွက်ရှာဖွေ မြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တဲ့အတွက် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏနှစ်စဉ် သိသိသာသာ တိုးတက်လျက်ရှိတာကို မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ မြန်မာ -တရုတ် ကုန်သွယ်မှုမှာ နယ်စပ်ကုန်သွယ်ရေးက အဓိကအခန်းကဏ္ဍကနေ ပါဝင်ပြီး မြန်မာနိုင်ငံ အနေနဲ့ မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်း လေးခု ဖွင့်လှစ်ထားရှိပါတယ်။ အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်း လေးခုအနက် လင်ချန်းမြို့၊ မိန်းတိန် ဒေသနှင့် ထိစပ်လျက်ရှိတဲ့ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ကုန်သွယ်မှု ဒုတိယ အများဆုံးစခန်းအဖြစ် ရပ်တည်လျက်ရှိပါတယ်။

### ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်သွယ်

တရုတ်နိုင်ငံက အဆိုပြုတဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်သွယ် (One Belt One Road) အစီအစဉ်မှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့နဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တို့က အဓိကကျတဲ့ လမ်းဆုံနေရာအဖြစ် တည်ရှိနေတာဖြစ်တဲ့အတွက် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့မြို့များ ဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်သွယ် (One Belt One Road) အစီအစဉ်က ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်မှုမှာ အဓိကကျတဲ့အခန်းကဏ္ဍက ပါဝင်လာမှာ ဖြစ်တဲ့အတွက် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများကို ချင်းရွှေဟော် နယ်စပ်ဂိတ်မှ လားရှိုး၊ မန္တလေး ထိုမှတစ်ဆင့် ရန်ကုန်နဲ့ ကျောက်ဖြူ ဆိပ်ကမ်းမြို့များ၊ ထိုမှတစ်ဆင့် နိုင်ငံတကာ ဈေးကွက်သို့လည်းကောင်း၊ နိုင်ငံတကာက ကုန်ပစ္စည်းတွေကို မြန်မာနိုင်ငံ မြောက်ပိုင်းနဲ့ တရုတ်နိုင်ငံ အတွင်းပိုင်းဒေသများသို့ လည်းကောင်း ပို့ဆောင်နိုင်မှာ ဖြစ်ပါတယ်။

### ကုန်စည်ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်

မြန်မာ(လားရှိုး) – တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနဲ့ ကုန်စည်ပြပွဲကို ဒေသတွင်း နိုင်ငံများအကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး၊ နှစ်နိုင်ငံ ဒေသခံကုန်သည်လုပ်ငန်းရှင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရေး၊ ခရီးသွားလုပ်ငန်းနဲ့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါတယ်။

**■ မြန်မာ-တရုတ် ကုန်သွယ်မှုမှာ နယ်စပ်ကုန်သွယ်ရေးက အဓိကအခန်းကဏ္ဍကနေ ပါဝင်ပြီး မြန်မာနိုင်ငံအနေနဲ့ မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ ကန်ပိုက်တီး နယ်စပ် ကုန်သွယ်ရေးစခန်း လေးခု ဖွင့်လှစ်ထားရှိပါတယ်။ အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်း လေးခုအနက် လင်ချန်းမြို့၊ မိန်းတိန်ဒေသနှင့် ထိစပ်လျက်ရှိတဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းဟာ ကုန်သွယ်မှု ဒုတိယအများဆုံးစခန်း အဖြစ် ရပ်တည်လျက်ရှိပါတယ်**

### နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်

မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် မေ ၁၆ ရက်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ချင်းရွှေဟော်ဒေသဟာ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်မယ့် နေရာ သုံးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

### သဘောတူညီမှုစာလွှာလက်မှတ်ရေးထိုး

မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်စီးပွားရေးနဲ့ ကုန်စည်ပြပွဲကို လားရှိုးမြို့နဲ့ တရုတ်နိုင်ငံ လင်ချန်းမြို့တို့မှာ နှစ်စဉ်အလှည့်ကျ ကျင်းပနိုင်ရေးအတွက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နဲ့ လင်ချန်းမြို့ ပြည်သူ့အစိုးရတို့အကြား သဘောတူညီမှုစာချွန်လွှာ (Letter of Intent–LOI) ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်မှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူနဲ့ လင်ချန်းမြို့ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာလုကျစ်ဟွာတို့က Virtual Signing စနစ်နဲ့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

### လားရှိုး–လင်ချန်း ကုန်စည်ပြပွဲကျင်းပခြင်း

ပထမအကြိမ် မြန်မာ (လားရှိုး) – တရုတ် (လင်ချန်း) နယ်စပ်စီးပွားရေးနဲ့ ကုန်စည်ပြပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နဲ့ လင်ချန်းမြို့ပြည်သူ့အစိုးရတို့က ဦးဆောင်ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၁ ရက်ကနေ ၂၄ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ကုန်စည်ပြပွဲမှာ နှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်တွေက ပြခန်းပေါင်း ၁၄၀ ပါဝင်ပြသခဲ့ကြပြီး ကုန်စည်ပြပွဲကာလအတွင်း ကုန်သည်လုပ်ငန်းရှင်တွေအကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲနဲ့ သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ ကုန်စည်ပြပွဲလက်ခံကျင်းပခြင်းကြောင့် လားရှိုးမြို့ရှိ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ၊ အမှတ်တရပစ္စည်းဆိုင်တွေ စတဲ့ ဆက်စပ်လုပ်ငန်းတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းနဲ့ နိုင်ငံခြားဝင်ငွေ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သလို နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတွေလည်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုနှစ်အတွက် ဒုတိယအကြိမ် တရုတ်(လင်ချန်း) – မြန်မာ(လားရှိုး) နယ်စပ်စီးပွားရေးနဲ့ ကုန်စည်ပြပွဲကို ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် လင်ချန်းမြို့ ပြည်သူ့အစိုးရက ဦးဆောင်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ ၂၀၂၁ ခုနှစ် ဩဂုတ် ၂၅ ရက်ကနေ ၂၉ ရက်အထိ ကျင်းပပြုလုပ်မယ့် တရုတ်–တောင်အာရှကုန်စည်ပြပွဲရဲ့ တောင်/အရှေ့တောင်အာရှနိုင်ငံများ အွန်လိုင်း (Online) ကုန်စည်ပြခန်းမှာ အွန်လိုင်းပြခန်းဆောင် တည်ဆောက်ပြီး အွန်လိုင်း (Online) ကုန်စည်ပြပွဲအဖြစ် ကျင်းပမှာဖြစ်ပြီး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ မြန်မာနိုင်ငံက ကုန်သည်လုပ်ငန်းရှင်တွေက ကျောက်မျက်ရတနာတွေ၊ စားသောက်ကုန်တွေ၊ အမှတ်တရလက်ဆောင်ပစ္စည်းတွေ၊ လက်ဖက်နဲ့ ကော်ဖီ၊ ရေထွက်ကုန်တွေ၊ ICT ဝန်ဆောင်မှုလုပ်ငန်းတွေ၊ လယ်ယာထွက်ကုန်တွေနဲ့ ခရီးသွားလုပ်ငန်းတို့ကို ပါဝင်ပြသနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။


### ကုန်သွယ်ရေးလမ်းကြောင်းသစ်သို့

မြန်မာနိုင်ငံ ချင်းရွှေဟော်မြို့ မျက်နှာချင်းဆိုင်ဖြစ်တဲ့ တရုတ်နိုင်ငံ မိန်တိန်း (Mingding) ကနေ ယူနန်ပြည်နယ်ရဲ့ မြို့တော် ကူမင်းမြို့အထိ အဝေးပြေး လမ်းမ ဖောက်လုပ်ပြီးစီးပြီဖြစ်တဲ့အတွက် တရုတ်နိုင်ငံ ရွှေလီဘက်လမ်းကြောင်းထက် ကီလိုမီတာ ၁၀၀ ကျော် လျော့နည်းကြောင်း သိရှိရပါတယ်။ တရုတ်နိုင်ငံ လင်ချန်းမြို့ ပြည်သူ့အစိုးရဟာ ချင်းရွှေဟော်–မိန်တိန်းနယ်စပ်ဂိတ်ကို တရုတ်–အာဆီယံ သစ်သီးဝလံကုန်သွယ်ရေး အထူးဂိတ်အဖြစ် တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ ပါဝင်တက်ရောက်တဲ့ လင်ချန်း–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတွေမှာလည်း သက်ဆိုင်ရာဌာနတွေက ထည့်သွင်းဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ(လားရှိုး)–တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနဲ့ ကုန်စည်ပြပွဲဟာလည်း ဒေသနှစ်ခုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အုတ်မြစ်တစ်ခု ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ–တရုတ် ကုန်သည်လုပ်ငန်းရှင်တွေ၊ ဒေသခံပြည်သူတွေအနေနဲ့ ကုန်စည်ပြပွဲ Platform ကို အသုံးပြုပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါတယ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် ဆောင်ရွက်နေသူ မိုးညှင်းမြို့နယ် NLD ပါတီဝင် သက်ထားနှောင်း(ခ) သက်သူဇာခိုင်အား ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားမြို့တွင် ဖမ်းဆီးရမိ

၂၀၂၂ ခုနှစ် ဩဂုတ်လ ၄ ရက်တွင် မိုးညှင်းမြို့နယ်၊ နန်းမားမြို့၌ ဖမ်းဆီးရမိခဲ့သည့် မိုးညှင်းမြို့နယ်၊ NLD ပါတီဝင် သက်ထားနှောင်း အပါ ၃ ဦး၏စစ်ကြောရရှိချက် Diagram




နေပြည်တော် ဩဂုတ် ၂၄

**တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားရေး ဆောင်ရွက်နေသူ ရာဇသတ်ကြီး ပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်လှစ်ထားပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသော မိုးညှင်းမြို့နယ် NLD ပါတီဝင် သက်ထားနှောင်း(ခ)သက်သူဇာခိုင် ကို ဩဂုတ် ၄ ရက်တွင် မိုးညှင်းမြို့နယ် နန်းမားမြို့ ညောင်ကုန်းရပ်ကွက် အိမ်အမှတ်(၁၄)ရှိ သစ္စာရှင်အထည်ဆိုင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။**

ဖမ်းဆီးရမိသူ သက်ထားနှောင်း၏ ထွက်ဆိုချက်အရ KIA သောင်းကျန်းသူအဖွဲ့ထံသို့ ဆန်နှင့် စားသောက်ကုန်များ ပို့ဆောင်ပေးသူများဖြစ်သည့် KIA အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ တူးမိုင်နှင့် သန်းကြိုင်တို့ နှစ်ဦးကို ဩဂုတ်လ ၁၄ ရက်တွင် ဟိုပင်မြို့ နတ်ကြီးကုန်းရပ်ကွက်ရှိ သန်းကြိုင်၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

## အကြမ်းဖက်သင်တန်းဖွင့်ရန် ဆောင်ရွက်

သက်ထားနှောင်း၏ ထွက်ဆိုချက်အရ ၎င်းသည် ပူတာအိုမြို့နယ် NLD ပါတီဝင် ဒိန်ခန်ဖုန်(ခ)ခန်လင်နှင့်အတူ တရားမဝင်အဖွဲ့အစည်းဖြစ်သည့် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီ(Committee Repre-senting of Kachin State Hluttaw-CRKH)အဖွဲ့ကို ဖေဖော်ဝါရီလ ၈ ရက်တွင် အဖွဲ့ဝင် ၂၁ ဦးဖြင့် လည်းကောင်း၊ မိုးညှင်းမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို မတ်လ ၄ ရက်တွင် အဖွဲ့ဝင် ၂၇ ဦးဖြင့် လည်းကောင်း၊ မိုးညှင်းမြို့နယ်အတွင်းရှိ PDF အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန် KIA တပ်မဟာ (၈) ထောက်ပံ့ရေးအဖွဲ့(TMH-8 Support Team) အဖွဲ့ကို အဖွဲ့ဝင် ၁၀ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH တို့၏ ပံ့ပိုးကူညီမှုဖြင့် KIA သောင်းကျန်းသူနယ်မြေအတွင်း အကြမ်းဖက်သင်တန်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း။

## ချိတ်ဆက်ဆောင်ရွက်

သက်ထားနှောင်းသည် KIA သောင်းကျန်းသူအဖွဲ့ နယ်မြေအတွင်းရှိ PDF အဖွဲ့များ သင်တန်းတက်ရောက်နိုင်ရန်နှင့် အကြမ်းဖက်လုပ်ငန်းများအား ဆောင်ရွက်နိုင်စေရန် လိုအပ်သော ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ချိတ်ဆက်ဝယ်ယူ ပို့ဆောင်ခြင်းအား အဓိက တာဝန်ယူဆောင်ရွက်ခဲ့ပြီး လိုအပ်သော ငွေကြေးထောက်ပံ့မှုအား NLD ပါတီဝင်များဖြစ်သည့် အကြမ်းဖက်အဖွဲ့အစည်း CRPH အဖွဲ့ဝင်၊ ဖြူဖြူသင်း (၂၀၁၂ ခုနှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ NUG အဖွဲ့ဝင်၊ ရွှေပုံ(၂၀၁၅ ခုနှစ်၊ ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ တင်အေး (၂၀၁၅ ခုနှစ်၊ မိုးညှင်းမြို့နယ်၊ အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ မင်းဆွေနိုင် (၂၀၁၅ ခုနှစ်၊ မိုးညှင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ကျော်စွာဝင်း (ကသာမြို့နယ် NLD ပါတီဝင်)၊ ဝင်းဇော် (၂၀၁၅ ခုနှစ်၊ ကသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ မျိုးကျော် (မိုးညှင်းမြို့နယ် NLD ပါတီဝင်)၊ ခင်နှင်းထွေး (မိုးညှင်းမြို့နယ် NLD ပါတီဝင်)၊ ခင်မကြီး (၂၀၁၅ ခုနှစ် မဲဆန္ဒနယ် အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ မိုးညှင်းမြို့နေ ကျော်ခိုင်ဝင်း၊ ဝေယံနှင့် ဟိုပင်မြို့နေ မချိုတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း။

## အကြမ်းဖက်ဆောင်ရွက်ရန်

သက်ထားနှောင်းသည် ဇူလိုင်လ ၂၅ ရက်တွင် NLD ပါတီမှ ဝင်းနိုင် (၂၀၁၅ ခုနှစ်၊ မိုးကောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)နှင့် ဖြူဖြူသင်း အပါအဝင် NLD ကိုယ်စားလှယ်များနှင့် တရားမဝင်ဖွဲ့စည်းထားသော ကချင်အမျိုးသား နိုင်ငံရေး ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ (Kachin Political Interim Coordination Team-KPICT) တို့ဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Zoom Meeting ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ဇွန်လ ၂၉ ရက်တွင် Signal Application မှတစ်ဆင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ)၊ ပြည်သူ့လုံခြုံရေးအဖွဲ့(ပလဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ)တို့၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ မြို့နယ်အလိုက် တပ်မတော်၏ ထိန်းချုပ်ထားရှိမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် မြို့နယ်အလိုက် PDF အဖွဲ့များ ဖွဲ့စည်းထားမှု၊ နယ်မြေအလိုက် KIA သောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းလှုပ်ရှားမှုနှင့် ပတ်သက်သည့်အချက်များကို NUG အဖွဲ့ထံသို့ ပေးပို့ဖြန့်ဝေခဲ့ကြောင်း။

## ရိက္ခာသယ်ယူရေး

ဖမ်းဆီးရမိသူ တူးမိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် KIA သောင်းကျန်းသူအဖွဲ့မှ တပ်မဟာ (၈) ဒုတပ်မဟာမှူး အဆင့်ရှိ အောင်ဂျာ၏ စေခိုင်းချက်အရ ဟိုပင်နှင့် မိုးညှင်းမြို့နယ်များရှိ NLD ပါတီဝင်များနှင့် ချိတ်ဆက်၍ သင်တန်း တက်ရောက်နေသည့် PDF အဖွဲ့များအတွက် ရိက္ခာသယ်ယူ ပို့ဆောင်ရေးတာဝန်ကို ဆောင်ရွက်လျက်ရှိသည့်အပြင် KIA သောင်းကျန်းသူနယ်မြေအတွင်းသို့ အကြမ်းဖက်သင်တန်းတက်ရောက်မည့် အစွန်းရောက်လူငယ်များကို ပို့ဆောင်ပေးရကြောင်း။

*စာမျက်နှာ ၂၅ သို့*

# မိုင်းထောင်ဖောက်ခွဲ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ခဲ့သူများအား လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉)ရပ်ကွက်၌ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၄

**အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၃ ရက် တွင် သတင်းအရ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉)ရပ်ကွက်ရှိ "ကိုကိုညီညီ" ငါးကင်ဆိုင်သို့ လုံခြုံရေးပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ နေလင်းအပါအဝင် စိုးအောင်၊ ပြည့်စုံအောင်နှင့် ဟိန်းမင်းမင်းထက်တို့ လေးဦးကို ပစ္စတိုတစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမကျည် ၁၄ တောင့်၊ လက်လုပ်မိုင်း နှစ်လုံးတို့ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။**

ဖမ်းဆီးရမိသူ နေလင်း၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၈) ရပ်ကွက် တိုက်အမှတ် ၁၂၆ သို့ သွားရောက်ရှာဖွေခဲ့ရာ လက်လုပ် Air Gun ရှစ်လက်၊ လက်လုပ်မိုင်း မျိုးစုံ ၅၂ လုံး၊ မီးခိုးဗုံး ၄၆ လုံး၊ လက်လုပ်ပဒေသာမိုင်း ၁၁ လုံးပါ တစ်တွဲနှင့် လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် အခြားဆက်စပ် ပစ္စည်းများကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ထို့ပြင် ဩဂုတ် ၁၄ ရက်တွင် ဖြစ်စဉ်နှင့် ဆက်စပ်သူများဖြစ်သည့် ထက်အောင်ခန့်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၇)ရပ်ကွက် အမှတ် ၇၃၁ ၌ လည်းကောင်း၊ အာကာအောင်(ခ) အာကာကို (၃၅)ရပ်ကွက် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းအနီး၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ပူးပေါင်းပါဝင်ကျူးလွန်**

ဖမ်းဆီးရမိသူ ထက်အောင်ခန့်၏ ထွက်ဆိုချက်အရ ဇွန်လ ၂၇ ရက်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးအား ပစ်ခတ်ခဲ့သူ Lion (ဖမ်းဆီးရန်ကျန်)ထံသို့ ပစ်ခတ်ရန် သေနတ်အား NUG အဖွဲ့ဝင် ချစ်ထွေး (ခ) အီသန် (ဖမ်းဆီးရန်ကျန်)ထံမှ ချိတ်ဆက်ရယူပေးခဲ့ရာတွင် ၎င်းအနေဖြင့် ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း) နှင့် (တောင်ပိုင်း) မြို့နယ်များအတွင်း ဖောက်ခွဲမှု ငါးကြိမ်ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ဇွန်လ ၁၉ ရက်တွင် (၄၇)ရပ်ကွက်ရှိ နေအိမ်တစ်လုံးရှေ့ ခြံစည်းရိုးတွင် လက်လုပ်ဗုံး တစ်လုံးကို လည်းကောင်း၊ ဇူလိုင်လ ၆ ရက်တွင် (၄၀)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ အမှိုက်ပုံးတွင် လက်လုပ်ချိန်ကိုက်ဗုံး တစ်လုံးကို လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် (၃၇)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၌ လက်လုပ်ဗုံး တစ်လုံးကိုလည်းကောင်း၊ ဩဂုတ် ၅ ရက်တွင် (၃၅)ရပ်ကွက်ရှိ "မြိုင်မဟာ" လက်ဖက်ရည်ဆိုင်၌ လက်လုပ်ဗုံး တစ်လုံးကို လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် (၅၅)ရပ်ကွက်၊ လှော်ကားလမ်းနှင့် ရောဝဏ်လမ်းထောင့်၌ ဆိုင်ကယ်တူးဘောက်အတွင်း လက်လုပ်ဗုံး တစ်လုံးကို တပ်ဆင်၍လည်းကောင်း ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**သတင်းပေးတိုင်ကြားပါရန်**

ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် လုပ်ကြံသတ်ဖြတ်ရန် လက်နက်ထုတ်ပေးခဲ့သည့် NUG အဖွဲ့ဝင် ချစ်ထွေး(ခ) အီသန်၊ အုပ်ချုပ်ရေးမှူးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် Lion နှင့် အခြားဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားကြရန်နှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်ထားသည်။

**သတင်းစဉ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀)၊ တိုက်အမှတ်(၁၂၆)၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် လက်နက်ခဲယမ်းများနှင့်အတူ တရားခံများဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



တရားခံ နေလင်း



တရားခံ ထက်အောင်ခန့်



တရားခံ ဟိန်းမင်းမင်းထက်



တရားခံ ပြည့်စုံအောင်



တရားခံ စိုးအောင်



တရားခံ အာကာအောင်

ကိုကိုညီညီ ငါးကင်အရောင်းဆိုင်၌ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ



*စာမျက်နှာ ၂၄ မှ*

ဖမ်းဆီးရမိသူ သန်းကြိုင်၏ ထွက်ဆိုချက်အရ PDF သင်တန်းတက်ရောက်နေသူများနှင့် KIA သောင်းကျန်းသူအဖွဲ့အတွက် ရိက္ခာသယ်ယူပို့ဆောင်ရာတွင် တူးမိုင်နှင့် အတူဆောင်ရွက်ရပြီး ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက် အောင်နန်းရပ်ရှိ ဌေးလွင်၏ ဆန်စက်တွင် KIA သောင်းကျန်းသူအဖွဲ့ထံသို့ ပေးပို့မည့်ဆန်အိတ်များ ဝယ်ယူသိုလှောင်ထားကြောင်း ဖော်ထုတ်ရရှိသဖြင့် သွားရောက်ရှာဖွေခဲ့ရာ ဆန်အိတ် ၄၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် တူးမိုင်၏ ထွက်ဆိုချက်အရ KIA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဩဂုတ်လ မှစတင်၍ သင်တန်းဆင်းလူငယ်များကို နေရပ်သို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ KIA သောင်းကျန်းသူအဖွဲ့၏ လက်အောက်စခန်းများတွင် ဖြန့်ခွဲထားရှိကြောင်းနှင့် ၎င်းတို့အား KIA သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်း၍ မြို့/ရွာများကို ဖောက်ခွဲဖျက်ဆီးခိုင်းထားကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော CRPH၊ NUG နှင့် KIA သောင်းကျန်းသူအဖွဲ့တို့၏ လုပ်ဆောင်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ၏ အကျိုးစီးပွားများအား ပျက်စီးစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် အဆိုပါ အကြမ်းဖက် လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

သို့သော်လည်း ရှာကွီရီသည် ယခုနှစ်ရာသီ လိဂ်ပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရရှိထားခြင်းမရှိပေ။ ဘေဆယ်၊ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်အသင်းတို့တွင် ကစားခဲ့ဖူးသည့် ရှာကွီရီသည် ဘေဆယ်၊ ဘိုင်ယန်မြူးနစ်နှင့် လီဗာပူးအသင်းတို့တွင် ဆုဖလားများစွာ ဆွတ်ခူးရရှိထားသည်။

ထို့ကြောင့် ရှာကွီရီအနေဖြင့် လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းတွင် အောင်မြင်မှုသရဖူ စိုက်ထူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ ရှာကွီရီသည် ဆွစ်ဇာလန်အသင်းအတွက် ၉၆ ပွဲ ပါဝင်ကစားခွင့်ရရှိထားပြီး ၂၆ ဂိုး သွင်းယူပေးထားသည်။

လိုင်ယွန်အသင်းသည် ယခုနှစ်ရာသီ လီဂူးဝမ်းပြိုင်ပွဲ ပွဲစဉ်(၁)၌ ဘရက်စ်အသင်းနှင့် တစ်ဖက်တစ်ဂိုး စီသရေကျထားပြီး ပွဲစဉ် (၂) အိန်ဂျားအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ထို့အပြင် ပြီးခဲ့သည့် ပွဲစဉ် (၃) တွင်လည်း ကလီမွန့်အသင်းကို တစ်ဖက် သုံးဂိုးစီ သရေကျထားသည်။ ထို့ကြောင့် လိုင်ယွန်အသင်းသည် ယခုနှစ်ရာသီ လီဂူးဝမ်းပြိုင်ပွဲ ပွဲစဉ်(၃)အပြီးတွင် တစ်ပွဲရှုံးပြီး နှစ်ပွဲသရေကျထားသောကြောင့် ရမှတ် နှစ်မှတ်သာ ရရှိထားသေးသည်။ လိုင်ယွန်အသင်းသည် လာမည့် ပွဲစဉ်အဖြစ် ဩဂုတ် ၂၈ ရက်တွင် နန့်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**




အပြင်ထွက်တိုင်း

ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်မှုမခံရစေရေးအတွက် ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အပြင်ထွက်တိုင်း Mask တပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကိုဆပ်ပြာနှင့် မကြာခဏ ဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကို သန့်စင်ခြင်းများပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်း မပြုလုပ်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောညွှန်ကြားချက်များ၊ ကိုဗစ်–၁၉ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျလိုက်နာရန် စသည့်အသိပေးနှိုးဆော်မှုများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးမြို့တွင် CDM ပြုလုပ်ပြီး အကြမ်းဖက် NUG နှင့် ဆက်သွယ်လှုပ်ရှားခဲ့သည့် ကျောင်းဆရာမဟောင်း ပုံခမ်းကျယ် အပါအဝင် လေး ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စံသာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး CDM ပြုလုပ်ခဲ့သူ ပုံခမ်းကျယ်နှင့် အခြား CDM ပြုလုပ်နေသူ ကျောင်းဆရာ/ ဆရာမများ ဖြစ်ကြသည့် အောင်ငြိမ်းချမ်း၊ သန်းသန်းစိုး၊ စန်းကိန်တို့ သုံးဦးအား ကလေးမြို့ တပ်ဦးသီတာရပ်ကွက် အိမ်အမှတ် (၈/၂၁)၌ ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် တွေ့ရှိဖမ်းဆီး စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ပုံခမ်းကျယ်သည် NLD ပါတီ မှ ရှားမီး (၂၀၁၅ ခုနှစ်၊ ကလေးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ သန့်ဝေကျော် (၂၀၁၅ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့၏ ညွှန်ကြားချက်ဖြင့် ကလေးမြို့နယ်အတွင်းရှိ CDM ဝန်ထမ်းစာရင်းများကောက်ယူကာ CDM ဝန်ထမ်း ၁၅၄ ဦးခန့်အတွက် မတ်လမှ ဇွန်လအထိ တစ်ဦးလျှင် တစ်လ ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄၄၀၀၀၀၀ အား ထောက်ပံ့ပေးခဲ့ကြောင်း၊ ၎င်းငွေများအား သန့်ဝေ ကျော်က အလှူခံကာ ပေးပို့ခြင်းဖြစ်ကြောင်း။


ထို့အပြင် ပုံခမ်းကျယ်သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG အဖွဲ့ဝင်များဖြစ်သည့် ရည်မွန်၊ ခင်မမမျိုး၊ နိုင်ကောင်းရွက်တို့နှင့် Zoom Meeting များတွင် ပါဝင်ခဲ့ပြီး NUG ၏ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အချို့ပါဝင်သော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဖွဲ့စည်းရေးတွင် PDF များအတွက် သင်တန်းစီစဉ်ဖွင့်လှစ်ရန်၊ တပ်စုဖွဲ့မှုဆောင်ရွက်ရန်၊ လက်နက်တပ်ဆင်ပေးရန် တို့ကိုဆွေးနွေးခြင်း၊ ၎င်းတို့ဖွဲ့စည်းမည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် တပ်မဟာ (၅/၆/၇)တို့အား ဖွဲ့စည်းရန်နှင့် CNF နယ်မြေတွင်ဌာနချုပ် အဆောက်အအုံဆောက်လုပ်ရန်၊ CNF ထံတွင် စစ်သင်တန်း (နည်းပြ) ဖွင့်လှစ်သင်ကြားပြီး ဆင့်ပွားသင်တန်းအား နေရာ ၁၂ နေရာခွဲ၍ ဖွင့်လှစ်ရန်တို့ကို ပါဝင်ဆွေးနွေးခြင်း၊ PDF များ၏ သင်တန်းဆင်းပွဲများသို့ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

ကျန်ဆရာ၊ ဆရာမ သုံးဦးဖြစ်သည့် အောင်ငြိမ်းချမ်း၊ သန်းသန်းစိုးနှင့် စန်းကိန်တို့သည် CDM တွင် ပါဝင်လှုပ်ရှားခြင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG ထံမှ ထောက်ပံ့ငွေရယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ပုံခမ်းကျယ်နှင့် ဆက်စပ်တရားခံ သုံးဦးတို့အား နိုင်ငံသားအစုအဖွဲ့ကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ၊ ကြောက်ရွံ့စေလျှင်၊ သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၀၅–က အရ လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG နှင့် ဆက်သွယ်ဆောင်ရွက်မှုကြောင့် မတရားအသင်းဥပဒေ ပုဒ်မ–၁၇(၁) အရ လည်းကောင်း အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကလေးမြို့တွင် CDM ပြုလုပ်ခဲ့သည့် ကျောင်းဆရာမဟောင်း ပုံခမ်းကျယ် အပါအဝင် ၄ ဦးနှင့် ဆက်သွယ်လှုပ်ရှားခဲ့သည့် ဆက်စပ်တရားခံများ Diagram





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဆေးရုံကြီးများတွင် အကူသူနာပြု (လစာနှုန်း ၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀) ရာထူး (၁၀၀၀) နေရာလစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည် –
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သောအကူသူနာပြု (ပြင်ပ) (၉)လ သင်တန်းဆင်းအောင်လက်မှတ် ရရှိပြီးသူဖြစ်ရမည်၊
- (ဂ) လျှောက်လွှာပိတ်သည့် (၃၀–၉–၂၀၂၁)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
- (ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ် (Dismiss) ခြင်း၊ ထုတ်ပယ် (Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ၊
- (င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊
- (စ) လစ်လပ်လျက်ရှိသောပြည်သူ့ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
- (ဆ) နိုင်ငံ့ဝန်ထမ်းအကူသူနာပြုအဖြစ် (၁) နှစ်မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပေးပို့ရန် –
- (က) လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူပူးတွဲပြီး ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄) ၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၃၀–၉–၂၀၂၁)ရက်နေ့ နောက်ဆုံးထား လျှောက်ထားရမည်။
- (ခ) လျှောက်လွှာနှင့်အတူပေးပို့ရမည့်အချက်အလက်များ –
  - (၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ(၆) လအတွင်းရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ (၃)ပုံ
  - (၂) အကူသူနာပြုအောင်လက်မှတ် (မိတ္တူမှန်)
  - (၃) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (၁) စောင်
  - (၄) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံစာ (မူရင်း) (၁) စောင်၊
  - (၅) (၃)လအတွင်း ကျန်းမာရေးစစ်ဆေးထားသော သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ(မူရင်း) (၁) စောင်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကိုလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၅။ ကြော်ငြာပါရာထူးအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံစွာဖြင့် လျှောက်ထားသူများကိုသာ စာမေးပွဲ ဖြေဆိုမည့်ရက်အား ပြန်လည်အကြောင်းကြားမည်ဖြစ်ပါသည်။

၆။ သိရှိလိုသည့် အချက်များရှိပါက သူနာပြုဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄) ၊နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇–၄၁၁၃၈၇)သို့ ရုံးချိန်အတွင်းလူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အကူသူနာပြုရာထူး လျှောက်လွှာပုံစံ

ကာလာ ဓာတ်ပုံ

| | | |
|---|---|---|
| အမည် | – | ---------- |
| မွေးသက္ကရာဇ်၊အသက် | – | ---------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | – | ---------- |
| မိဘအမည် | – | ---------- |
| နေရပ်လိပ်စာအပြည့်အစုံ | – | ---------- |
| ဆက်သွယ်ရန်လိပ်စာ | – | ---------- |
| အောင်မြင်သည့် ခုနှစ် ၊ လ ၊ ရက် | – | ---------- |
| အောင်မြင်သည့်ကျောင်း | – | ---------- |
| အောင်မြင်သည့် ခုံအမှတ် | – | ---------- |
| ဦးစားပေးလျှောက်ထားသည့် ဗဟိုအဆင့် | – (၁) | ---------- |
| ဆေးရုံကြီး / တိုင်းဒေသကြီး/ပြည်နယ် | – (၂) | ---------- |
| | – (၃) | ---------- |

လစ်လပ်လျက်ရှိသော ပြည်သူ့ဆေးရုံများတွင် သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ကတိ ရေးထိုးထားသည့်စာ ပူးတွဲတင်ပြရမည်။

လက်မှတ် ----------
အမည် ----------
တယ်လီဖုန်းနံပါတ် ----------

ရက်စွဲ၊ ၂၀၂၁ ခုနှစ် လ ရက်


# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် ငွေကျပ် သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၄**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ်တွင် ငွေကျပ် သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက် ညနေ ၄ နာရီခန့်တွင် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဦးစလမ်း အိမ်အမှတ် (၇၈/၇)ရှိ ထွန်းရွှေ (ခ) အားတီ (၄၉ နှစ်)၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့် အတူ ထွန်းထွန်းအေး(၄၈ နှစ်) ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၊ MARK II SALOON မော်တော်ယာဉ် တစ်စီးနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ် ဆေးပြားများ ပိုင်ရှင် မနာရှီးဘို(ခ) မလားဟူ (၃၈ နှစ်)၊ ထွန်းမောင် (၄၅ နှစ်)တို့ကို ညနေ ၆ နာရီခွဲခန့်တွင် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၄)ရပ်ကွက် ပါရမီလမ်း၌ BMW မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

Asiatic Agricultural Industuries Pte Ltd (Singapore) မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြန့်ဖြူးသူ Asiatic Agricultural Industries Pte Ltd (Myanmar Branch) မှ Golden Lion High Tech Agricultural Resources Co., Ltd.သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချ မည်ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | DUO 530 WP | Dimethomorph 300g/kg + Chlorothalonil 500gm/Kg WP | Prov | P2021-4252 |
| ၂။ | LEAD 500 WDG | Pymetrozine 500gm/Kg WDG | Prov | P2021-3760 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေငြာအပ်ပါသည်။

Asiatic Agricultural Industries Pte Ltd (Myanmar Branch), Room 209, Rangoun Business Center, West Shwe Gone Daing Road, Bahan Township, Yangon. Phone: 095145328

## ပြင်ဆင်ဖတ်ရှုပါရန်

(၁-၈-၂၀၂၁) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၉ တွင် အများသိစေရန် ကြေညာခြင်း ခေါင်းစဉ်ဖြင့် ရွှေဘိုမြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၅)၊ အနောက်ဈေး(ခ)ရပ်၊ ဦးပိုင်အမှတ် (၇^ခ)၊ ရေိယာ (၀ ဒသမ ၀၃၅) ဧကကို (ဘိုးဘပိုင် အမည်ပြောင်းပေးရန်) ရွှေဘိုမြို့၊ အမှတ်(၄) ရပ်ကွက်နေ ဒေါ်ငွေးငွေးအစား ဒေါ်ငွေးငွေဟု ပြင်ဆင်ဖတ်ရှုပါရန်။

## စာအုပ်

## စာပေ

## လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ကျွန်စစ်သားလမ်း၊ မြေကွက်အမှတ်(၇၉၄/က)၊ အကျယ်အဝန်း (၂၀ပေ X ၆၀ပေ) (၁၂၀၀-စတုရန်းပေ) (၀.၀၂၇၅ဧက) အကျယ်အဝန်းရှိ ဦးသန်းထွန်း (၁၂/ဥကမ(နိုင်)၀၇၀၆၇၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးသန်းထွန်း (၁၂/ဥကမ(နိုင်)၀၇၀၆၇၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
ဖုန်း .၀၉၄၂၁၇၄၆၉၇၄
အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။

## ဒေါ်သဲနန္ဒာအောင်(ဘ) ဦးအောင်စိန်နှင့် ဦးမျိုးစည်သူအောင်(ဘ)ဦးအောင်စိန်တို့ မောင်နှမ(၂)ဦးနှင့် သက်ဆိုင်သူအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)၊ (၁)ရပ်ကွက်၊ အမှတ်(၄)လမ်းမကြီး နေ ဒေါ်အိသဇင်မင်း(ဘ)ဦးသန်းဌေး ၁၂/ဥကမ(နိုင်) ၁၄၇၃၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သဲနန္ဒာအောင်နှင့် ဦးမျိုးစည်သူအောင်တို့ မောင်နှမ(၂)ဦးနှင့် သက်ဆိုင်သူအများသိစေရန် အောက်ဖော်ပြပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းအား ကွယ်လွန်သူများဖြစ်ကြသော ဒေါ်မြမြဝင်းနှင့် ၎င်း၏ခင်ပွန်း ဦးအောင်စိန်တို့က ငယ်စဉ်မွေးဖွားစဉ်ကတည်းက တူမအရင်းဖြစ်သူ ကျွန်မအား ကျွေးမွေးပြုစု၊ ပညာသင်ကြား၊ မိဘတို့တာဝန်ဖြင့် လက်ထပ်ထိမ်းမြားပေးသည်အထိ မိဘသဖွယ် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သော ကျွေးမိခင်၊ ဖခင်များဖြစ်ကြပါသည်။ ကျွန်ုပ်အမှုသည် ဒေါ်အိသဇင်မင်း၏ဖခင် ဦးသန်းဌေးသည် ဒေါ်မြမြဝင်း၏ မောင်အရင်းဖြစ်ပြီး ဒေါ်အိသဇင်မင်းအား မွေးဖွားပြီးနောက် ကွယ်လွန်သွားပါသည်။

ဦးအောင်စိန်နှင့် ဒေါ်မြမြဝင်းတို့က ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းအား ခေါ်ယူမွေးစားပြီးနောက် (၆)နှစ်ခန့်ကြာမှ သမီးဖြစ်သူ ဒေါ်သဲနန္ဒာအောင်နှင့် သားဖြစ်သူ ဦးမျိုးစည်သူအောင်တို့အား (၁)နှစ်ခြားပြီး မွေးဖွားသဖြင့် ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းနှင့် ဒေါ်သဲနန္ဒာအောင်၊ ဦးမျိုးစည်သူအောင်တို့ မောင်နှမ (၃) ဦးသည် ညီအစ်ကိုမောင်နှမအရင်းသဖွယ် နေထိုင်ကြပါသည်။

ယခုအခါ (၁၉-၈-၂၀၂၁)ရက်ပါ မြန်မာ့အလင်းသတင်းစာတွင် ဒေါ်သဲနန္ဒာအောင်၏ တရားလွှတ်တော်ရှေ့နေ ဦးမျိုးသိန်း၏ကြေညာချက်ကို သိရှိရပါသည်။ ထိုကြေညာချက်တွင် ဒေါ်မြမြဝင်း၏သမီး ဒေါ်သဲနန္ဒာအောင် တစ်ဦးတည်းကိုသာ ဖော်ပြထားသည်ကို တွေ့ရပါသည်။ ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်း၏ ကျွေးမိခင် ဒေါ်မြမြဝင်းနှင့် ဦးအောင်စိန်တို့မှ မွေးဖွားသောသားသမီးမှာ ဒေါ်သဲနန္ဒာအောင်နှင့် ဦးမျိုးစည်သူအောင်တို့ ဖြစ်ပါသည်။

ဒေါ်မြမြဝင်းသည် (၂၈-၇-၂၀၂၁)ရက်တွင် ကွယ်လွန်စဉ်က ကျန်ရစ်ခဲ့သော ဒေါ်မြမြဝင်း၏ လက်ရှိပစ္စည်းများဖြစ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၏ စာရွက်စာတမ်းများ၊ ရွှေ့ပြောင်းနိုင်သော လက်ဝတ်လက်စား ရွှေထည်များနှင့် ရွှေထည်ဘောက်ချာများ၊ ဘဏ်စာအုပ်များဖြစ်သော (၁) မြန်မာ့စီးပွားရေးဘဏ်(ဒေါ်မြမြဝင်းနှင့် ဒေါ်သဲနန္ဒာအောင်)အမည်ပါ ဘဏ်စာအုပ် (၂)ကမ္ဘောဇဘဏ်(ဒေါ်မြမြဝင်းနှင့် ဦးမျိုးဝင်းနိုင်) အမည်ပါ ဘဏ်စာအုပ်၊ (၃)ကမ္ဘောဇဘဏ် (ဒေါ်မြမြဝင်း)အမည်ပါ ဘဏ်စာအုပ်၊ (၄) ကမ္ဘောဇဘဏ်(ဒေါ်မြမြဝင်းနှင့် ဒေါ်သဲနန္ဒာအောင်) အမည်ပါဘဏ်စာအုပ်၊ (၅) ရောဝတီဘဏ်(ဒေါ်မြမြဝင်း)အမည်ပါဘဏ်စာအုပ်တို့ဖြစ်ပါသည်။

ဒေါ်မြမြဝင်းသည် ကိုဗစ်-၁၉ ရောဂါဖြစ်သည့်နေ့ (၁၂-၇-၂၀၂၁)ရက်မှ ကွယ်လွန်သည့်နေ့ (၂၈-၇-၂၀၂၁) ရက်ထိ ဆေးကုသကုန်ကျစရိတ်နှင့် သင်္ဂြိုဟ်စရိတ်စုစုပေါင်း ကုန်ကျငွေ ၅၂၈၃၆၀၀/-ဖြစ်ပါသည်။ ဒေါ်မြမြဝင်း၏ သမီးဖြစ်သူ ဒေါ်သဲနန္ဒာအောင်နှင့်သားဖြစ်သူ ဦးမျိုးစည်သူအောင်မှ ပို့ငွေစုစုပေါင်း ၃၀၆၀၀၀၀/-နှင့် ဒေါ်အိသဇင်မင်း၏ စိုက်ထုတ်ငွေသိန်း(၅၀)နှင့် စုစုပေါင်း ၈၀၆၀၀၀၀/-ဖြစ်ပါ သည်။ အောက်ဆီဂျင်အိုးနှင့် ဆေးများ ပြန်ရောင်းငွေနှင့် ကျန်ငွေစုစုပေါင်းမှာ ၃၃၈၆၄၀၀/-ဖြစ်ပါသည်။ ထိုငွေကိုလည်း ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းထံတွင် ထိန်းသိမ်းထားပါသည်။

ဒေါ်အိသဇင်မင်းသည် ကျွေးမိခင် ဒေါ်မြမြဝင်း၏ ကျန်ရစ်ခဲ့သောပစ္စည်းများကို သမီးဖြစ်သူ ဒေါ်သဲနန္ဒာအောင်နှင့် သားဖြစ်သူ ဦးမျိုးစည်သူအောင်တို့အား ခွဲဝေပေးရန်အတွက် ၎င်းတို့အား အကြောင်းကြားပြီး ထိန်းသိမ်းထားပါသည်။ ထို့အပြင် ကွယ်လွန်သူ ဒေါ်မြမြဝင်း၏ ဘဏ်စာအုပ်အသီးသီးတွင် ပူးတွဲထည့်ဝင်ထားသူများ ရှိနေသောကြောင့် သက်ဆိုင်သူများအားလုံး မိသားစုစီမံခန့်ခွဲနိုင်ရန် ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းသည် ဒေါ်မြမြဝင်း၏ ကျွေးမွေးခဲ့သော ကျေးဇူးတရားများကို ထောက်ထားပြီး ဒေါ်သဲနန္ဒာအောင်နှင့် ဦးမျိုးစည်သူအောင်တို့အတွက် ကျွန်ုပ်အမှုသည် ဒေါ်အိသဇင်မင်းက သက်ဆိုင်သူတို့အကျိုးမဆုံးရှုံးစေအောင် တာဝန်အရထိန်းသိမ်းထားခြင်းဖြစ်ပါသည်။

ဒေါ်မြမြဝင်း၏ မရွှေ့မပြောင်းနိုင်သော ဂရန်မြေနှင့် မြေပေါ်ရှိလုံးချင်းနေအိမ်၊ မြေ(၂)ကွက်တွင် သုမိတ္တာ(၈)လမ်း မြေကွက်နေအိမ်အား ဒေါ်ရီစံကို နေထိုင်ခွင့်ပြုထားပြီး၊ သုမိတ္တာ(၂)လမ်းမြေကွက်နေအိမ်တွင် (ယခင်ချိတ်လုပ်ငန်း)ပေါ်တွင် အိမ်ငှားများတင်ထားပါသည်။ ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းမသိရှိဘဲ ထိုမြေကွက်(၂)ကွက်နှင့် လုံးချင်းနေအိမ်များကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းပေးကမ်းခြင်းများ မပြုလုပ်ရန် ကြေညာအပ်ပါသည်။

ထို့အပြင် အမှတ်-၄၄၄၊ မှန်ခန်း (ဘီ)၊ သုမိတ္တာ(၁၂)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ နေအိမ်တိုက်ခန်းနှင့် အမှတ်-၃၄၅၊ မှန်ခန်း(ဘီ)၊ မဥ္ဇူလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်တိုက်ခန်းတို့တွင် ငှားရမ်းနေထိုင်သူများသည် ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်း မသိရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းသည် ကွယ်လွန်သူ ဒေါ်မြမြဝင်း၏ ကျန်ရစ်ခဲ့သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို ဒေါ်မြမြဝင်းအား သာစဉ်၊ နာစဉ်ကွယ်လွန်သည်အထိ ဆေးဝါးကုသပြီး ကွယ်လွန်သည့် အချိန်တွင် မိသားစုတာဝန်အရ အထက်ပါပစ္စည်းများကို တရားဝင်အမွေဆက်ခံမည့်သူများလက်ထဲသို့ တရားဝင်ခွဲဝေခြင်းမရှိမီအချိန်တွင် ကျွန်ုပ်၏အမှုသည် ဒေါ်အိသဇင်မင်းသည်သာလျှင် ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းပြုလုပ်ခွင့်ရှိကြောင်း ဒေါ်သဲနန္ဒာအောင်နှင့် ဦးမျိုးစည်သူအောင်တို့ မောင်နှမ(၂)ဦးနှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသဇင်မင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်ဝင်း(လပွတ္တာ)**
**B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၆)**
**အမှတ်(၁၀/၁၂)၊ (ပ)ထပ်၊ (၃၅)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၅၂၃၂၉၅၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသည့် ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) တွင် ၂၅-၈-၂၀၂၁ရက်မှ ၇-၉-၂၀၂၁ရက်အထိ နေ့စဉ် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီ (ရုံးချိန်)အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၈-၉-၂၀၂၁ရက် နံနက် ၁၁:၀၀နာရီတွင် တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် ကျော်လွန်ရောက်ရှိလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ) ဖုန်း-၀၄၃-၂၀၂၄၀၉၁၊ ၀၉-၆၈၇၉၀၂၇၁၇သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)**
**စက်ရုံစုရပ်ကွက်၊ တပ်ထိန်းအနီး၊ စစ်တွေမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါပြောင်းလဲဖွင့်လှစ်ခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၆-၈-၂၀၂၁ရက်တွင် ခေါ်ယူရောင်းချမည့် အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)မှ ယူရီးယား တန် ၃၀၀၀ နှင့် အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)မှ ယူရီးယား တန် ၃၀၀၀ တင်ဒါများအား ၉-၉-၂၀၂၁ရက် သို့ လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ၂-၉-၂၀၂၁ရက်တွင် (ဓာတ်ဆီ) ၂၀၀၀၀၀၀ ဂါလန် (ဂါလန်နှစ်သန်းတိတိ)နှင့် (စီဂျီအို) ၅၀၀၀၀၀ ဂါလန် (ဂါလန်ငါးသိန်းတိတိ)တို့ကို ရောင်းချမည့်တင်ဒါအား ၇-၉-၂၀၂၁ ရက်သို့လည်းကောင်း၊ ပြောင်းလဲဖွင့် လှစ်ခေါ်ယူမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင် ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ် (၂)ရပ်ကွက်၊ (၂)လမ်း၊ အိမ်အမှတ် (၂၁၆)တွင် နေထိုင်သူ ကျွန်မ ဒေါ်စုမြတ်မွန် ၁၄/မမန(နိုင်)၂၈၆၀၆၂ ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ အေ-၄လမ်းနေ အဖ-ဦးသက်ကို ၏သား၊ ဦးအောင်ရဲသူ ၁၄/မမန(နိုင်)၁၈၆၄၉၂ ကိုင်ဆောင်သူနှင့် ကျွန်မ ဒေါ်စုမြတ်မွန်တို့သည် လွန်ခဲ့သော ၂၈-၆-၂၀၁၅ ရက်နေ့တွင် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။

ကျွန်မနှင့် ဦးအောင်ရဲသူတို့သည် ၁၅-၁-၂၀၂၀ ရက်က အသိသက်သေများရှေ့တွင် လင်မယားကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ချုပ်ဆိုကာ တရားဝင်အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီး သီးခြားစီနေထိုင်ခဲ့ကြပါသည်။ ယင်းနောက်ပိုင်း ထပ်မံပေါင်းသင်းခြင်းလဲမရှိခဲ့ပါ။

သို့ပါ၍ ကျွန်မနှင့် ဦးအောင်ရဲသူတို့သည် တရားဝင်အကြင် လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စုမြတ်မွန်**
**၁၄/မမန(နိုင်)၂၈၆၀၆၂**
**အမှတ် (၂၁၆)၊ (၂)လမ်း၊ (၂)ရပ်ကွက်၊ မြောင်းမြမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ 132/33/11kV,30MVA Three Phase Transformer(1)No အား အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံမှ သာစည်ပင်မဓာတ်အားခွဲရုံသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)သို့ တင်ဒါပိတ်ရက် ၇-၉-၂၀၂၁ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Covid-19 ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီ(၁)ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ပစ္စည်းဟောင်းများရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ ပစ္စည်းဟောင်းများ (၅) မျိုးအား တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၈-၂၀၂၁ရက်မှ ၈-၉-၂၀၂၁ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာနှင့်** - ပန်းဥယျာဉ်နှင့် အားကစားကွင်း များ ဌာန

**တင်သွင်းရမည့်နေရာ** - (ဦးဥတ္တမပန်းခြံ) ဒဂုံမြို့နယ်

(ဂ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်-** ၁၀-၉-၂၀၂၁ရက်၊ ၁၆:၃၀နာရီ

၂။ တင်ဒါစည်းကမ်းနှင့်အသေးစိတ် အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန (ဦးဥတ္တမပန်းခြံ)၏ တယ်လီဖုန်းအမှတ် (ဖုန်း-၀၉-၅၀၄၉၀၇၁)နှင့် ဖုန်း-၀၉-၄၅၅၂၀၃၇၄၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
မြန်မာ့အလင်းသတင်းစာတွင်
ကြော်ငြာစို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ အလှူရှင်စာရင်း

၁၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အရာရှိ စစ်သည်မိသားစုများ — နေပြည်တော် — ၃၀၀၀၀၀၀၀
(ဂန္ဓကုဋိတိုက်နှင့် ဂန္ဓကုဋိတိုက်ဆိုလာ ဒုတိယအကြိမ်လှူဒါန်း)
၁၀၂၇။ ဦးလှမိုး+ဒေါ်ကြည်ကြည်မေမိသားစု — ရန်ကုန်မြို့ — ၆၈၀၀၀၀၀
၁၀၂၈။ ဦးခေမာစာရ — ရန်ကုန်မြို့ — ၅၀၀၀၀
၁၀၂၉။ ဒေါ်ဥတ္တရစာရီ — ရန်ကုန်မြို့ — ၅၀၀၀၀
၁၀၃၀။ ဒေါ်ဂုဏဝတီ — ရန်ကုန်မြို့ — ၅၀၀၀၀
၁၀၃၁။ ဒေါ်ကုလဝံသ — ရန်ကုန်မြို့ — ၅၀၀၀၀
၁၀၃၂။ ဒေါ်မြင့်မြင့်ထွေး(၆၂ နှစ်ပြည့်မွေးနေ့အလှူ) — နေပြည်တော် — ၃၀၀၀၀၀
၁၀၃၃။ နှစ်ဖက်သောမိဘများအားအမှုထား၍ ဦးလှဇင်+ဒေါ်လှလှငြိမ်းမိသားစု — အင်ပူမြို့ — ၂၀၀၀၀၀
၁၀၃၄။ ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီး ကျော်မိုးဝင်းအားရည်စူး၍ ဇနီး ဒေါက်တာဒေါ်နှင်းအိလှိုင်ဆွေ (ဒုတိယညွှန်ကြားရေးမှူး၊ ကုသရေးဦးစီးဌာန)ကောင်းမှု — မန္တလေးမြို့ — ၇၀၀၀၀၀
(မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-စကျင်မြန်မာမှုပါ ၁ ခု လှူဒါန်း)
၁၀၃၅။ ဦးမျိုးမြင့်+ဒေါ်မြမြသူ (ဝါစက်မှုဟောင်းမိသားစု) — မလှိုင်မြို့ — ၂၀၀၀၀၀
(ကြွေပြား ၁ ကျင်းလှူဒါန်း)
၁၀၃၆။ ဦးရဲဝင်း(ထွေအုပ်ဝန်ထမ်းအိမ်ရာ) — တောင်ကြီးမြို့ — ၁၀၀၀၀၀
၁၀၃၇။ ဦးမင်းလွင်+ဒေါ်ခင်သန်းမြင့် — ဘီးလင်း — ၅၀၀၀၀၀
၁၀၃၈။ ဦးမြအောင်+ဒေါ်ကြူကြူစန်း — ဘီးလင်း — ၅၀၀၀၀
၁၀၃၉။ ဦးမြသိန်း+ဒေါ်မုန်း — ဘီးလင်း — ၂၀၀၀၀
၁၀၄၀။ ဦးဖိုးရှယ်+ဒေါ်ခင်မာချို — ရန်ကုန်မြို့ — ၁၂၀၀၀၀
(Garden Light ၁ တိုင်လှူဒါန်း)
၁၀၄၁။ Telecom International Myanmar Co.,Ltd — ရန်ကုန်မြို့ — ၃၀၀၀၀၀၀၀
(ဂန္ဓကုဋိတိုက်နှင့် ဂန္ဓကုဋိတိုက်ဆိုလာ ပထမအကြိမ်လှူဒါန်း)
၁၀၄၂။ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်လွင်+ ဒေါ်နန်းမွန်မွန်ခင် — ရန်ကုန်မြို့ — ၅၀၀၀၀
၁၀၄၃။ ဒေါ်စန်းစန်းနွယ်အားအမှုထား၍ ဒေါ်သန္တာမွန်မိသားစု — နေပြည်တော် — ၅၀၀၀၀
၁၀၄၄။ ဖခင်ကြီး ဦးသိန်းတန်အားရည်စူး၍ ဒေါ်စန်းစန်းနွယ်မိသားစုကောင်းမှု — နေပြည်တော် — ၃၀၀၀၀
၁၀၄၅။ မိဘဘိုးဘွားများနှင့်သားကြီး (ဦးကျော်တိုးထွန်း)အားရည်စူး၍ ဒေါက်တာသိန်းထွန်း+ ဒေါက်တာဒေါ်သန်းတိုးမိသားစုကောင်းမှု — ရန်ကုန်မြို့ — ၄၀၀၀၀၀
(မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှုလှူဒါန်း)
၁၀၄၆။ ကွယ်လွန်သူ ဗိုလ်ကြီးကျော်စိန်(ငြိမ်း) အားရည်စူး၍ ဇနီးဒေါ်ခင်ခင်ဦး(သမီး)မဝေဝေကျော် (သား)မောင်အောင်ဖြိုးကြွယ်၊ မောင်နေနီစိမ့်အောင်မိသားစုကောင်းမှု — ရန်ကုန်မြို့ — ၁၇၀၀၀၀၀
၁၀၄၇။ တပ်ကြပ်ကြီးထက်အောင်ရဲရင့်(ငြိမ်း)အား ရည်စူး၍ မဝေဝေကျော်ကောင်းမှု — ရန်ကုန်မြို့ — ၂၀၀၀၀
၁၀၄၈။ ဒေါ်သက်သက်ဦး — ရွှေညောင်မြို့ — ၁၀၀၀၀၀
၁၀၄၉။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဗိုလ်ချုပ်မြဝင်း(ငြိမ်း)နှင့်အမှုဆောင်အဖွဲ့ဝင်များ — နေပြည်တော် — ၅၀၁၀၀၀၀
(မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု၊ မဟာရံတံတိုင်းရှိထောင့်တိုင်နှင့် မြန်မာမှုတစ်ဖက်လှခြံစည်းရိုးလှူဒါန်း)
၁၀၅၀။ ဒုတိယဗိုလ်မှူးကြီးရွှေကို(ငြိမ်း)+ ဒေါ်ဘေဘီအောင်(သားငယ်)ကိုထွန်းပြည့်လင်းမိသားစု — ရန်ကုန်မြို့ — ၁၂၀၀၀၀
(Garden Light ၁ တိုင်လှူဒါန်း)
၁၀၅၁။ ဦးဇော်မင်း၊ ဒေါ်စန်းစန်းဦး၊ ဒေါ်စုစုဦး — ရွှေညောင်မြို့ — ၇၀၀၀၀
၁၀၅၂။ ဒေါ်ကြည်ကြည်ဦး — ရွှေညောင်မြို့ — ၁၀၀၀၀၀
၁၀၅၃။ ကွယ်လွန်သူဒေါ်စန္ဒာဦးအားရည်စူး၍ ဒေါ်ခင်ခင်ဦးကောင်းမှု — ရန်ကုန်မြို့ — ၁၀၀၀၀၀
၁၀၅၄။ ဦးကောင်းစိုး+ဒေါ်စိုးစိုးလတ် (အစ်မဖြစ်သူ)ဒေါ်ခင်ခင်ဦး — နေပြည်တော် — ၁၀၀၀၀၀
၁၀၅၅။ မိခင်ကြီးဒေါ်ရီအားရည်စူး၍ ဗိုလ်မှူးကြီးတင့်လွင်(ငြိမ်း)+ဒေါ်မြင့်စန်းရီသားသမီးမြေးတစ်စုကောင်းမှု — နေပြည်တော် — ၁၀၀၀၀၀
၁၀၅၆။ ကွယ်လွန်သူမိဘနှစ်ပါးနှင့် ဒေါ်ဆန်းဆန်းနွယ်အားရည်စူး၍ အဘွား ဘီးစွိမိသားစုကောင်းမှု — ဘုတ်ပြင်း — ၇၀၀၀၀၀
(မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း-စကျင်မြန်မာမှုပါလှူဒါန်း)
၁၀၅၇။ နှစ်ဖက်သောမိဘများနှင့် သားငယ်မောင်ထူးအောင်တို့အားရည်စူး၍ ဦးအောင်ဇော်+ဒေါ်ကြည်ကြည်ရွှေ မိသားစုကောင်းမှု — ရန်ကုန်မြို့ — ၁၀၀၀၀၀
၁၀၅၈။ ဗိုလ်ကြီးနန်းဦး — မြစ်ကြီးနားမြို့ — ၁၀၀၀၀
၁၀၅၉။ ဦးသောင်းဌေး+ဒေါ်ခင်မှီ — ရန်ကုန်မြို့ — ၃၀၀၀၀၀
၁၀၆၀။ ဦးမြင့်သိန်း(စစစ ဦးစီးအရာရှိ-ငြိမ်း)+ ဒေါက်တာဒေါ်မိမိခင်မိသားစု — ရန်ကုန်မြို့ — ၁၁၁၀၀၀
၁၀၆၁။ ဒေါ်စီစီအောင်၊ အထက်တန်းပြ အထက(၁)၊ မုဒုံ — မုဒုံမြို့ — ၁၂၀၀၀၀
(Garden Light ၁ တိုင်လှူဒါန်း)

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊
## လူမှုထူးချွန်ပထမဆင့်
# ဦးကိုကိုထွေး
## ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၁၉)နေ (သီရိသုဓမ္မမဏိဇောတဓရ ဦးသာဒင်-ဒေါ်အုန်းကျင်)တို့၏သား၊ (ဦးကြီးတင်-ဒေါ်ကျင်ထွေး)တို့၏သားသမက်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာ သောခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ ကျေးဇူးရှင်ချစ်လှစွာသောဖခင်ကြီး၊ ကေခိုင်မျိုး၊ စုသက်မျိုးတို့၏ကျေးဇူးရှင် ချစ်လှစွာသော အဘိုးဖြစ်သူ ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) ည ၉:၁၀နာရီတွင် နေအိမ်၌(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်ပထမဆင့်
## ဦးကိုကိုထွေး
### ဥက္ကဋ္ဌ
### တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
### အသက်(၆၇)နှစ်

သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးကိုကိုထွေးသည် ၂၃-၈- ၂၀၂၁ ရက် (တနင်္လာနေ့) ည ၉:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်ပထမဆင့်
## ဦးကိုကိုထွေး
### ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၁၉)နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ခင်ပွန်း အစာအိမ်အူလမ်းကြောင်းနှင့်အသည်းရောဂါဖောင်ဒေးရှင်း၏ ဂုဏ်ထူးဆောင်နာယကဖြစ်သူ ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) ည ၉:၁၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးကျော်စိုးထွန်း**
**ဥက္ကဋ္ဌ**
**အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း
## MGM HOTEL GROUP
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၁၇၆)နေ ဒေါ်ခင်အေးလွင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းထွဋ်ဦး+ ဒေါ်ခင်အေးချို၊ ဦးရဲထွန်း+ဒေါ်ဇာဇာစိုး၊ ဦးဖြိုးဝင်းရွှေ+ဒေါ်စုမွန်လှိုင် တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေး(၅)ယောက်တို့၏အဘိုးသည် ၂၀. ၈. ၂၀၂၁ (သောကြာနေ့)ညနေ(၄း၂၀)နာရီတွင် ထိုင်းနိုင်ငံ၊ ဘမ်ရွန်ဂရက်ဆေးရုံကြီး တွင်ကွယ်လွန်သွားပါသဖြင့် (၂၂. ၈. ၂၀၂၁)ရက် (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူ မိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်ပထမဆင့်
# ဦးကိုကိုထွေး
## ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော်အလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၁၉)နေ (သီရိသုဓမ္မမဏိဇောတဓရ ဦးသာဒင်-ဒေါ်အုန်းကျင်)တို့၏စတုတ္ထသား၊ ဦးသန်းအောင်-ဒေါ်ဆွေဆွေဒင်၊ ဦးလှဒင်-ဒေါ်ဖြူဖြူမာ၊ ဦးကိုကိုလေး-ဒေါ်သန့်ဇင်နွယ်၊ (ဦးခင်ဝင်း)-ဒေါ်သီတာသန်းတို့၏အစ်ကို၊ ညီ၊ မောင်၊ တူ၊ တူမ (၈)ယောက်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော ဦးလေးဖြစ်သူ ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) ည ၉:၁၀နာရီတွင် နေအိမ်၌(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်ကို မောင်နှမများ**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်ပထမဆင့်
# ဦးကိုကိုထွေး
## ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၁၇)နေ (ဦးကြီးတင်-ဒေါ်ကျင်ထွေး)တို့၏သားသမက်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဝင်း-ဒေါ်ကြည်ကြည်မြ၊ (ဦးသန်းငွေ-ဒေါ်ကြည်ကြည်လှ)၊ ဦးညွန့်မြင့်-ဒေါ်ခင်မြဆွေ၊ ဦးသိန်းဇော်-ဒေါ်ငွေငွေဝင်း၊ ဦးညွန့်ဝင်း-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်ဇေယျ-ဒေါ်ကြည်ကြည်လွင်၊ ဦးညွန့်သိန်း-ဒေါ်နီနီဝင်း၊ ဦးညွန့်သန်း-ဒေါ်စံပယ်စိုး၊ ဦးဝင်းမြင့်-ဒေါ်ဇာနည်မောင်မောင်တို့၏အစ်ကို၊ ညီ၊မောင်၊ တူ၊ တူမ ၁၉ယောက်တို့၏ဦးလေး၊ မြေး ၁၀ယောက်တို့၏အဘိုးဖြစ်သူ ကျေးဇူးရှင် ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) ည ၉:၁၀နာရီတွင် နေအိမ်၌(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၁ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်ကို မောင်နှမများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှမိုး(ခ)ဦးဝါဟုတ်(မော်လမြိုင်)
### Managing Director,
### Moe Kyaw International Construction Co.,Ltd
### အသက်(၆၈)နှစ်

မော်လမြိုင်မြို့နေ (ဦးမောင်ဆွန်း)-ဒေါ်ဂွန်ဖေ့တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးမြင့်ဝေ-(ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သီရိဂုဏ်အိမ်ရာနေ ဒေါ်ယဉ်ယဉ်ငွေ၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်ဇာဝင်း၊ ကိုအောင်ကိုဝင်း- မပန်းရောင်ကို၊ ကိုခင်ဇော်ဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရှိုင်းပြည့်၊ မောင်တံ့တံ့တို့၏ ချစ်လှစွာသောအဘိုး ဦးလှမိုးသည် ၂၄-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၉:၃၈နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား စိတ်နှလုံးညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်ပထမဆင့်
## ဦးကိုကိုထွေး
### ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၁၉)နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ခင်ပွန်း အစာအိမ်အူလမ်းကြောင်းနှင့်အသည်းရောဂါဖောင်ဒေးရှင်း၏ ဂုဏ်ထူးဆောင်နာယကဖြစ်သူ ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) ည ၉:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **အစာအိမ်အူလမ်းကြောင်းနှင့်အသည်းရောဂါဖောင်ဒေးရှင်း**

---

## ဦးတင်မျိုးနိုင်
### ဒုတိယညွှန်ကြားရေးမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
### ပြည်တွင်းအခွန်များဦးစီးဌာန
### လေ-၂၂၀၃၊ ဗိုလ်ကြီး (ငြိမ်း)၊ ဗသက-၈၈ (သီဟတပ်ခွဲ)
### အသက် (၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် (၁၆၇)နေ (ဦးကြင်သန်း)-ဒေါ်မြင့်စိန်တို့၏သားလတ်၊ (ဦးမောင်မောင်အောင်)-ဒေါ်သန်းမြင့်မော်၊ (ဦးသက်နိုင်ဦး)တို့၏ ညီ/မောင်၊ ဦးဝင်းသိန်းထွန်း-ဒေါက်တာသက်သက်နှင်း၊ ဒုတိယဗိုလ်မှူးကြီးဝင်းမိုးနိုင်-ဒေါ်ကေသီဝင်းတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေး/ဘကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် (၅၂၈)နေ ဒေါ်သူဇာသောင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မျိုးနိုင်သည် ၂၂-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ၄:၃၀ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ်စီးနင်း သူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ရွှေ

### အသက် (၈၉)နှစ်

ဦးလှမောင်ရွှေ (ဒုတိယဥက္ကဋ္ဌ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၏ဖခင်ကြီး ဦးကျော်ရွှေ အသက် (၈၉)နှစ်သည် ၂၃-၈-၂၀၂၂ရက် (တနင်္လာနေ့) ည ၀၉:၀၀နာရီကျော်တွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်**
**ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**

## ဦးခင်မောင်တင်

### Chief Radiographer (Asia Royal Hospital)

### President of MSMRT

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးလှဖေ-ဒေါ်ခင်ထွေး)တို့၏ သားလတ်၊ (ဦးခင်မောင်အေး)-ဒေါ်သန်းသန်း၊ (ဦးထွန်း စိန်-ဒေါ်မမကြီး)၊ (ဒေါ်လီလီ)တို့၏မောင်၊ (ဦးစိုးနိုင်)-ဒေါ်စန်းစန်း၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ (ဒေါ်စိန်လှ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မေမေတင်၊ ဦးသူရတင်(Chief officer)-ဒေါ်သန္တာပြည့်လှမောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ရဲစည်သူ-မလင်းနန္ဒီတို့၏ ချစ်လှစွာသောအဘိုး၊ မောင်မြတ်သူရလင်း၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးခင်မောင်တင်သည် ၂၃-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၈:၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင်ကျောင်း၊ ကျောင်းဝတ္တကမြေ အလှူ့ဒါယိကာမကြီး

## ဒေါ်ခိုင်ခိုင်(ခ)ဒေါ်စမ်းသီတာရွှေ

### B.A(Geog.),H.G.P

### အသက်(၅၃)နှစ်

ဦးတင်ဇော်ထူး၏ဇနီး၊ မောင်ကောင်းဇော်ထူး၊ မောင်ထက်ဇော်ထူး၊ မမေဇော်ထူးမွန်တို့၏မိခင် ဒေါ်ခိုင်ခိုင်(ခ)ဒေါ်စမ်းသီတာရွှေသည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စိမ်းရောင်စို မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင်ကျောင်း၊ ကျောင်းဝတ္တကမြေ အလှူ့ဒါယိကာမကြီး

## ဒေါ်ခိုင်ခိုင်(ခ)ဒေါ်စမ်းသီတာရွှေ

### B.A(Geog.),H.G.P

### အသက်(၅၃)နှစ်

ဦးတင်ဇော်ထူး၏ဇနီး၊ မောင်ကောင်းဇော်ထူး၊ မောင်ထက်ဇော်ထူး၊ မမေဇော်ထူးမွန်တို့၏မိခင် ဒေါ်ခိုင်ခိုင်(ခ)ဒေါ်စမ်းသီတာရွှေသည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃:၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Yellow Hands ကုမ္ပဏီ မိသားစု**

### ကျန်းမာရေးဝန်ကြီးဌာန

### မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် လိုအပ်သော ဆေးဝါးများ ဝယ်ယူရန်အတွက် မွန်ပြည်နယ်အတွင်းရှိ လိုင်စင်ရဆေးကုမ္ပဏီ/ဆေးဆိုင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၃-၈-၂၀၂၂ |
| **တင်ဒါပိတ်မည့်ရက်** | - ၆-၉-၂၀၂၂ |
| **တင်ဒါပိတ်မည့်အချိန်** | - ညနေ ၄:၃၀နာရီ |
| **ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်** | - ၀၅၇-၂၇၁၈၇ |

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**မွန်ပြည်နယ်-မော်လမြိုင်မြို့**

## ဒေါ်မေစန်းလှ

### အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

### မြို့နယ်ဒုဦးစီးဌာနမှူး(ငြိမ်း)

### အသက် (၆၈)နှစ်

အလုပ်သမားဝန်ကြီးဌာန၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးခင်မောင်စိုး၏ချစ်ဇနီး၊ ဦးကျော်မောင်မောင်စိုး- ဒေါ်သဇင်(ခေတ္တစင်ကာပူ)၊ ဦးဇော်မောင်မောင်စိုး (ကြက်တောင်မြန်မာ့လက်ရွေးစင်ဟောင်း)-ဒေါ်အိဆွေလွင်၊ ဦးဝင်းထွန်း-ဒေါ်မေသူဇာစိုး(ခေတ္တစင်ကာပူ)၊ ဦးထွေးမောင်မောင်စိုး(ကြက်တောင်နည်းပြ)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၅ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်မေစန်းလှသည် ၂၀-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာ အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မျိုးနိုင်

### ဒုတိယညွှန်ကြားရေးမှူး

### ပြည်တွင်းအခွန်များဦးစီးဌာန

### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မျိုးနိုင်သည် ၂၂-၈-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅)**
**ညွှန်ကြားရေးမှူးနှင့် မိသားစုများ**

## ဦးစိန်ပို (မြင်းမူ)

### ဥက္ကဋ္ဌ၊ နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ်

### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၉၀)၊ ပထမထပ်(ဝဲ)နေ ဒေါ်အေးအေး၏ခင်ပွန်း၊ ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်း၊နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးစိန်ပို (သာကစ္ဆာဓမ္မဇောတိကဓဇ)သည် ၂၂-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာသင်္ဂြိုဟ် ပြီးစီးပါကြောင်း အမှုဆောင်အသင်းဝင်များ အားသိစေအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီး ဇော်ဝင်းထွန်း(OTS-94)

### အသက်(၅၈)နှစ်

ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီး ဇော်ဝင်းထွန်းသည် ၂၀-၈-၂၀၂၂ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS-94 မှ သူငယ်ချင်းများ**

## ဦးဇော်ဝင်း [CHIEF ENGR; (F.G)]

### C.D.C 7500

### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ်(၆၈)နေ (ဦးလှရွှေ-ဒေါ်လှလှဝင်း)တို့၏သားကြီး၊ (ဦးမြင့်-ဒေါ်ညွန့်)တို့၏သားသမက်၊ (ဒေါ်မြင့်မြင့်သန်း(ခ)မော်လီမြင့်)(စက်မှု-၁၊စား/ကုန်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမြတ်အောင်၊ ဦးအောင်စိုးမိုး-ဒေါက်တာယဉ်နွယ်အောင်၊ ဦးရဲမင်းအောင်-ဒေါ်မင်းမင်းမြတ်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မမြင့်မြတ်ဝင်း၊ မောင်ကောင်းမြတ်ကျော်၊ မဆုလာဘ်မွန်တို့၏ အဘိုး၊ (ဦးအောင်ခိုင်)၊ ဒေါ်စန်းစန်းဝင်း(မန်နေဂျာ-ငြိမ်း၊အာမခံ)၊ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်၊ ဦးမျိုးဝင်း(ဒု/ညွှန်-တိုင်းရင်းသားကျေးရွာ)-ဒေါ်လှဲ့လှဲ့ဝင်း(မန်နေဂျာ-ငြိမ်း၊ အာမခံ)၊ ဦးကျော်ကျော်ဝင်း-ဒေါ်ချိုချိုတို့၏ အစ်ကိုကြီး၊ တူ၊ တူမ နှစ်ယောက်တို့၏ဘကြီး ဦးဇော်ဝင်းသည် ၁၆-၈-၂၀၂၂ရက်(တနင်္လာနေ့) ည ၇:၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၂၂ရက် (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဝင်း (Lily Aung)

### B.A (Burmese)

### ဦးစီးအရာရှိ(ငြိမ်း) ကညန

### အသက် (၆၇)နှစ်

(သခင်အောင်သွင်-ဒေါ်အုံးတင်)(မော်လမြိုင်)တို့၏ချစ်သမီးထွေး၊ ညီအစ်မ(၄)ယောက်တို့၏ ချစ်ညီမငယ်၊ ပုဇွန်တောင်မြို့နယ်နေ ဦးမျိုးခင်-ဒေါ်ခင်မျိုးကြွယ်၊ ရွှေပြည်သာမြို့နယ်နေ ဦးကေတီလိုင်းထန်-ဒေါ်မြမြဝင်း၊ ဒေါ်ခင်စန်းဝင်း၊ တာမွေမြို့နယ်နေ ဦးမျိုးအောင်-(ဒေါ်ငွေးငွေးရီ)၊ (U.S.A)နေ ဦးကျော်သက် (Jony Win)-ဒေါ်ဟန်သာ၊ ဦးမျိုးဟန်ကျော်(မိုးမိုး)၊ ဦးကြည်သာ (ခေတ္တထိုင်းနိုင်ငံ)၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်မေမီမိုးပွင့်ဖြူ (U.N.O.P.S)တို့၏ ချစ်လှစွာသော အန်တီအငယ်ဆုံးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ် (၅၇)နေ ဒေါ်ခင်ခင်ဝင်းသည် ၂၀-၈-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကိုယ်ခန္ဓာရုပ်ကလာပ်ကို ယင်းနေ့ညနေ ၃:၃၀ နာရီတွင် ကျီစုသုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးမျိုးတင့်

### သဃ်န်းကျွန်းစံပြဆေးရုံအုပ်ကြီး (ငြိမ်း)

### ရန်ကုန်တက္ကသိုလ်လှေလှော်အသင်း Captain (1955-56)

### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းနေ (ဦးချန်စိန်-ဒေါ်ချိန်ကင်း)တို့၏သား၊ (ဒေါက်တာဦးချန်တိတ်-ဒေါ်ခင်ဖွား)တို့၏သားသမက်၊ အမှတ် ၁၃၄(ဘီ)၊ သံလွင်လမ်းနေ ဒေါ်မြခိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမင်းဦး-ဒေါ်ကေသီ၊ ဦးခိုင်ထွန်းလင်း-ဒေါ်ပြုံးပြုံးခိုင်၊ ဦးခိုင်စိုး-ဒေါက်တာခိုင်ခိုင်မွန်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ Victor(ခ)ပြည့်စုံထွန်း၊ မသက်စုအေး၊ မခင်နှင်းစု၊ Zavier(ခ)ဇော်စိုး၊ Jaden(ခ)ဉာဏ်စိုးတို့၏ ချစ်လှစွာသောဘိုးဘိုး ဦးမျိုးတင့်သည် ၂၃-၈-၂၀၂၂ (တနင်္လာနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၂ တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင်ကျောင်း၊ ကျောင်းဝတ္တကမြေ

### အလှူ့ဒါယိကာမကြီး

## ဒေါ်ခိုင်ခိုင်(ခ)ဒေါ်စမ်းသီတာရွှေ

### B.A(Geog.),H.G.P

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၉၃)နေ (ဦးရွှေမြ)-ဒေါ်နုနုတို့၏သမီး၊ (ဦးတင်မောင်-ဒေါ်ခင်သန်းသန်း)တို့၏သမီးချွေးမ၊ ဦးတင်ဇော်ထူး၏ ချစ်လှစွာသောဇနီး၊ မောင်ကောင်းဇော်ထူး(Electrical and Electronic Engineering Coventry University)၊ မောင်ထက်ဇော်ထူး (Master of Business Administration, The University of Northampton)၊ မမေဇော်ထူးမွန်(BTEC Level 5 HND Diploma in Business, The University of Northampton) တို့၏ ချစ်လှစွာသောမိခင်သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးခဲ့ကြောင်းနှင့် ၂၆-၈-၂၀၂၂ရက် (ကြာသပတေးနေ့)တွင် နေအိမ်၌ တစ်လပြည့်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းမိတ်ဆွေများအားလုံးအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင်ကျောင်း၊ ကျောင်းဝတ္တကမြေ

### အလှူ့ဒါယိကာမကြီး

## ဒေါ်ခိုင်ခိုင်(ခ)ဒေါ်စမ်းသီတာရွှေ

### B.A(Geog.),H.G.P

### အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ (ဦးရွှေမြ)-ဒေါ်နုနု တို့၏သမီး၊ (ဦးကျော်မျိုး)-ဒေါ်မြင့်မြင့်နိုင်၊ ဦးကျော်ဝင်း-ဒေါ်စုစုလှဲ့ရည်တို့၏ညီမ၊ ဦးတင်ထွန်းအေး-ဒေါ်နီလာရွှေတို့၏အစ်မ၊ ဦးတင်ဇော်ထူး၏ဇနီး၊ မောင်ကောင်းဇော်ထူး၊ မောင်ထက်ဇော်ထူး၊ မမေဇော်ထူးမွန်တို့၏ မိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးခဲ့ကြောင်းနှင့် ၂၆-၈-၂၀၂၂ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၉၃)နေအိမ်၌ တစ်လပြည့်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းမိတ်ဆွေများအားလုံးအား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ

## ဦးကိုကိုထွေး

### (လူမှုထူးချွန်ပထမဆင့်)

### ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

### အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ် (၁၉)နေ (သီရိသုဓမ္မမဏိဇောတဓရ ဦးသာဒင်-ဒေါ်အုန်းကျင်)တို့၏သား၊ (ဦးကြီးတင်-ဒေါ်ကျင်ထွေး)တို့၏ သားသမက်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ကျေးဇူးရှင်ချစ်လှစွာသော ဖခင်ကြီး၊ ကေခိုင်မျိုး၊ စုသက်မျိုးတို့၏ ကျေးဇူးရှင်ချစ်လှစွာသောအဘိုးဖြစ်သူ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကိုကိုထွေး (လူမှုထူးချွန်းပထမဆင့်)သည် ၂၃-၈-၂၀၂၂ရက်(တနင်္လာနေ့)ည၉:၁၀နာရီတွင်ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုးမင်းဒင်၊ ဒေါ်အေးအေးမြင့်**
**အေးသီတာမင်းဒင်၊ ဥက္ကာမင်းဒင်**
**(Amazing Hotels & Resorts, Min Din Foundation မိသားစု)**

## သင့် သွေး ဖြင့် အ သက် ကယ် ပါ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မိုးညှင်းမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ လှိုင်ကော်မြို့နယ်၊ ကျွန်းလှမြို့နယ်နှင့် ချောင်းဆုံမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးဝန်ကြီးဌာန

အမိန့်အမှတ် ၃၃၃ /၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) **ကချင်ပြည်နယ်**
- (၁) မိုးညှင်းမြို့နယ်၊
- (၂) ဝိုင်းမော်မြို့နယ်၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၈ / ၂၀၂၁) ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၈/၂၀၂၁) ကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## လီဗာပူးကွင်းလယ်ကစားသမား ရှာကွီရီ လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့


ကွင်းလယ်ကစားသမား ရှာကွီရီ

ဆွစ်ဇာလန်ကစားသမား ရှာကွီရီသည် လီဗာပူးအသင်းမှ လိုင်ယွန်အသင်းထံသို့ ပေါင် ၉ ဒသမ ၅ သန်းဖြင့် အပြီးသတ် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၉ နှစ်အရွယ်ရှိ ရှာကွီရီသည် လီဂူးဝမ်းကလပ် လိုင်ယွန်အသင်းနှင့် သုံးနှစ်စာချုပ်ချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။

ရှာကွီရီသည် ယခုနှစ် အပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး ဝီအက်စ်ဂျီအသင်းထံသို့ ဝီလ်ဂျနေဒမ် ပြောင်းရွှေ့သွားပြီးနောက် လီဂူးဝမ်းကလပ်သို့ ပြောင်းရွှေ့သွားသည့် ဒုတိယမြောက် လီဗာပူးကစားသမားဖြစ်လာခဲ့သည်။ ရှာကွီရီသည် လီဗာပူးအသင်းသို့ ၂၀၁၈ ခုနှစ်တွင် စတုတ်အသင်းမှ ပေါင် ၁၃ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၆၂ ပွဲပါဝင်ကစားထားကာ ၁၅ ဂိုးသွင်းယူပေးထားသည်။

၎င်းသည် ပြီးခဲ့သည့်ရာသီ နည်းပြကလော့ပ် လက်ထက်၌ ပရီမီယာလိဂ်ပြိုင်ပွဲတွင် ငါးပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သည်။ *စာမျက်နှာ ၂၅ ကော်လံ ၃* ◆

**ယနေ့ သတင်းအညွှန်း**

ဩဂုတ် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၀၆ ဦး တွေ့ရှိ စာ - ၁၅

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင် ဆောင်ရွက်နေသူ မိုးညှင်းမြို့နယ် NLD ပါတီဝင်သက်ထားနှောင်း(ခ)သက်သူဇာခိုင်အား ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားမြို့တွင် ဖမ်းဆီးရမိ စာ - ၂၄

မိုင်းထောင်ဖောက်ခွဲ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ခဲ့သူများအား လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၉)ရပ်ကွက်၌ ဖမ်းဆီးရမိ စာ - ၂၅